# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ | ၂၀၂၁ ခုနှစ်၊ မတ် ၂၇ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၇၈)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ ပါဝင်တက်ရောက်မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာ့တပ်မတော်၏ (၇၆) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ ပါဝင်တက်ရောက်မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ထူးခြားသည့် နေ့အပူချိန်

| | | | |
|---|---|---|---|
| ၂၆-၃-၂၀၂၁ | | မန္တလေးမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၃ ဒီဂရီစင်တီဂရိတ် | မြင်းခြံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | တံတားဦး | ၄၁ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | (လေကြောင်းမိုးလေဝသ) | |
| အောင်လံမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | မင်းဘူးမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်းမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | ဂန့်ဂေါမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ရွှေဘိုမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် | ပေါက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် | တောင်ငူမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၉၇၉၅၂ ဦး၊ အတွင်းလူနာ ၄၁၀၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၅၄၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၄၁၉ ဦး၊ စုစုပေါင်း ၆၉၆၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၄၅၄ ဦးကို

*စာမျက်နှာ ၄ ကော်လံ ၆* ❂

**(၇၆) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။**

## ဘူမိဖဿမုဒြာ ဗုဒ္ဓမြတ်စွာဘုရားကြီး တည်ထားကိုးကွယ်ရာတွင် ကုသိုလ်ပါဝင်

ဗဟုနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။

မြတ်စွာဘုရားတို့သည် တစ်ဦးကောင်း၊ တစ်စုကောင်းအတွက် ပွင့်ပေါ်လာကြကုန်သည်မဟုတ်။ များစွာသော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ပွင့်တော်မူကြကုန်လေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်သည့်အချိန်မှစ၍ ပရိနိဗ္ဗာန်စံလွန်တော်မူချိန်အထိ ၄၅ ဝါပတ်လုံး လောက လူသားတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းတော်မူခဲ့သည်။ ဗုဒ္ဓ ဟောကြားခဲ့သည့် တရားဓမ္မတို့သည် အမျိုးဇာတိ၊ အသားအရောင် မခွဲခြားဘဲ လူသားတိုင်းအတွက်ဖြစ်သည်။ ဗုဒ္ဓသည် ကိလေသာ ကင်း၍ သန့်ရှင်းဖြူစင်သည့်ပုဂ္ဂိုလ်၊ သစ္စာလေးပါး မြတ်တရားတို့ကို ဖော်ထုတ်ပြသခဲ့သည့် ပုဂ္ဂိုလ်၊ မွန်မြတ်သည့် လမ်းစဉ် (အရိယာမဂ်)ကို ညွှန်ပြခဲ့သည့်ပုဂ္ဂိုလ်၊ အဝိဇ္ဇာဖုံးလွှမ်းနေသည့် ကမ္ဘာကို အလင်းရောင်ပေး၍ ငြိမ်းချမ်းစေသည့်ပုဂ္ဂိုလ်၊ လူသားတို့၏ ကျေးဇူးရှင်လည်းဖြစ်သည်။

ဤသို့လျှင် အကြီးမြတ်ဆုံးသော မဟာလူသား ဗုဒ္ဓ၏ တရားဓမ္မများသည် လူသားအားလုံးနှင့် သက်ဆိုင်သည့်အလျောက် ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ပြီးချိန်ကာလမှစ၍ ဓာတ်တော်မွေတော်များနှင့် စေတီများ၊ ထူပါများ တည်ထားကိုးကွယ်ခဲ့ကြသကဲ့သို့ ဗုဒ္ဓ၏ ရုပ်ပွားဆင်းတုတော်များကိုလည်း တည်ထားကိုးကွယ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များနေထိုင်ရာ တိုင်းပြည်နိုင်ငံများတွင် ဗုဒ္ဓဘာသာ စေတီပုထိုးများနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ကမ္ဘာ့နိုင်ငံများတွင် တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို လူအများစုက ကိုးကွယ်ယုံကြည်ကြသည့်အလျောက် စေတီပုထိုးနှင့် ဘုရားရုပ်ပွားတော်ကြီးများကို နိုင်ငံအနှံ့အပြားတွင် ဖူးမြင်ရသည့်နိုင်ငံ ဖြစ်သည်။

ခေတ်အဆက်ဆက် ဘုရားစေတီများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးများကို ကြည်ညိုသဒ္ဓါပွားဖွယ်ရာ တည်ထားခဲ့ကြသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူထားသည့်ကာလ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဦးဆောင်ဘုရားဒါယကာအဖြစ် ခံယူ၍ ကမ္ဘာပေါ်တွင် ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်နေရာတွင် တည်ထားကိုးကွယ်သွားမည်ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး တည်ထားရခြင်းမှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာသို့ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာစေရန်၊ ပြည်တွင်း ပြည်ပမှ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှု အထောက်အကူပြုရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်ဟူသော ရည်ရွယ်ချက်များနှင့် ဖြစ်သည်။

ဘူမိဖဿမုဒြာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရားသည် ဒါနပါရမီတော်ကို ဆင်ခြင်၍ သဗ္ဗညုတဉာဏ်ကိုရပြီးနောက် မဟာပထဝီမြေကြီးကို လက်တော်ဖြင့် သက်သေညွှန်းသောပုံတော်ဖြစ်၏။ ဘူမိဖဿမုဒြာကို မာရ်နတ်ကို အောင်တော်မူသည့်ဟန်-မာရဝိဇယဟန်ဟူ၍လည်း ဖွင့်ဆိုကြသည်။ မဟာယာန ဗုဒ္ဓဘာသာကျမ်းအရမူ အက္ခောဘယမုဒြာဟု ခေါ်ဆိုသည်ဟူ၍လည်း မှတ်သားရသည်။ မြန်မာ့ရိုးရာ ရုပ်ပွားဆင်းတုတော်များ ထုလုပ်ကြရာတွင် အခြေခံအားဖြင့် မုဒြာ ၅၀ ခန့်ကို အသုံးပြုလေ့ရှိကြသည်။ ဘူမိဖဿမုဒြာပုံတော်မှာ ထိုင်တော်မူဆင်းတုတော်၏ ဘယ်လက်ဖဝါးသည် ပက်လက်လှန်၍ တင်ပျဉ်ခွေပေါ်တွင် ထားရှိပြီး ညာလက်ဖဝါးမှာ ညာဘက်ဒူးပေါ်တွင် မှောက်လျက်ထားကာ လက်ချောင်းတော်များ အောက်ဘက်သို့ စိုက်နေသည့် လက်ဟန်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေး၊ ဒေသတိုးတက်စည်ကားရေးတို့အတွက် ဘေးရန်အပေါင်း မကောင်းမှုတို့ကို အောင်မြင်သည့် နိမိတ်ပုံ၊ အေးချမ်းသာယာမည့် နိမိတ်ပုံတို့ကို ဆောင်ကြဉ်းသည့် ဘူမိဖဿမုဒြာကျောက်ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရေးအတွက် ခုနစ်ရက်သားသမီးအပေါင်း သူတော်ကောင်းတို့က ဘုရားဒါယကာ ဒါယိကာမများအဖြစ် ခံယူကာ သဒ္ဓါတတ်စွမ်းသမျှ လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါကြောင်း။ ။

## ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ရမယ့်အချိန်



တိုင်းပြည်အခြေအနေကိုသာကြည့်ပြီး ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ရမယ့်အချိန်မှာ ခွက်စောင်းခုတ်ဝါဒတွေ ပေါ်လာတာတွေ့ရတယ်။ ဒီဟာက တိုင်းပြည်အားနည်းလာအောင်လုပ်တဲ့ နည်းဖြစ်တဲ့အတွက် တစ်နည်းနည်းနဲ့ ကာကွယ်ရမယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ ကန်တော်မင်ပန်းခြံတွင် ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

## (၇၈) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နွေအလှ

- တစ်နွေပျို၍
  လေကိုဆန်လျက် ၊ မောင်းနှင်ၾကတ်တို့
  တွဲယှက်သဏ္ဍာန် ၊ ဝဲလျက်ပျံသည့်
  လက်ပံဝေဖူး၊ ရွှေရည်လူးသော်
  နွေဦးလေပွေတသဲသဲ။
- နွေအကြိုတည့်
  မြေကိုရှိုက်နမ်း ၊ ခရီးလမ်းဝယ်
  ပန်းလိပ်ပြာသွင် ၊ လေကိုမင်၍
  ရွှေစင်တစ်ဝက် ၊ မြတစ်ဝက်ဖြင့်
  ရော်ရွက်ကြွေသည်တဖွဲဖွဲ။
- နွေညှို့သည်တည့်
  လှည့်လည်ဖွေမော ၊ အလွမ်းတောမှ
  သာမောရွှင်ချို ၊ ဥသြပျိုလည်း
  သံချိုသံလေး၊ သံငြိမ့်အေးနှင့်
  နွေတေးဝေ့လည်တဝဲဝဲ။
- နွေသမိုင်းတည့်
  ခေတ်ရိုင်းတော်လှန်၊ ခေတ်သစ်ဖန်လျက်
  နိုင်ငံတော်အတွက်၊ သွေးအသက်ကို
  ပေးဆက်မပြတ်၊ စွန့်လွှတ်အပ်သည့်
  တပ်မတော်သား၊ ဇာနည်ဖွားတို့
  စိတ်ထားခိုင်ကြည်၊ နီမြဲနီကြောင်း
  တိုင်းပြည်သာရေး၊ ထာဝရတွေးကြောင်း
  လေးနက်မှန်စွာ၊ မြတ်သစ္စာကြောင့်
  မြန်မာရွှေပြည်၊ သာစေမည်ဟု
  အောင်စည်အောင်မောင်း၊ ဖြိမ့်ဖြိမ့်ညောင်းသော်
  တပေါင်းနေက၊ ဦးခိုက်ရသည်
  မြန်မာ့အောင်လံနီရဲရဲ။ ။

(၇၈-နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုလျက်)

**စိုးမိုး(ပုသိမ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**


(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin အား ဂုဏ်ထူးဆောင်တံဆိပ် ဂုဏ်ပြုပေးအပ်စဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား "တိုက်ပွဲဝင် သွေးသောက်စိတ်မြင့်တင်မှု" ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

❖ *ရှေ့ဖုံးမှ*

ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် သမ္မတ၏ သတင်းပြန်ကြားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr.Pavel GUSEV၊ Head of Moscow Buddhist Society ဖြစ်သူ Mr. Bair B.TSYMPILOV၊ ရုရှားနိုင်ငံ စစ်ဘက်၊ အရပ်ဘက်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံစစ်သံမှူး Col Sergey S. KURCHENKO တို့ တက်ရောက်ကြသည်။

**ဝမ်းမြောက်စွာကြိုဆို**

တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့သည် ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်ခဲ့ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိသဖြင့် ယခုနှစ်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့်ပေါင်း၍ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ပါဝင်တက်ရောက်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ COVID-19 ရောဂါဖြစ်ပွားမှုများနှင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအကြားမှ ယခုကဲ့သို့ ပါဝင်တက်ရောက်ရန် လာရောက်ခြင်းကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံသည် အလှမ်းဝေးသော်လည်း တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားမှုများကို ပိုမိုခိုင်မြဲစေမည်ဖြစ်ပါကြောင်း ဦးစွာပြောကြားသည်။

**ဂုဏ်ပြုကြိုဆို**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဖြစ်သူ Army General Sergei Kuzhygetovich Shoigu ကလည်း မြန်မာ့တပ်မတော်၏ (၇၆)နှစ်မြောက် တပ်မတော်နေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကိုပေးအပ်လိုက်ပါကြောင်းနှင့် ကာကွယ်ရေးဝန်ကြီးကိုယ်စား မြန်မာ့တပ်မတော်၏ (၇၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုပါသည်ဟု ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ရှိမှုသမိုင်းကြောင်းကို လေ့လာခဲ့ရာတွင် မြန်မာ့တပ်မတော်၏ တည်ရှိမှုနှင့် များစွာဆက်နွှယ်နေသည်ကို လေ့လာတွေ့ရှိရပြီး မြန်မာ့တပ်မတော်မှ နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပ ရန်စွယ်မှန်သမျှကို ခေတ်အဆက်ဆက် မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းပြီး တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ တူညီမှုရှိပြီး တပ်မတော်နေ့ အကြိမ်အရေအတွက် များသည်လည်း တူညီမှုရှိကာ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၇၅) နှစ်မြောက် Victory Day of Great Patriotic War အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို အဆွေတော် ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် တက်ရောက် ချီးမြှင့်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

**ထိန်းကျောင်းလုပ်ဆောင်ခဲ့**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် က မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကို ပြန်ကြည့်မည်ဆိုပါက မြန်မာ့တပ်မတော်၏ အရေးပါမှုကို မြင်တွေ့နိုင်မည်ဖြစ်ပြီး လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းမှစ၍ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော်ကြီး မပြိုကွဲအောင် ခေတ်အဆက်ဆက် ထိန်းကျောင်းလုပ်ဆောင်ခဲ့ရသည်ကို မည်သူမျှငြင်း၍ရနိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ တောင်းဆိုမှုအရ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့သော်လည်း မျှော်မှန်းထားသကဲ့သို့ ဖြစ်မလာခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ဒီမိုကရေစီနိုင်ငံရေးကို လိုလားခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မရိုးသားသည့် နိုင်ငံရေးအဖြစ်ပုံဖော်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတော်၏အာဏာကို မတရားသောနည်းလမ်းများဖြင့် ရယူနိုင်ရန် လုပ်ဆောင်ခဲ့မှုများကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ရယူထိန်းသိမ်းခဲ့ရပါကြောင်း၊ ဖြစ်ပေါ်ခဲ့သည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အခြေအနေများကြောင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင် တည်ဆောက်ပြီးပါက ဒီမိုကရေစီလမ်းကြောင်းကို ပြန်လည်တည့်မတ်ပေးသွားမည်ဖြစ်ကာ အေးချမ်းတည်ငြိမ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ဆက်လက်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လေ့ကျင့်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် COVID-19 ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကာကွယ်ဆေးနှင့် နည်းပညာဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိမ်းဆည်းရမိခဲ့သည့် ဆူပူအကြမ်းဖက်လှုပ်ရှားမှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ် လက်နက်၊ ကိရိယာပစ္စည်းများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ရုရှားသတင်းမီဒီယာများက လေ့လာကြည့်ရှုမှုကို လိုက်လံရှင်းလင်းပြသစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးအား နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတည်တံ့ခိုင်မြဲရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ထူးဆောင်ဓားကို ဂုဏ်ပြုပေးအပ်သည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးက ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်တို့ကို "တိုက်ပွဲဝင် သွေးသောက်စိတ်မြှင့်တင်မှု" (For Strengthening of Combat Companionship-in-Arms) ဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် သိမ်းဆည်းရမိခဲ့သည့် ဆူပူအကြမ်းဖက်လှုပ်ရှားမှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ်လက်နက်၊ ကိရိယာပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသထားရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ရုရှားသတင်းမီဒီယာများက လေ့လာကြည့်ရှုခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြား

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် သမ္မတ၏ သတင်းပြန်ကြားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr.Pavel GUSEVနှင့် ရုရှားနိုင်ငံမှ သတင်းဌာနများအား နေပြည်တော်ရှိ ဆင်ဖြူတော်ဧည့်ရိပ်သာ၌ သီးခြားစီ လက်ခံတွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

ထိုသို့တွေ့ဆုံမေးမြန်းရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ရုရှား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ COVID-19 ရောဂါကာကွယ်တားဆီး ကုသရေးနှင့် ပတ်သက်၍ ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများနှင့် အခြားသိရှိလိုသည့်မေးမြန်းမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် သမ္မတ၏ သတင်းပြန်ကြားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr.Pavel GUSEV အား လက်ခံတွေ့ဆုံစဉ်။

*❂ ရှေ့ဖုံးမှ*

ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၆၇၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၁၂၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာ

ဆူပူဆန္ဒပြမှုဖြစ်စဉ်များ အားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှ တစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ် လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်း ကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေး ဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့်လက်နက်ကိုင် အကြမ်းဖက် သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထို့ပြင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းအား ပဉ္စမအကြိမ် ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

**ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းအား ပဉ္စမအကြိမ် ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မဟာမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။**



အခမ်းအနားသို့ လယ်ဝေးမြို့နယ် သံဃနာယက ဥက္ကဋ္ဌ မြို့ဦးဓမ္မာရုံဆရာတော် ဘဒ္ဒန္တအဂ္ဂစာရ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး လယ်ဝေးမြို့နယ် သံဃနာယကဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရား ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ် အပေါင်းတို့က အရိယာသာဝိတ္ထိဂါထာ၊ ဘုရား ဂုဏ်တော်ကိုးပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် ပါဝင်သော ရတနတ္တယပူဇာဂါထာများနှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်ပြီး ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဆင်းတုတော် အပိုင်း(၄)ကို လယ်ဝေးမြို့နယ် သံဃနာယက ဆရာတော်က ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရားဒါယကာများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၄)ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်တော်မူကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းခဲ့ရာ ဝတ်အသင်းများက အရပ်ဆယ်မျက်နှာ မေတ္တာပို့လင်္ကာများဖြင့် မေတ္တာဘာဝနာပွားများ ပူဇော်ခြင်းနှင့် အမျှပေးဝေခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ယနေ့ကြိုဆိုပင့်ဆောင်သည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၂)အရန် အလေးချိန် ၅၆၃ တန်နှင့် ဆင်းတုတော်အပိုင်း (၄)အလေးချိန် တန် ၈၀၀ ရှိပြီး အဆိုပါအစိတ်အပိုင်းများအား မတ်လ ၂၀ ရက်နေ့တွင် ဆီမီးခုံဆိပ်ကမ်းမှ Modular Trailer များဖြင့် ပင့်ဆောင်ခဲ့ကာ နေပြည်တော်ကောင်စီနယ်မြေ မင်္ဂလာနေရာသို့ မတ် ၂၅ ရက်တွင် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အမျိုးသားရေးတာဝန်ကျေပွန်လျက်ရှိသော တပ်မတော်

မောင်သောင်းဝင်း(တမန်ဟောင်း)

**နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုက်နက်နယ်မြေများ လက်လွတ်မဆုံးရှုံးရေး၊ ပြည်သူများ၏ ဘဝလုံခြုံရေး၊ အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် ပြည်တွင်း၊ ပြည်ပအန္တရာယ်ရန်စွယ်မှန်သမျှကို တိုက်ထုတ်ချေမှုန်းနိုင်ရေးအတွက် ခေတ်မီအင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်တစ်ရပ်ရှိနေရန် လိုအပ်ပေသည်။ ထိုဦးတည်ချက်များနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း မျိုးချစ်တပ်မတော်ကို ဖွဲ့စည်းထားရှိပြီး ခေတ်အဆက်ဆက်တွင် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။**




မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် မားမားမတ်မတ် ရပ်တည်ခဲ့သည့် သမိုင်းအထောက်အထားများ ခိုင်လုံစွာရှိနေသည်။ အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားတို့သည် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတို့ကို အသီးသီး ထူထောင်နိုင်ခဲ့ကြသည်။ ထိုစဉ်က ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြုလျက် သုံးကြိမ်တိုင်တိုင် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးများအဖြစ် ခံ့ညားထည်ဝါစွာ တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

## ပင်ပန်းကြမ်းတမ်းသောနေ့ရက်များ

သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် တိုင်းပြည်၏ အဓိကကာကွယ်ရေးအင်အားဖြစ်သော စစ်အင်အားချည့်နဲ့လာပြီး အဘက်ဘက်မှ ခေတ်နောက်ကျမှု အကျိုးဆက်ကြောင့် အချုပ်အခြာအာဏာကို ကိုလိုနီနယ်ချဲ့တို့၏ လက်ဝယ်သို့ ဝကွက်အပ်ခဲ့ရသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ရောက်ရှိမှသာ မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့သည်။ ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ်ကတည်းက အောက်မြန်မာနိုင်ငံကို စတင်ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ကြာမြင့်သည်။ ထိုကာလများသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအတွက် နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက် ကုပ်သွေးစုပ်မှုဒဏ်များကို ခါးစည်းခံခဲ့ရသည့် ပင်ပန်းကြမ်းတမ်းသောနေ့ရက်များပင် ဖြစ်သည်။

## တွန်းလှန်တိုက်ခိုက်ခဲ့

မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ပြည်ထောင်စုဖွားတိုင်းရင်းသား သူရဲကောင်းများသည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပြီ ဆိုကတည်းကပင် ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့တို့အား အသက်ပေးကာ နည်းလမ်းပေါင်းစုံဖြင့် တိုက်ထုတ်ခဲ့ကြသည်။ ထိုခေတ်က ဗိုလ်ရွှဲ၊ ဗိုလ်မင်းရောင်၊ ပုဂံဗိုလ်ချို၊ ဗိုလ်ဥတ္တမ၊ ဆရာစံ စသည့်ခေါင်းဆောင်များမှာ ထင်ရှားခဲ့သည်။ သို့သော် စနစ်တကျစုဖွဲ့လေ့ကျင့်တိုက်ခိုက်ခြင်းမျိုး မရှိခဲ့သဖြင့် တိုင်းပြည်အတွက် အသက်ကိုသာ စွန့်လွှတ်ခဲ့ကြရသည်။ ထို့နောက် တိုင်းရင်းသားများအကြား မျိုးချစ်စိတ်ဓာတ်နိုးကြားရှင်သန်လာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း စသည့် လူထုအခြေပြု အဖွဲ့အစည်းများဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့သည်။

## တပ်မတော်ဖွဲ့

ထိုစဉ်က တပ်မတော်၏ဖခင်လည်းဖြစ်သည့် အပြင် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာလည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးလျက် အမျိုးသားရေးလှုပ်ရှားမှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို တွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားအကူအညီရရှိရေးအတွက် ပြည်ပသို့ တိတ်တဆိတ် ထွက်ခွာခဲ့ရသည်။

ထို့နောက် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာ ပေးဆပ်တိုက်ခိုက်သွားမည်ဟု သစ္စာဆိုကာ လက်မောင်းသွေးဖောက်သောက်ခဲ့ကြသည်။ ထိုနေ့၌ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် ( Burma Independence Army–BIA )ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုတပ်မတော်သည် လက်ရှိ တပ်မတော်၏ မူလသန္ဓေပင် ဖြစ်သည်။ ထိုအချိန်က ဘီအိုင်အေ အင်အားသည် ၂၀၀ ကျော်ခန့်သာရှိသော်လည်း မြန်မာနိုင်ငံအတွင်း ချီတက်ရာလမ်းကြောင်း တစ်လျှောက် နေ့ချင်း၊ ညချင်း တစ်ဟုန်ထိုးအင်အားကြီးထွာလာခဲ့သည်။

## ပြင်ဆင်ဖွဲ့စည်းခဲ့ရ

ဘီအိုင်အေသည် နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်စဉ် မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်လူရွယ်များသည် လစာ၊ စရိတ်၊ အဆောင်အယောင်၊ ရိက္ခာ မည်သည့်အခွင့်အရေးမျှ ရစရာ၊ မျှော်လင့်စရာ မရှိမှန်းသိလျက်နှင့် နိုင်ငံ့လွတ်လပ်ရေးရရှိရေးအတွက် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ဖြင့် ဘီအိုင်အေထဲသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြပေသည်။ ဘီအိုင်အေသည် ခြောက်လအတွင်း အင်အား ၅၀၀၀၀ အထိတိုးတက်လာခဲ့သည်။ ထိုသို့အင်အားကြီးထွားလာမှုကြောင့် ဖက်ဆစ်တို့သည် ၎င်းတို့ကို ပြန်လည်တော်လှန် တိုက်ခိုက်လာမည်ကို စိုးရိမ်ကြသည့်အတွက် ဘီအိုင်အေကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army–BDA)အဖြစ် အင်အား ၃၀၀၀ လောက်ဖြင့်သာ ပြန်လည်ဖွဲ့စည်းခဲ့ရသည်။ နိုင်ငံတစ်နိုင်ငံအပေါ် ခြယ်လှယ်ချင်သူမှန်သမျှသည် တပ်မတော်အင်အားတောင့်တင်းသည်ကို လက်ခံနိုင်ခြင်းမရှိဘူးဆိုသည့် အချက်ကို သမိုင်းကသက်သေပြလျက်ရှိပါသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ရွှေရည်စိမ် လွတ်လပ်ရေးပေးကြောင်း ဖက်ဆစ်တို့က ကြေညာခဲ့သည်။ ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် BDA ကို Burma National Army–BNA အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရပြန်သည်။

တပ်မတော်သည် ဖက်ဆစ်အောက်၌ ညှဉ်းပန်းနှိပ်စက်ခံနေရသော ပြည်သူလူထုကို ကယ်တင်ရန်အတွက် ၁၉၄၃ ခုနှစ်ကတည်းက ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲရန် ကြိုးစားခဲ့ပေသည်။ မြန်မာ့နိုင်ငံရေးအင်အားစုများကိုပူးပေါင်းပြီး ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ရန် စွမ်းစွမ်းတမံစည်းရုံးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်များသည် ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာဖွဲ့စည်းခဲ့သည်။

## သမိုင်းဝင်နေ့

တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်၌ ရွှေတိဂုံဘုရားအနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ)တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ "**မြန်မာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ**" ဟု အလေးအနက်ထား ပြောကြားခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် ထာဝရထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ဆင်နွှဲခဲ့ပါသည်။ ထို့နောက် ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖက်ဆစ်တို့ထံမှ ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် BNA ကို ဗမာ့မျိုးချစ်တပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဘီအိုင်အေ၊ ဘီဒီအေက စတင်သန္ဓေတည်ခဲ့သည့် ဗမာ့မျိုးချစ်တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ လေ့ကျင့်မှုများဖြင့် ပြည့်ဝလာပြီး တစ်ပြည်လုံး အတိုင်းအတာဖြင့် ပါဝင်ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တပ်မတော်ပင် ဖြစ်နေပေသည်။ ပြည်သူလူထုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို အပြည့်အဝရရှိနေသည့်အတွက်လည်း ပြည်သူ့ တပ်မတော်အသွင်မျိုး ဖြစ်လာခဲ့သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တရားဝင်စစ်ကြေညာပြီး တော်လှန်ရေးကို ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သောနေ့ဖြစ်သည့် **မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်**သည်။ နှစ်စဉ် ထို့နေ့ထိုရက် ရောက်ရှိချိန်တွင် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုများပါဝင်သော တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိသည်။ ထိုမွန်မြတ်သော အစဉ်အလာများနှင့်အညီ ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ပြည်ထောင်စုတပ်မတော်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည့် (၇၆) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ယူဝင့်ကြွား ခမ်းနားထည်ဝါစွာ ကျင်းပပြီဖြစ်သည်။

## သမိုင်းပေးတာဝန်များ

မြန်မာ့သမိုင်းတွင် စိတ်မကောင်းစရာကောင်းသည့်အချက်မှာ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပြည်တွင်းသောင်းကျန်းမှုများလည်း ဖြစ်ပေါ်လာခဲ့ခြင်းပင် ဖြစ်သည်။ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ ပြည့်လွန်ကာလများတွင် ပြည်တွင်းရောင်စုံသောင်းကျန်းသူများက နေရာဒေသအသီးသီးကို သိမ်းပိုက်ထားခဲ့သည်။ ထိုစဉ်က အာဏာရဖဆပလအစိုးရသည် ရန်ကုန်မြို့ကွက်ကွက်ကလေး၌သာ အာဏာစက်ရှိခဲ့သည်။ သောင်းကျန်းသူများသည် ရန်ကုန်မြို့ကိုပင် သိမ်းရန်ကြိုးပမ်းလာသဖြင့် တပ်မတော်သည် ရှိသမျှအင်အားကို စုစည်း၍ သောင်းကျန်းသူတို့ ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသော မြို့များကို ပြန်လည် တိုက်ယူ၍ နိုင်ငံတော်ကိုကာကွယ်ခဲ့ရသည်။

ထို့အပြင် တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပကျူးကျော်သူ တရုတ်ဖြူများကိုလည်း ၁၉၅၂ မှ ၁၉၅၈ ခုနှစ်အထိ စစ်ဆင်ရေးကြီးများ ဆင်နွှဲပြီး မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ကာကွယ်ခဲ့ရသည်။ ထို့နောက် တပ်မတော်သည် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင်

*စာမျက်နှာ ၇ သို့*

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ (၁၆) ကြိမ်မြောက် ဩဝါဒခံယူပွဲကျင်းပ

**နေပြည်တော် မတ် ၂၆**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ (၁၆)ကြိမ်မြောက် ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်တော်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ဩဝါဒခံယူကြသည်။



ဩဝါဒခံယူပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်ကြီးတို့က ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

# "တပ်မတော်သည် ဖက်ဆစ်အောက်၌ ညှဉ်းပန်းနှိပ်စက်ခံနေရသော ပြည်သူလူထုကို ကယ်တင်ရန်အတွက် ၁၉၄၃ ခုနှစ်ကတည်းက ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲရန် ကြိုးစားခဲ့ပေသည်။ မြန်မာ့နိုင်ငံရေး အင်အားစုများကို ပူးပေါင်းပြီး ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ရန် စွမ်းစွမ်းတမံစည်းရုံးခဲ့"

နိုင်ငံတော်ကို "အိမ်စောင့်အစိုးရ" အဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ ဆောင်ရွက်ကာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးပြီး တက်ရောက်လာသော အစိုးရအဖွဲ့အား ဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှံပေးခဲ့သည်။

၁၉၆၂ ခုနှစ်တွင်လည်း အဘက်ဘက်မှ ယိုယွင်းချည်နဲ့၍ ချောက်ကမ်းပါးအတွင်း ကျရောက်အံ့ဆဲဆဲ နိုင်ငံတော်ကို ကယ်တင်ရန်အတွက် တပ်မတော်သည် "တော်လှန်ရေးကောင်စီ" ကို ဖွဲ့စည်းကာ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။ ထို့အပြင် ၁၉၈၈ ခုနှစ်တွင် ထိတ်လန့်ဖွယ်ကောင်းသည့် အရေးအခင်းများကြောင့် တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် "နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့"ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။

ထို့နောက် ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဟူ၍ ပြင်ဆင်ဖွဲ့စည်းကာ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းပြမြေပုံကို ချမှတ်ခဲ့သည်။ ထိုလမ်းပြမြေပုံနှင့်အညီ အမျိုးသားညီလာခံကြီး ကျင်းပပြီး အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ပြုစုနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ တပ်မတော်သည် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။ ထိုရွေးကောက်ပွဲများတွင် ရွေးချယ်ခံခဲ့ရသည့် ရွေးကောက်ခံအမတ်များဖြင့် လွှတ်တော်များ ခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်နေ့တွင် ဒီမိုကရေစီအစိုးရသို့ တိုင်းပြည်အုပ်ချုပ်ရေးအာဏာကို ညင်သာချောမွေ့စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။ ဆိုရလျှင် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းပင်ဖြစ်သည်။

ထို့အပြင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲကြီး၌ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်က အကြိမ်ကြိမ်တောင်းဆိုမှုကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ထမ်းဆောင်ခဲ့ရသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဦးတည်ချက် ၉ ရပ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ စင်စစ်အားဖြင့် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်း သောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် လက်ရှိအချိန်အထိ အမျိုးသားနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နေရဆဲပင် ဖြစ်သည်။

### ငြိမ်းချမ်းရေးတည်ဆောက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အချက်တစ်ချက်သည် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု ရှိနေရမည် ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ ၆ ရပ်ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ယနေ့ဆိုလျှင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (Nationwide Ceasefire Agreement – NCA) လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်သည်။ ထို့အပြင် လက်ကျန်အဖွဲ့များနှင့်လည်း သဘောတူညီချက်ရရှိရေးအတွက် စိတ်ရှည်သည်းခံသဘောထားကြီးစွာဖြင့် လိုက်လျောဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

မျက်မှောက်ကာလတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြသော ကမ္ဘာ့နိုင်ငံများအနက် အောင်မြင်မှုများရှိသလို ပြည်တွင်းစစ်မီးများ တောက်လောင်နေဆဲ နိုင်ငံများလည်းရှိကြသည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အစိုးရခေါင်းဆောင်များ ဖြုတ်ချခံရပြီး လက်ရှိအချိန်အထိ ခိုင်မာသော အစိုးရတစ်ရပ်ကိုပင် ဖွဲ့စည်းနိုင်စွမ်းမရှိကြသေးချေ။ ထိုနိုင်ငံများရှိ ပြည်သူများသည် နေအိမ်စွန့်ခွာကာ ရွှေ့ပြောင်းဒုက္ခသည်များအဖြစ် ရပ်တည်နေကြရပြီး ကျီးလန့်စာစားဘဝမျိုးမှပင် လွတ်မြောက်နိုင်ခြင်း မရှိကြသေးချေ။

အမှန်စင်စစ်မှာမူ ခိုင်မာသောတပ်မတော်တစ်ရပ်မရှိသည့် နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်စွမ်းမရှိကြချေ။ ပြည်သူများသည် ခိုကိုးရာမဲ့ ကျီးလန့်စာစားဘဝမျိုးဖြင့် နေ့စဉ်သတ်ဖြတ်နေကြရသည်။ ထိုနိုင်ငံများရှိ ကလေးသူငယ်များသည် အနာဂတ်ပျောက်ဆုံးလျက်ရှိသည်။ ထို့ကြောင့် မြန်မာ့တပ်မတော်ကို Patriotic Burmese Forces တစ်ရပ်အဖြစ် တည်ဆောက်ပြီး တိုင်းပြည်နှင့် လူမျိုးကို စစ်မှန်သောစေတနာဖြင့် ထာဝစဉ်စောင့်ရှောက်သွားရမည်မှာ ဧကန်မုချ လိုအပ်လျက်ပင်ရှိသည်။

### အမျိုးသားရေးတာဝန်ကျေပွန်လျက်ရှိသော တပ်မတော်

မည်သို့ပင်ဆိုစေကာမူ တပ်မတော်သည် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။ အထူးသဖြင့် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်အပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ဝေးလံခေါင်ပါးသည့် ကျေးလက်ဒေသနေ ပြည်သူများအား အိမ်တိုင်ရာရောက် ဆေးဝါးစောင့်ရှောက်မှုများပေးခြင်းနှင့် ပြင်းထန်သော ရောဂါခံစားနေရသူများကို ဆေးဝါးအထောက်အကူပြုပစ္စည်းများရှိသည့် တပ်မတော်ဆေးရုံကြီးများသို့ စရိတ်ငြိမ်းပြောင်းရွှေ့ကုသပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် တချို့သော ဆရာဝန်များ CDM လုပ်သွားသဖြင့် ပြည်သူ့ဆေးရုံများ ပိတ်ထားသည့်အချိန်တွင် တပ်မတော်မှ ဆရာဝန်များနှင့် သူနာပြုများသည်ပြည်သူများကို လိုအပ်သော ဆေးဝါးစောင့်ရှောက်မှုများ ပေးခဲ့သည်။ ထို့အပြင် နွေရာသီတွင် ရေရှားပါးမှုကြုံတွေ့ရသည့် ကျေးလက်ဒေသများအတွက် သောက်သုံးရေဖူလုံစွာ ရရှိရန် လှူဒါန်းဆောင်ရွက်ပေးမှုများ စသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကတည်းကပင် အစဉ်အလာကောင်းများနှင့်အညီ တိုင်းပြည်နှင့် လူမျိုးအကျိုးကို စစ်မှန်သောစေတနာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပါသည်။ ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားမည်မှာ အငြင်းပွားဖွယ်ရာမရှိသော အချက်ပင်ဖြစ်သည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝရထည်ဝါစွာ ရပ်တည်နိုင်ရန်သည် အင်အားတောင့်တင်းပြီး စည်းကမ်းပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ် ရှိနေရန် လိုအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထိုဂုဏ်အင်္ဂါရပ်နှင့် ပြည့်စုံသောတပ်မတော်တစ်ရပ်ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ထိုတပ်မတော်သည် ခေတ်အဆက်ဆက်တွင် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ခိုင်မာသော သမိုင်းအထောက်အထားများ ရှိနေသည်။ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် မြန်မာ့တပ်မတော်ကို Standard Army တစ်ရပ်အဖြစ် တည်ဆောက်လျက်ရှိပေသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပေသည်။ မည်သို့ပင်ဆိုစေကာမူ အစဉ်အလာကောင်းများရှိသော ပြည်ထောင်စု တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အမျိုးသားရေးတာဝန်များကို ဆက်လက် ကျေပွန်နေမည်ဟု ခိုင်မာစွာ ယုံကြည်မိပါကြောင်းဖြင့် (၇၆) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# သမိုင်းရေးတောင်းဆိုမှုအခြေအနေများနှင့် အမျိုးသားရေးလိုအပ်ချက်များအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသော မြန်မာ့တပ်မတော် (၃)

မောင်သမ္မာဒိဋ္ဌိ

**တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်**

မည်သည့်နိုင်ငံမဆို နိုင်ငံတစ်နိုင်ငံ၏ “အမျိုးသားစွမ်းအား” (National Power) ဆိုသည်မှာ (၁) နိုင်ငံရေးစွမ်းအား (Political Power)၊ (၂) စီးပွားရေးစွမ်းအား (Economic Power)၊ (၃) စစ်ရေးစွမ်းအား (Military Power)ဟူသော စွမ်းအားသုံးရပ်ကို စုစည်းခေါ်ဝေါ်ခြင်းပင်ဖြစ်ပါသည်။ ဤစွမ်းအားသုံးရပ်စလုံး တစ်ခုနှင့်တစ်ခု ဆက်နွှယ်ခိုင်မာစွာ အပြန်အလှန်အကျိုးပြုနေကြပြီး ဟန်ချက်ညီညီ တိုးတက်မှသာ ခိုင်မာတည်တံ့သော **“အမျိုးသားစွမ်းအား”** တိုးတက်လာမည် ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံရေးဘောဂဗေဒအမြင်အရ အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိကြသည့် တိုင်းရင်းသားပြည်သူတိုင်း ပြည်ထောင်စု ပြိုကွဲခြင်းကို လုံးဝမလိုလားကြပါ။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုလည်း မည်သို့မျှ အဆုံးရှုံးမခံနိုင်ကြပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမှုကိုလည်း လုံးဝလက်မခံနိုင်ကြပါ။ ထို့ကြောင့် ပြည်တွင်းပြည်ပမှ အဖျက်သမားမှန်သမျှကို တိုင်းရင်းသားပြည်သူတို့၏ ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ချေမှုန်းနိုင်ရန် အင်အားတောင့်တင်းသော ခေတ်မီတပ်မတော်ကြီးကို တည်ဆောက်ပြီး **“အမျိုးသားကာကွယ်ရေးစွမ်းရည်”** (National Military Power) မြင့်မားနေအောင် အမြဲမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤအချက်ကို (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက် (၄)ရပ်အနက် **“နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော် တည်ဆောက်ရေး”** ဟူသော ဦးတည်ချက်မှာ တိုင်းပြည်အင်အားရှိအောင်၊ တပ်မတော်အင်အားရှိအောင် ဆောင်ရွက်ကြရမည့် အမျိုးသားကာကွယ်ရေးတာဝန်ကြီးကို ရည်ညွှန်းချမှတ်ထားခြင်းပင် ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားကာကွယ်ရေးစွမ်းအား မြှင့်တင်နိုင်မှ တိုင်းပြည်အင်အားရှိမည်ဟူသော ဒိဋ္ဌဓမ္မတရားကို တိုင်းရင်းသားပြည်သူတိုင်း ခံယူသိရှိနေစေရန် ရည်ရွယ်ချက်ဖြင့် **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”** ဟူသော သီချင်းခေါင်းစဉ်ကို ကိုယ်တိုင်ရွေးချယ်ပြီး သီချင်းတွင်ပါဝင်ရမည့် တေးစာသားများကို ရေးသား၍ မျိုးချစ်ဂီတစာဆို ဆရာရွှေတိုင်ညွန့်ထံ ကိုယ်ရံတော် ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)ကို စေလွှတ်ကာ ရေးစပ်စေခဲ့သည်။ ထိုအချိန်က ဆရာရွှေတိုင်ညွန့်မှာ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည့်ကြားက ဗိုလ်ချုပ်လိုချင်သည့် တေးစာသားများကိုရေးစပ်ပြီး အသံထည့်လိုက်သော အခါ တေးစာသား၏ ဂုဏ်၊ တေးသွားတေးလာ ဂီတသံ၏ ဂုဏ်၊ တူရိယာများ၏ ဂုဏ်ဟူသော အင်္ဂါရပ်သုံးရပ်နှင့်ညီသော ဂန္ထဝင် အမျိုးသားကာကွယ်ရေးဆိုင်ရာ တေးတစ်ပုဒ်အဖြစ် ယခုတိုင် ရှင်သန်ကျော်ကြားဆဲ၊ နောင်လည်း အစဉ်ရှင်သန်နေမည်သာဖြစ်သည်။

ဗိုလ်ချုပ်သည် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အမြဲတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အင်အားရှိနေရေးနှင့် စပ်လျဉ်း၍ ၁၉၄၃ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်းပြောကြားခဲ့ရာ၌ ဗိုလ်ချုပ်က–

**“မြန်မာပြည်ကာကွယ်ရေးလို့ ကျွန်တော်တို့ ဘာ့ကြောင့်ပြောသလဲ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံကို မချဲ့ချင်ဘူး။ မြေတွေကိုလည်း တိုက်ပြီးမယူချင်ဘူး။ ကျွန်တော်တို့ နယ်မချဲ့ချင်ဘူး။ ကျွန်တော်တို့ မြန်မာပြည်ကို ကာကွယ်ချင်တယ်။ ကျွန်တော်တို့နိုင်ငံ အမြဲတမ်းတောင့်တင်းနိုင်သမျှ တောင့်တင်းအောင်လုပ်မယ်။ မြန်မာပြည်ကို ကာကွယ်ဖို့ကျွန်တော်တို့ ဘာလိုသလဲ။ စစ်တပ်တွေ သေချာပေါက်လိုတယ်။ အဲ့ဒီတပ်တွေထဲမှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေပါတယ်။**

**မြန်မာပြည်ရဲ့ အဓိကလုပ်ငန်းဟာ ကာကွယ်ရေးပထမ၊ ကာကွယ်ရေးဒုတိယနဲ့ ကာကွယ်ရေး နောက်ဆုံးဖြစ်တယ်။ ကာကွယ်ရေးကို အခြေခံပြီး ကျွန်တော်တို့တတွေ နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမယ်။ အဲဒီနောက် မြန်မာပြည်ဟာ တောင့်တင်းခိုင်မာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမယ်။**

**ဒါ့ကြောင့် မြန်မာအမျိုးသားများက မြန်မာပြည်ကို ကာကွယ်ကြရမယ်။ ကျွန်တော်တို့ရဲ့မြေ တစ်လက်မကိုတောင် နောက်တစ်ကြိမ် ဓားပြတိုက်ယူခွင့်မပြုနိုင်ဘူး။ ပင်လယ်ကမ်းရိုးတန်းမှာ၊ တောင်တန်းတွေပေါ်မှာ၊ ချိုင့်ဝှမ်းတွေမှာ၊ လမ်းပေါ်မှာ၊ ရွာတွေမှာ၊ မြို့တွေမှာနှင့် အိမ်တိုင်း အခန်းတိုင်းမှာ နေထိုင်ကြတဲ့ မိန်းမတွေနဲ့ ကလေးတွေ အပါအဝင် ရှမ်း၊ ကရင်၊ ချင်း၊ ပလောင်၊ တိုင်းရင်းသားအားလုံး၊ ဓား၊ တုတ်၊ ရိုင်ဖယ်၊ လှံတွေစွဲကိုင်ပြီး နောက်ဆုံးအချိန်အထိ မြန်မာပြည်ကို ကာကွယ်ကြရမယ်။ သေမြေကြီး၊ ရှင်ရွှေထီး ဆိုတဲ့စကားအတိုင်း လုပ်ကြရမယ်”**ဟု လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

အလားတူ အရွယ်ရောက်သူတိုင်း နိုင်ငံတော်အတွက် စစ်မှုထမ်းဆောင်ရေးနှင့် စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ ညနေ ၆ နာရီ ၃၃ မိနစ်တွင် အသံလွှင့်မိန့်ကြားခဲ့ရာ၌လည်း ဗိုလ်ချုပ်က–

**“မြန်မာပြည်လွတ်လပ်ရေးရတဲ့အခါမှာ မြန်မာပြည်ကို ကာကွယ်ဖို့ မြန်မာတွေရဲ့ အဓိကတာဝန်ဖြစ်လာတယ်။ ဟိုတုန်းကလို အေးအေးဆေးဆေးမဖြစ်တော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ စစ်သားတွေလိုလာမယ်။ အဲဒီအခါ မြန်မာတိုင်း၊ အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနှင့်ပြည့်စုံသူတိုင်း စစ်မှုထမ်းဖို့လုပ်ရမယ်။ ခင်ဗျားတို့ တိုက်ချင်တိုက် မတိုက်ချင်လဲတိုက်ရမယ်။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်”** ဟု မိန့်ကြားခဲ့ပြီး ထိုမိန့်မှာချက်မှာ နိုင်ငံသူနိုင်ငံသားတိုင်း၏ မွေးရာပါ အမျိုးသားကာကွယ်ရေး တာဝန်တစ်ရပ်ဖြစ်သည်ကို လမ်းညွှန်မိန့်ကြားခဲ့ခြင်းပင် ဖြစ်ပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ –

**“တပ်မတော်အနေဖြင့် ၁၉၄၈ ခုနှစ်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရေးအတွက် ဝင်ရောက်ဖြေရှင်းပေးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံသည် မိမိတို့ထက် လူဦးရေများပြားသည့် နိုင်ငံများအကြားတွင် တည်ရှိသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အင်အားရှိရန်နှင့် အသင့်ဖြစ်အောင် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်တည်ငြိမ်ငြိမ်ဖြစ်သွားလျှင် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ရေး စဉ်းစားရမည်ဖြစ်၍ ကောင်စီဝင်များ လေ့လာကြစေလိုကြောင်း၊ သက်မှတ်ထားသည့် နိုင်ငံသားတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပုဒ်မ (၃၈၆) အရ စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းရန် တာဝန်ရှိကြောင်း”** စသဖြင့် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း (၈)၊ နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းကဏ္ဍ ပုဒ်မ (၃၈၆)တွင် – **“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်”** ဟူသော ပြဋ္ဌာန်းချက်မှာလည်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်း မွေးရာပါ အမျိုးသားကာကွယ်ရေး တာဝန်ရှိနေခြင်းကို ရည်ညွှန်းပြဋ္ဌာန်းထားခြင်းပင် ဖြစ်ပါသည်။

> **“ စိုက်ပျိုးရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ ဆည်တမံ ၁၉၀ အသစ်တည်ဆောက်၍ မြစ်ရေတင်စီမံကိန်း ၂၉၈ ခု၊ ကျေးလက်ဆည်ပေါင်း ၉၉၉ ခုကို တည်ဆောက်ပေးခဲ့သည်။ ယခင်က အသားတင် စိုက်ပျိုးမြေဧက(၁၉ ဒသမ ၉ သန်း) ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် (၂၉ ဒသမ ၃ သန်း) အထိ တိုးတက်လာ ခဲ့သည်။ မိုးစပါး စိုက်ဧကသည် ဧက(၁၁ သန်း) မှ (၁၆ ဒသမ ၈ သန်း) အထိ တိုးတက်ခဲ့ပြီး ယခင်က နွေစပါးမစိုက်နိုင်ခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် နွေစပါး (၃ ဒသမ ၄ သန်း)နှင့် အခြားသီးထပ်သီးနှံများပါ စိုက်ပျိုးလာနိုင်ခဲ့ကာ သီးနှံစိုက်စွမ်းအား(၁၅၇)ရာခိုင်နှုန်း တိုးတက်ခဲ့”**

**မြန်မာ့တပ်မတော်နှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်**

တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူခဲ့ပြီး အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားအားလုံး ဝိဝါဒကွဲပြားစရာမရှိသည့် အမျိုးသားရေးဝါဒအဖြစ် ချမှတ်ဖော်ဆောင်ခဲ့သည်။ နိုင်ငံတော်၌ တရားဥပဒေစိုးမိုးရန်နှင့် အေးချမ်းတည်ငြိမ်ရန် ပထမဦးဆုံး ဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းမှုနှင့် ချစ်ကြည်သွေးစည်းညီညွတ်မှုကို ဦးတည်ပြီး စိတ်ရှည်လက်ရှည် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် အပြန်အလှန်နားလည်မှုရရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကာ အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရေးကို အမျိုးသားရေးပန်းတိုင်အဖြစ် သတ်မှတ်ကာ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ် ဟူသော နိုင်ငံတော်ဦးတည်ချက် (၁၂) ရပ်ကို ချမှတ်ကာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စီးပွားရေး အကောင်အထည်ဖော်ဆောင်မှုတွင် သာဓကအားဖြင့် နိုင်ငံတစ်ဝန်းလုံး ပြန့်ကျဲနေသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စုစည်းပြီး ၂၀၀၈ ခုနှစ်တွင် စက်မှုဇုန် ၁၈ ဇုန် ဖြစ်ပေါ်လာကာ စက်ရုံအလုပ်ရုံများ တိုးတက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်၌ နိုင်ငံပိုင်စက်ရုံ ၆၄၂ ရုံနှင့် ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၅၀၀၀ ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် နိုင်ငံပိုင်စက်ရုံ ၇၉ ရုံနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံ ၈၀၀၀၀ ရှိလာ၍ စက်ရုံပေါင်း ၄၅၀၀၀ ကျော် တိုးတက်လာခဲ့သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးမှုနှင့် လိုက်လျောညီထွေစွာ စက်မှုလုပ်သားဦးရေ တိုးပွားလာခဲ့ရာ လယ်ယာလုပ်သား(၁၀ ဒသမ ၄ သန်းမှ ၂၂ ဒသမ ၃ သန်း) သို့ နှစ်ဆကျော်အထိလည်းကောင်း၊ စက်ရုံလုပ်သား (၁ ဒသမ ၇ သန်းမှ ၄ ဒသမ ၈ သန်း)အထိလည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်သား(၃ ဒသမ ၈ သန်းမှ ၇ ဒသမ ၅ သန်း)အထိ တိုးတက်လာခဲ့ရာ စုစုပေါင်းလုပ်သားဦးရေ (၁၆ သန်းကျော်မှ ၃၄ ဒသမ ၀၇ သန်းကျော်)အထိ အလုပ်အကိုင်အခွင့်အလမ်းများ နှစ်ဆကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ ဆည်တမံ ၁၉၀ အသစ်တည်ဆောက်၍ မြစ်ရေတင်စီမံကိန်း ၂၉၈ ခု၊ ကျေးလက်ဆည်ပေါင်း ၉၉၉ ခုကို တည်ဆောက်ပေးခဲ့သည်။ ယခင်က အသားတင်စိုက်ပျိုးမြေဧက(၁၉ ဒသမ ၉ သန်း) ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် (၂၉ ဒသမ ၃ သန်း) အထိ တိုးတက်လာခဲ့သည်။ မိုးစပါးစိုက်ဧကသည် ဧက(၁၁ သန်း) မှ (၁၆ ဒသမ ၈ သန်း) အထိ တိုးတက်ခဲ့ပြီး ယခင်က နွေစပါးမစိုက်နိုင်ခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် နွေစပါး(၃ ဒသမ ၄ သန်း)နှင့် အခြားသီးထပ်သီးနှံများပါ စိုက်ပျိုးလာနိုင်ခဲ့ကာ သီးနှံစိုက်စွမ်းအား(၁၅၇)ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု သိရသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း ကွန်ရက်ယှက်သွယ်လမ်းတံတားများသည် လူမှုစီးပွား အခြေခံအဆောက်အအုံများအတွက်ဖြစ်သလို ပြည်ထောင်စုသားတစ်ရပ်လုံး ကူးလူးဆက်ဆံနိုင်မည့် ချစ်ကြည်ရင်းနှီးပေါင်းစည်းရေးဆိုင်ရာ လူမှုအဆောက်အအုံများအဖြစ် တည်ရှိလာခဲ့သည်။ ၁၉၈၈ ခု မတိုင်မီ မြစ်ကူးတံတားကြီး (၅)စင်းသာရှိခဲ့ပြီး ၂၀၀၈ ခုနှစ်အတွင်း မြစ်ကူးတံတားကြီး အစင်း ၂၀ အပါအဝင် ပေ ၁၈၀ အထက် ကားလမ်းတံတားပေါင်း ၂၁၉ စင်း၊ ရထားလမ်းတံတား ၃၄ စင်းကို ဆောက်လုပ်နိုင်ခဲ့သည်။

နိုင်ငံတော်တွင် အမျိုးသားစည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ အထူး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

ပညာရေးကဏ္ဍတွင် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် (၈၃)ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် (၉၄ ဒသမ ၃၅) ရာခိုင်နှုန်းအထိ လည်းကောင်း၊ အခြေခံပညာကျောင်း (၆၇၉၇) ကျောင်း၊ မူလတန်းလွန်ကျောင်း (၆၀၀၃) ကျောင်း အထိ လည်းကောင်း၊ ယခင်က တစ်နိုင်ငံလုံးတွင် တက္ကသိုလ်/ကောလိပ် (၃၂) ကျောင်းရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် (၁၅၆)ကျောင်းအထိ တိုးတက်လာခဲ့သည်ကို တွေ့ရှိရသည်။ ဤအချက်အလက်များမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(တပ်မတော်အစိုးရ) လက်ထက်၌ အဓိကကျသော ကိန်းဂဏန်းများကိုသာ ကောက်နုတ်၍ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းသာဓကအချို့ကို တင်ပြခြင်းဖြစ်ပါသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးမှုအရှိန်ရရှိလာသောအခါ ပြည်သူတို့၏ လိုလားချက်အတိုင်း ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် အမျိုးသားညီလာခံကြီးကို ကျင်းပကာ ရရှိခဲ့သော အခြေခံမူများနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းကာ ရေးဆွဲစေခဲ့ရာ ရရှိခဲ့သောအခြေခံမူများ၊ ဥပဒေရေးရာများကို အကြိမ်ကြိမ်အခါခါ ညှိနှိုင်းပြီး သဘောတူညီချက်ရရှိမှသာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို အတည်ပြုနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူတို့၏ သဘောထားတောင်းခံသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နှင့် ၂၄ ရက်နေ့တို့တွင် ကျင်းပခဲ့ရာ

*စာမျက်နှာ ၉ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

*စာမျက်နှာ ၈ မှ*

နိုင်ငံတစ်ဝန်းလုံး ဆန္ဒမဲပေးခွင့်ရှိသူ (၂၇၂၈၈၂၇) ဦးအနက် (၉၈ ဒသမ ၁၂)ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ယင်းဆန္ဒမဲပေးကြသူများနက် (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသဖြင့် ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၉-၅-၂၀၀၈ ရက်စွဲပါ ကြေညာချက်အမှတ် ၇/၂၀၀၈ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ) ဖော်ဆောင်ပေးခဲ့သော ဒီမိုကရေစီကျင့်စဉ်မှာ ပါလီမန်ဒီမိုကရေစီစနစ်မဟုတ်သလို ဆိုရှယ်လစ်ဒီမိုကရေစီလည်း မဟုတ်ပါ။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် (Genuine Discipline Multi-Party Democratic System)သာ ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒနှင့်အညီ ပေါ်ပေါက်လာခဲ့သော ပြည်ထောင်စုသမ္မတ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၏ ပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် (၂)ကြိမ်တိုင်တိုင် အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ပါသည်။

လွန်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် နေရာတိုင်း၌ အရုပ်ဆိုးလွန်းလှသည့် ဆန္ဒမဲမသမာမှုများ ဖြစ်ပေါ်လာခဲ့သည်။ အာဏာရပါတီအစိုးရသည် တစ်ပါတီအာဏာရှင်စနစ်ကို ပြောင်ကျကျ ကျင့်သုံးကာ မဲဆွယ်မှု၊ မဲပေးမှုဆိုင်ရာ မသမာမှုများမှာ ဖုံးမရ ဖိမနိုင်ဖြစ်လာခဲ့သည်။ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက် ပုံစံမျိုးဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကျင့်စဉ်ကိုပါ ဖျက်ဆီးခဲ့သောကြောင့် မဲစာရင်းလွဲမှား မသမာမှုများကို ပြန်လည်စိစစ်ပေးရန် နှုတ်ဖြင့်တစ်မျိုး၊ စာနှင့်တစ်ဖုံ တာဝန်အရှိဆုံးပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသို့ တင်ပြခဲ့သော်လည်း မဆောင်ရွက်သည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူပြီး အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မလုပ်ဆောင်လာကြသောကြောင့် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇၊ ၄၁၈၊ ၄၁၉ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ခေတ္တရယူခဲ့ရသည်။ ပြီးလျှင် ဦးတည်ချက် (၉)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ကို ချမှတ်ကာ ဆန္ဒမဲများကို ပြန်လည်စိစစ်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို ကျင်းပရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

ရလေလိုလေ အိုတန္ဆေဆိုသကဲ့သို့ မသမာသည့်နိုင်ငံရေးသမားများသည် ပြောတော့လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ကရားရေလွှတ် တတွတ်တွတ်ပြောပြီး လုပ်တော့ဒီမိုကရေစီ၏ လုံးဝဆန့်ကျင်ဘက်ဖြစ်သော အကြမ်းဖက်ရမ်းကား နှိပ်စက်အကျပ်ကိုင်မှုများနှင့် မင်းမဲ့စရိုက်ဖြစ်အောင် ဖန်တီးနေကြသည်။ ထိုအထဲတွင် အမျိုးသားသစ္စာဖောက်များ၊ အမေကျော် ဒွေးတော်လွမ်းသူများ၊ အနောက်မျှော်ဩဇာခံများသည် ရိုးသားသော လူငယ်လူရွယ်များနှင့် ဆိုးသွမ်းလူငယ်များကို သွေးထိုးလှုံ့ဆော်၍ အဖျက်မှိုင်းတိုက်ကာ အလုံးစုံ ပျက်စီးရေးလမ်းကြောင်းပေါ်သို့ တွန်းပို့နေသည်ကိုလည်း ရင်နင့်ဖွယ်တွေ့ရှိရသည်။ တာဝန်ရှိသူများကလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညင်သာစွာ ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိသဖြင့် အကြမ်းဖက်ဒုစရိုက်သမားများသည် နေလာလျှင် နှင်းပျောက်သွားသကဲ့သို့ ဘယ်သူမပြု မိမိမှုသာဖြစ်၍ တရားဥပဒေ၏ပြစ်ဒဏ်ကို ပြန်လည်ခံစားရမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

အချုပ်ဆိုရပါလျှင် အမိမြန်မာပြည်၏ "ပထဝီဝင်နိုင်ငံရေး" (Geo Politics)အခြေအနေများအရ လည်းကောင်း၊ သမိုင်းရေးတောင်းဆိုမှုများ၊ သမိုင်းအစဉ်အလာကောင်းများနှင့် အမျိုးသားရေးလိုအပ်ချက်များအရ လည်းကောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် အစဉ်ရှင်သန်နေစေရန်အတွက် လည်းကောင်း၊ မြန်မာ့တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် မဖြစ်မနေ ပါဝင်ဆောင်ရွက်နေရမည် ဖြစ်ပါသည်။ သို့မဟုတ်ပါက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့မှာ ဆူးကြား၌ ဘူးခါးသီးနေရသည့် အနိဋ္ဌာရုံအဖြစ်ဆိုးများနှင့် ကြုံတွေ့ကြရမည်မှာ သေချာလှသည်။

ရေဇလာမြင့်ပါမှ ရွှေကြာပွင့် တင့်တယ်လန်းဆန်းမည်ဖြစ်သကဲ့သို့ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဖြစ်ပါသည်။ ဤနေရာတွင်စပ်လျဉ်း၍ တပ်မတော်အင်အားမရှိလျှင် ဖြစ်ပေါ်လာမည့် အနိဋ္ဌာရုံဆိုးကျိုးတစ်ခုကို ရတနာပုံခေတ် နိုင်ငံရေးသုခမိန်ကြီး ယောမင်းကြီး ဦးဖိုးလှိုင်က "တိုင်းပြည်၌ စစ်သည်၊ လက်နက်အင်အားများ ပြည့်စုံခိုင်ခံ့နေလျှင် တစ်ပါးရန်သူတို့ ကြံစည်ဝံ့မည် မဟုတ်၊ စစ်အင်္ဂါငြိမ်းချမ်း၍ ပြည်သူပြည်သားများ ချမ်းသာစည်ကားရန် ဖြစ်ချေသည် သို့မဟုတ်က နှာခေါင်းရှည်ရှည်နှင့် လူမျိုးခြားတို့က ကျွန်ုပ်တို့၏ အမျိုးသမီးများကို နမ်းရှုံ့ခြင်းပြုလိမ့်မည်" ဟု သတိပေးပြောဆိုခဲ့သည်။ ဩဝါဒစကားမှာ အမျိုးသားကာကွယ်ရေးအသိနှင့် သတိကိုလက်ကိုင်ထားကာ အမျိုးသားကာကွယ်ရေး စွမ်းရည်ထက်မြက်၍ တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော် တည်ဆောက်၍ တိုင်းပြည်အင်အားရှိရေးကို လမ်းညွှန်ထောက်ပြသတိပေးခဲ့သည့် အဆိုအမိန့်ဖြစ်၍ လေးစားလိုက်နာဖွယ်ဖြစ်ပါသည်။

သို့ဖြစ်၍ (၇၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ ဖြစ်ကြသည့်-

(၁) အမျိုးသားမူဝါဒဖြစ်သော ဒို့တာဝန် အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး၊

(၂) သဘာဝဘေးအန္တရာယ် ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့် အခြေအနေ မည်သည့်အချိန်ခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး၊

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော် တည်ဆောက်ရေး

ဟူသော ဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ တာဝန်ရှိသူများအားလုံးနှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး "မှန်ကန်သောအသိ"၊ "မှန်ကန်သောခံယူချက်"၊ "မှန်ကန်သောရပ်တည်လုပ်ဆောင်ချက်" တို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းခရီးကို လျှောက်လှမ်းကြပါစို့ဟူ၍ အရေးထားလေးစားစွာဖြင့် ရေးသားရင်း (၇၆)နှစ်မြောက် တပ်မတော်နေ့ကို လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**အကိုးအထောက်**

(၁) အမျိုးသားနိုင်ငံရေး အမြင်မှန်လမ်းညွှန် (ပြန်ကြားရေးဝန်ကြီးဌာန-၁၉၉၉ ခုနှစ်)
(၂) ပြည်ထောင်စုစိတ်ဓာတ်(သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း-၂၀၀၁ ခုနှစ်)
(၃) တပ်မတော်ရွှေရတု(နှစ် (၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ-၁၉၉၅ ခုနှစ်)
(၄) မြန်မာ-အမေရိကန်ဆက်ဆံရေးသမိုင်း (လေ့လာသူတစ်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန- ၂၀၀၇ ခုနှစ်)

## အမျိုးချစ် တပ်မတော်

❖ ညီညွတ်ရေး အခြေခံ
မူအမှန် ကျင့်စဉ်သုံး၊
ပြည်သူဖွား ပြည်သားစစ်
ပြည်ချစ်ရာနှုန်း။

❖ မြဲအစဉ် အားအသစ်နဲ့
အမျိုးချစ် တပ်မတော်၊
များကျိုးပုံဖော်။
အရေးကြုံ သက်လုံကောင်းသမို့
သမိုင်းကြောင်း လှသနော်
မြတ်မဟော် နှလုံးသား၊
ရေရှည်မျှော်
ရွှေပြည်တော် အလှစစ်
ထွန်းသစ်ဆပွား။

❖ ချိန်အခါ ဘယ်မရွေး
သွေးချွေးအသက်နှင်းဆက်လှူ
ကြည်ကြည်ဖြူဖြူ။
သွေးစကားသက်သေထူ
များပြည်သူ ကောင်းစားရေး၊
စိတ်ဓာတ်ခိုင် ယိုင်မလဲ
မြဲမြံတယ်လေး။

❖ သည်မြို့ရွာ သည်ဒေသ
သည်အလှ သည်ရေမြေ၊
စိမ်းလန်းစိုပြည်။
ရင်မှာစွဲ မြဲတစေ
ဖွံ့ဖြိုးဝေ လွန်စည်ကား၊
ရဲသွေးလျှံ ရဲမာန်ဝင့်
(အလိုကွယ်) ထူးတင့်စေသား။ ။

ဖိုးယုန်

# ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ကလောမြို့ရှိ Kalaw Heritage Hotel သို့ သွားရောက်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်ထားရှိသော ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့ Travel life Gold ဆုရရှိထားသော Villa Inle Resort သို့သွားရောက်ကာ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော Enchanting Myanmar Health and Safety Protocols (HSP) နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားရှိသော ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်း Version များနှင့် အညီ ဧည့်သည်များ စိတ်ချမ်းမြေ့စွာဖြင့် လာရောက်တည်းခိုနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများ၊ ဟိုတယ်တွင်း သဘာဝနှင့် အစိမ်းရောင်ကို ဦးစားပေးပြီး ပလတ်စတစ်အသုံးပြုမှုလျှော့ချကာ Organic စိုက်ခင်းများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုခဲ့သည်။ ဆက်လက်၍ Aureum Palace Hotel သို့ သွားရောက်ကာ ဧည့်သည်များအတွက် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်နှင့်အညီ စနစ်တကျပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



### ညှိနှိုင်းဆွေးနွေး

ယင်းနောက် Aureum Palace Hotel အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ခံများနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုကို အခြေခံသည့် လုပ်ငန်းဖြစ်ပြီး နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံတကာကို မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှအပများကို ဖော်ကျူးကာ မိတ်ဆက်ချပြပေးသော ပြယုဂ်တစ်ခုပင် ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ပို့ဆောင်ရေး၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်း ရောင်းဝယ်ရေး စသော ကဏ္ဍပေါင်းစုံပါဝင်သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ အလွှာပေါင်းစုံမှ ပြည်သူများ အကျိုးကျေးဇူးများစွာကို ကိုဗစ်-၁၉ ကာလတွင် ဆုံးရှုံးနစ်နာမှုများစွာရှိခဲ့ပြီး ယခုအခါတွင် ကိုဗစ်-၁၉ ကို အထိုက်အလျောက် ထိန်းချုပ်နိုင်ပြီဟု ယူဆနိုင်သောကြောင့် မွန်းကျပ်နေသော ပြည်သူများအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ခရီးသွားလာနိုင်ရေး၊ လူထုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism (CBT) များကို ခရီးစဉ်ဒေသများတွင် ဆက်လက်အကောင်အထည် ဖော်သွားရန်နှင့် ပြည်သူများ စိတ်အပန်းဖြေနိုင်ရေး တို့အတွက် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍမှ လုပ်ဖော်ကိုင်ဖက်များက ဝိုင်းဝန်း ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း။

### ခရီးသွားလုပ်ငန်း မြှင့်တင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကလည်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍကို အလေးထားပါကြောင်း၊ ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဦးစားပေးစီစဉ်ပေးထားပါကြောင်း၊ ပြည်သူများ ခရီးသွားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို အထိုက်အလျောက် လျှော့ချပြီး ယာဉ်လိုင်းများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ပေးနေရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသာမက ပြည်သူလူထုလုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရဘက်ကလည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း နယ်ပယ်ရှိ ဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံနိုင်ရေး၊ ချေးငွေထုတ်ပေးထားမှုကို နောက်ထပ်(၆)လ ထပ်မံသက်တမ်းတိုးပေးထားပါကြောင်း၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ကိုဗစ်-၁၉ ကြောင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည့်မှာ (၁) နှစ်ခန့်ရှိခဲ့ပြီဖြစ်ကာ ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ပြည်တွင်းခရီးသွားလုပ်ငန်းကို ကနဦး ဦးစားပေးလုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားရမည့်အပြင် ဝန်ကြီးဌာနကလည်း Enchanting Myanmar Health and Safety Protocols (HSP) အတွက် သင်တန်းများပေးနေပြီး နိုင်ငံတကာနှင့်အညီ အဆင့်တံဆိပ်များ သတ်မှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းလေးဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အလေးထားဆောင်ရွက်သွားရန်နှင့် Hotel Guest List Management System ကို သုံးစွဲသွားကြရန် လိုအပ်ပါကြောင်းနှင့် ဝန်ကြီးဌာနမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ဧည့်သည်များ၏ လုံခြုံရေး၊ ကျန်းမာရေး၊ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ ချေးငွေကိစ္စ အခြေအနေများအားအသီးသီး ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

### အလှူငွေများ ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖောင်တော်ဦးရုပ်ရှင်တော် မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဖူးလာခရီးသွားများအတွက် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဘုရားဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံးတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအရ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအား ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ပုဂံ-မန္တလေး-ပြင်ဦးလွင်၊ ရန်ကုန်-ချောင်းသာ - ငွေဆောင်၊ ကလော - အင်းလေး - တောင်ကြီး-ပင်းတယ၊ ရန်ကုန်-ငပလီ ကဲ့သို့သော မြန်မာနိုင်ငံရှိ အထင်ကရ ခရီးစဉ်ဒေသများကို ပြည်သူများ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်သွားလာ လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ပြည်သူများ ခရီးသွားလာနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပြီးပါက လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကန့်သတ်ချက်များ ဖြေလျှော့ခြင်းများကို ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို မှီခိုအားထားနေသော ပြည်သူများစွာရှိနေသောကြောင့် ပြန်လည်ဖွံ့ဖြိုးလာပါက လူတန်းစားပေါင်းစုံ တိုက်ရိုက်အကျိုးခံစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ခရီးစဉ်ဒေသများ ဖွင့်လှစ်ရာတွင် ပြည်သူများအတွက် စိတ်အပန်းပြေစေနိုင်သော လည်ပတ်စရာနေရာများကိုလည်း ပြန်လည်ဖွင့်လှစ်ပေးသွားရန် လိုအပ်ပါကြောင်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း Community Based Tourism (CBT) ကိုလည်း ဆက်လက် အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ၏ လုံခြုံရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြားသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နေမှုများ၊ ခရီးသွားရွာ (၁၂) ရွာအပါအဝင် ခရီးစဉ်အသစ်များ ဖော်ဆောင်နေမှုများ၊ တောင်ကြီး-အင်းလေး-ပင်းတယ တစ်ဆက်တည်း ခရီးစဉ်သွားရောက်နိုင်သည့် အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။

### လှည့်လည်ဖူးမြော်

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ပင်းတယမြို့သို့ သွားရောက်ကာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း တို့လိုက်ပါပြီး ပင်းတယ ရွှေဥမင် လိုဏ်ဂူတော်ဘုရား လိုဏ်ဂူတော်အတွင်း လှည့်လည်ဖူးမြော်ခဲ့ကာ ဘုရားဖူးလာ ခရီးသွားများအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုခဲ့ပြီး ဘုရားဂေါပကထံသို့ အလှူငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ (Global Grace Pindaya) ဟိုတယ်ကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိမှုများ၊ ပြည်တွင်းခရီးသွား လုပ်ငန်းများ ပြန်လည်စတင်ချိန် ခရီးသွားဧည့်သည် အများအပြားလာရောက်ရာတွင် ကျန်းမာရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဝန်ဆောင်မှု အပြည့်အဝပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တွေ့ဆုံပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စတင်ဖွင့်လှစ်သွားနိုင်ရေး၊ ခရီးသွား ဆွဲဆောင်မှုနေရာများနှင့် ခရီးစဉ်ဒေသအသစ်များဖော်ဆောင်နိုင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန့်ကျင်ရမယ့် သူတို့ လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်လိုကြတယ်။ သတိထားပါလေ။**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မတ် ၂၆

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံက Virtual စနစ်ဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။**



ယခုနှစ် အာဆီယံအစည်းအဝေးများကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံက အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူ၍ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွက် အာဆီယံဆောင်ပုဒ်အဖြစ် "We Care, We Prepare, We Prosper" ကို ချမှတ်ထားသည်။ အစည်းအဝေးတွင် ယခုနှစ် ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် မတည်ငြိမ်မှုများ ရှိနေသေးသော်လည်း နိုင်ငံအလိုက် စီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေး အစီအမံများ၊ အထူးသဖြင့် ကာကွယ်ဆေးထိုးနှံခြင်းကဲ့သို့သော ကျန်းမာရေးဆောင်ရွက်ချက်များ၊ အာဆီယံနိုင်ငံများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရေး

ထို့ပြင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသစီးပွားရေးအတွက် အရေးပါသဖြင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို တွန်းအားပေး ဆောင်ရွက်နိုင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ချက်များ၊ ASEAN Blueprint 2025 အောက်မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ အာဆီယံနိုင်ငံများအတွင်း ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများကို ဆွေးနွေးကြသည်။ အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အာဆီယံဒေသတွင်း ငွေလုံးငွေရင်းစာရင်းဆိုင်ရာ ဖြေလျှော့ပေးမှုကိစ္စရပ်များ၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ဖြေလျှော့ပေးရေး ကိစ္စရပ်များ၊ အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူညီချက် အကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်လာနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရေးစနစ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ ပါဝင်သည်။

### ဘဏ္ဍာရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး

အဆိုပါ အစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေးတစ်ခုဖြစ်သော အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများနှင့် အမေရိကန်ပြည်ထောင်စု၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ အစည်းအဝေးကိုလည်း ယနေ့ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ Virtual အစီအစဉ်ဖြင့် ကျင်းပသည်။ အစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် Economic Stimulus Package အဖြစ် အမေရိကန်ဒေါ်လာ (၁ ဒသမ ၉) ထရီလီယံ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၏ အဓိကကုန်သွယ်ဖက် တစ်ခုဖြစ်သည့် အာဆီယံဒေသတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်သွားမည့် အစီအစဉ်များအပေါ် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးနှင့် လူမှုရေးထိခိုက်မှုများအပေါ် ဘဏ္ဍာရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံတွင် COVID-19 Economic Relief Plan (CERP) ချမှတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စီးပွားရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ယခုကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို မတ် ၃၀ ရက်တွင် ကျင်းပမည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ ဆက်လက်တင်ပြအတည်ပြု ဆောင်ရွက်မည်ဖြစ်သည်။

### ကမ္ဘောဒီးယားက လက်ခံကျင်းပမည်

ယခုအစည်းအဝေးသို့ အာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်တို့မှ ဒုတိယဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး လာမည့် ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို အိမ်ရှင်အဖြစ် အလှည့်ကျသည့် ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ US Treasury - အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးနှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေးသို့တက်ရောက်

နေပြည်တော် မတ် ၂၆

US Treasury – အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။






အစည်းအဝေးသို့ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကမ္ဘာ့တစ်ဝန်း စီးပွားရေး ပြန်လည်ဦးမော့မှုနှင့် အမေရိကန် ပြည်ထောင်စုမှ ဆောင်ရွက်လျက်ရှိသည့် မူဝါဒတုံ့ပြန်မှုများအပေါ် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ ရာသီဥတုပြောင်းလဲမှုအပေါ် ရင်ဆိုင်ဖြေရှင်းမှုများ၊ ဘဏ္ဍာငွေ စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်မှုကို မြှင့်တင်ရန် အမေရိကန်ပြည်ထောင်စု၏ ဦးစားပေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ US Treasury ဘက်မှ Deputy Assistant Secretary ဖြစ်သူ Mr. Robert kaproth က လည်းကောင်း၊ အာဆီယံနိုင်ငံများ၏ မူဝါဒဆိုင်ရာ တုံ့ပြန်ချက်များနှင့် တိုးတက်မှုများအပေါ် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှလည်းကောင်း တင်ပြဆွေးနွေးကြရာ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများမှ မိမိတို့နိုင်ငံ၏ ဆောင်ရွက်နေမှုများ၊ ဦးစားပေးဆောင်ရွက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေး (AFCDM) ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံ သဘာပတိဖြစ်သူ ဘရူနိုင်းနိုင်ငံမှ ၂၀၂၁ ခုနှစ်အတွက် ဦးစားပေး အစီအစဉ်များကိုလည်းကောင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်မှ ၂၀၂၁ အာဆီယံငွေရေးကြေးရေး ပေါင်းစည်းမှု စောင့်ကြည့်လေ့လာရေး အစီရင်ခံစာကိုလည်းကောင်း၊ အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးလမ်းပြမြေပုံနှင့် စပ်လျဉ်း၍ အာဆီယံအဆင့်မြင့်ကော်မတီ၏ ပူးတွဲသဘာပတိများနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ၎င်းတို့ ဆောင်ရွက်ရမည့် ဦးစားပေး လုပ်ငန်းရပ်များဖြစ်သည့် ငွေလုံးငွေရင်းစာရင်းပိုမိုလွတ်လပ်ခွင့်ပြုရေး (Capital Account Libera–lization – CAL) ၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး (Capital Market Development –CMD)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Libera–lization – FSL)၊ အာဆီယံဘဏ်လုပ်ငန်းကဏ္ဍ ပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework – ABIF)၊ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်ရေး (Financial Inclusion –FINC) ၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ( Pay–ment and Settlement Systems–PSS) တို့၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ရာ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများက တင်ပြချက်များအပေါ် လမ်းညွှန်မှုများ ပေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အာဆီယံဒေသတွင်း ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး၊ ဘဏ်လုပ်ငန်းကဏ္ဍ ပေါင်းစည်းရေးနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အာဆီယံဒေသတွင်း ဗဟိုဘဏ်များနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားဘဏ်များအား ဘဏ်ခွဲများ၊ Subsidiary Licence များ ခွင့်ပြုထားခဲ့ပြီး Equity Partici–pation အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍနှင့် ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအပြင် အာဆီယံဒေသအတွင်းမှလည်း ဆက်လက်ရင်းနှီးမြှုပ်နှံရန်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု (Financial Integration) အတွက် Financial regulation & restructure များ လုပ်ဆောင်လျက်ရှိပြီး၊ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများအတွက် inbo–und/ outbound retail payment remittance ကို ခွင့်ပြုရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချိန်နှင့်တစ်ပြေးညီ အသေးစားငွေသားပေးချေခြင်းစနစ် (Real Time Retail Payment System – RTRPS) အတွက် QR Code Myanmar Standard ကို သတ်မှတ်ခဲ့ပြီး၊ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့မှ နည်းပညာအကူအညီများရရှိခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် အာဆီယံ ဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် အာဆီယံ စဉ်ဆက်မပြတ်ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တင်ပြခဲ့ရာ ဒုတိယအကြီးအကဲများက ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးအစီအစဉ်များ၊ အာဆီယံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင် ရွက်မှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မတ် ၃၀ ရက်တွင် ကျင်းပမည့် (၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (7th AFMGM) သို့ တင်ပြမည့် ပူးတွဲကြေညာချက်မူကြမ်းကို အပြီးသတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

ရန်ကုန် မတ် ၂၆

**နိုင်ငံတစ်ဝန်း ရေကြောင်းဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၌ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။**



ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။
ဓာတ်ပုံ- မိုးမခ

အစည်းအဝေးသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ အရာရှိကြီးများ၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်း၊ ကုန်သွယ်ရေကြောင်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မော်တော်ယာဉ် တင်သွင်းထုတ်လုပ် ဖြန့်ဖြူးသူများအသင်း၊ စားအုန်းဆီ တင်သွင်းရောင်းချသူများအသင်း၊ နိုင်ငံတကာသင်္ဘောလိုင်းများ၊ ဆိပ်ကမ်းတံတားများနှင့် ကုန်သေတ္တာစခန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။

### ဝန်ဆောင်မှုများပေးလျက်ရှိ

အစည်းအဝေးတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးကယနေ့အစည်း အဝေး၌ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် ရင်ဆိုင်တွေ့ကြုံနေရသည်များကို ဆိပ်ကမ်းဝန်ဆောင်မှုများ သုံးစွဲသူ ကုန်သည်ကြီးများနှင့် ဆိပ်ကမ်းဝန်ဆောင်မှုများ ပေးသူ သင်္ဘောလိုင်းများနှင့် ဆိပ်ကမ်းတံတားများ အကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ကြရန်နှင့် မိမိတို့ အစိုးရဌာန/အဖွဲ့အစည်းများမှလည်း လိုအပ်သည်များကို အမြန်ဆုံးပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

### ပုံမှန်အတိုင်း လည်ပတ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာနက မိမိတို့ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်စည်းကြပ်ခြင်းနှင့် ရှင်းလင်းခြင်းဆိုင်ရာလုပ်ငန်းများကို ပုံမှန်အတိုင်းလည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လာမည့်ဧပြီလ သင်္ကြန်ရုံးပိတ်ရက်ရှည်အတွင်း တွင်လည်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းများ ပုံမှန်အတိုင်း လည်ပတ်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်၍ ကုန်သည်ကြီး များနှင့် ဝန်ဆောင်မှုပေးသူများအနေဖြင့် ဆောင်ရွက်လိုသည်များကို မိမိတို့ထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ပြောကြားခဲ့ပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးကလည်း ကုန်သည်ကြီးများနှင့် ဆိပ်ကမ်းဝန်ဆောင်မှုပေးသူများအနေဖြင့် မိမိတို့ကော်မတီထံသို့ သတင်းအချက်အလက်များ မျှဝေပေးစေလိုပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် အချိန်မရွေး တင်ပြအကူအညီတောင်းခံနိုင်ပါကြောင်းနှင့် မိမိတို့ကော်မတီအနေဖြင့်လည်း အမြန်ဆုံး ထိရောက်စွာ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### တင်ပြဆွေးနွေး

ထို့နောက် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များက ကုန်သေတ္တာဖြင့် ကုန်စည်တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့တွင် လက်ရှိတွေ့ကြုံနေရသည့် အခြေအနေများ၊ ဖြေလျှော့ပေးစေလိုသည့် အချက်များ၊ ကုန်သေတ္တာထုတ်ယူခြင်း လုပ်ငန်းတွင် ကြုံတွေ့ရသည့် ကြန့်ကြာမှု အချို့ကြောင့် ကုန်သေတ္တာ ဆိပ်ကမ်းမှ ထုတ်ယူမှု နှောင့်နှေးကြေးနှင့် ကုန်သေတ္တာအပ်နှံမှု နှောင့်နှေးကြေးများ ပိုမိုကျခံနေရသည့်အခြေအနေ၊ အထည်ချုပ်အော်ဒါများ လက်ခံနိုင်ရေးနှင့် အချိန်မီတင်ပို့နိုင်ရေးတို့အတွက် သင်္ဘောများ ဝင်ရောက်မည့် အချိန်ဇယားအား ကြိုတင်သိရှိလိုခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ပဲနှမ်းတင်ပို့ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကုန်သေတ္တာဖြင့် မော်တော်ယာဉ်များ တင်သွင်းရာတွင် တွေ့ကြုံရသည့်အခြေအနေများတို့ကို တင်ပြဆွေးနွေးခဲ့ကြပြီး၊ နိုင်ငံတကာ သင်္ဘောလိုင်းများနှင့် ဆိပ်ကမ်းတံတားများ၊ ကုန်သေတ္တာစခန်းများက ၎င်းတို့အနေဖြင့် တာဝန်ယူဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုတစ်ခုချင်း သုံးသပ်ဖြေရှင်း ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ ဆိပ်ကမ်းတံတားများတွင် ကုန်သေတ္တာများ စုပုံပြည့်ကျပ်ခြင်းမရှိအောင် ဖြေရှင်းဆောင်ရွက်ပေးစေလိုသည်များကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက သုံးသပ်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

### ညှိနှိုင်းဆောင်ရွက်ကြစေလို

ဆက်လက်၍ ဆိပ်ကမ်းသုံးစွဲသူ ကုန်သည်ကြီးများနှင့် ဝန်ဆောင်မှုပေးသည့် သင်္ဘောလိုင်းများ အကြား ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း၊ သင်္ဘောလိုင်းများအနေဖြင့် ဆက်သွယ်မှု မြန်ဆန်ကောင်းမွန်အောင် ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ လိုအပ်ပါက မိမိတို့ အစိုးရဌာနအဖွဲ့အစည်းများသို့ ချက်ချင်းတင်ပြ၍ အကူအညီတောင်းခံကြစေလိုပါကြောင်း၊ ဆိပ်ကမ်းတံတားများနှင့် သင်္ဘောလိုင်းများအနေဖြင့်လည်း ကုန်သေတ္တာ ဆိပ်ကမ်းမှထုတ်ယူမှု နှောင့်နှေးကြေးနှင့် ကုန်သေတ္တာအပ်နှံမှု နှောင့်နှေးကြေးများ ကောက်ခံကြရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့်အတိုင်းသာ ကောက်ခံသွားကြစေလိုပါကြောင်း၊ အခမဲ့ ကင်းလွတ်ရက် (၇) ရက်ကိုလည်း သတ်မှတ်ထားသည့်အတိုင်းသာ ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဆိပ်ကမ်းတံတားများအတွင်း စုပုံနေသည့် ကုန်သေတ္တာများအား အမြန်ဆုံးထုတ်ယူနိုင်ရေး အတွက် ဌာနဆိုင်ရာများကလည်း ပံ့ပိုးပေးသွားမည်ဖြစ်၍ အမြန်ဆုံးဆောင်ရွက်သွားကြစေ လိုပါကြောင်း၊ ဆိပ်ကမ်းတံတားများရှိ လေလံစာရင်းဝင် ကုန်သေတ္တာများအားလည်း အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဝင်ရောက်လာမည့် သင်္ဘောများ၏ အချိန်ဇယားကိုလည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြိုတင်အသိပေး ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းများလည်း ပုံမှန်အတိုင်း လည်ပတ်နေပြီဖြစ်၍ ငွေပေးသွင်းခြင်း ကိစ္စရပ်များလည်း အဆင်ပြေနေပြီဖြစ်ကြောင်းနှင့် ကုန်သေတ္တာဖြင့် မော်တော်ယာဉ်များ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက်လည်း အကောက်ခွန်ဦးစီးဌာနမှ ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိုက်အောင်ဝင်း**

---

○ *ကျောဖုံးမှ*

လောလောဆယ်တော့ ကျွန်တော်တို့က ပြည်တွင်းဈေးကွက်မှာဖြန့်ဖို့ လုပ်နေတယ်” ဟု ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ယခုလို ကယုကမာ မွေးမြူရေးလုပ်ငန်းကို စွန့်ဦးတီထွင်အဖြစ် လုပ်ကိုင်နေသူမှာ ဦးခင်အေးမောင် တစ်ဦးသာ ရှိသေးကြောင်း၊ ယခုလို ကယုကမာ မွေးမြူခြင်းဖြင့် သဘာဝကို မထိခိုက်စေသည့်အပြင် ဒီရေတောကို အခြားသူများ လာရောက်ခိုးယူခြင်းမရှိအောင် ကာကွယ်စောင့်ရှောက်ပြီးသားလည်းဖြစ်ကြောင်း သိရသည်။ ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ဆင့်ကလည်း ငါးသယံဇာတများ ရှားပါးလာသည့် ယနေ့ကာလတွင် မိသားစုတစ်ပိုင်တစ်နိုင် အိုးအိမ်မကွာဘဲ ကယုကမာ မွေးမြူခြင်းဖြင့် လုပ်ငန်းရှင် တစ်ဦးစီတိုင်းသည် စီးပွားဥစ္စာများ တိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားသည်။ လက်ရှိအချိန်တွင် မွေးမြူထားသည့် ကယုကမာများကို ကျောက်ဖြူခရိုင်အတွင်း မြို့နယ်များအပြင် ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များနှင့် ရေလုပ်ငန်း ကုန်စည်ဒိုင် ဈေးကွက်များသို့ တင်ပို့နိုင်ရန် စီစဉ်လျက်ရှိပြီး မကြာမီတင်ပို့ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားလွင်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကျောက်ပန်းတောင်း မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားလွင်ကျေးရွာ၌ ရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် Shooping Method ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ကျေးရွာ ရေရရှိရေး လုပ်ငန်းများဖြစ်သည့် လက်တူးတွင်း တူးဖော်ခြင်း၊ ဆိုလာပန့် တပ်ဆင်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ဇန်နဝါရီ လလယ်ခန့်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် လုပ်ငန်းအားလုံးရာနှုန်းပြည့် ပြီးစီးခဲ့ခြင်းဖြစ်သည်။

ရေရရှိရေးလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခြောက်လက်မအကျယ်နှင့် အနက် ၄၅ ပေ လက်တူးတွင်း တစ်တွင်း တူးဖော်ခြင်း၊ 1000 W ဆိုလာပန့် တပ်ဆင်ခြင်း၊ (၁၂x၆x၅)ပေ ရေစုကန် တစ်ကန်နှင့် ပေ ၈၀၀ အရှည် ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများပါဝင်ပြီး ကျေးရွာရှိ အိမ်ထောင်စု ၁၃၃ စုမှ လူဦးရေ ၆၃၀ ခန့်အတွက် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရန် အကျိုးပြုမည်ဖြစ်သည်။

**နေအောင် (ပြန်/ဆက်)**

---

❖ **နောက်စေ့နဲ့ နောက်ကျောကို ဖောက်မယ့်အန္တရာယ်ရှိနေတယ်ဆိုတာ ရှေ့က မရှုမလှ သေခဲ့ရတာ သင်ခန်းစာယူစေလိုပါတယ်။ နားမယောင်လေနဲ့ သားတို့ သမီးတို့။ မိဘများက နားဝင်အောင် ကြိုတင်တားဆီးပါ။ အချည်းနှီး မသေပါစေနဲ့။**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အမေရိကန်ပြည်သူများကို ရက် ၁၀၀ အတွင်း ကာကွယ်ဆေး သန်း ၂၀၀ ထိုးပေးသွားမည်ဟု ပြောကြား

ဝါရှင်တန် မတ် ၂၆

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်းသမ္မတအဖြစ် တာဝန် ထမ်းဆောင်သည့် ရက် ၁၀၀ အတွင်း အမေရိကန်ပြည်သူ များကို ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ သန်း ၂၀၀ ထိုးနှံပေး သွားမည်ဖြစ်ကြောင်း မတ် ၂၅ ရက်က ပြောကြားလိုက်သည်။**

သမ္မတတာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ယခုလိုကြေညာချက် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဘိုင်ဒင်သည် ပထမပိုင်းတွင် ရက် ၁၀၀ အတွင်း အမေရိကန်ပြည်သူ သန်း ၁၀၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် စီစဉ်ခဲ့သော်လည်း ယခုအခါတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို သန်း ၂၀၀ အထိထိုးပေးရန် ရည်မှန်းချက်ထားခဲ့သည်။

အဆိုပါ ရည်မှန်းချက်သည် ကြီးမားကြောင်း ပထမရည်မှန်းချက်ထက် နှစ်ဆတိုးထားကြောင်း ဘိုင်ဒင်က ပြောကြားလိုက်သည်။

မတ် ၂၅ ရက်အထိ အမေရိကန်ပြည်သူ ၁၃၃ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၇၃ သန်းကိုလည်း နိုင်ငံတစ်ဝန်း ဖြန့်ဝေပေးထားကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ သတင်းဖော်ပြချက်အရ သိရသည်။

အမေရိကန်ပြည်သူ ၄၇ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံမှု ခံယူပြီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါပမာဏသည် အမေရိကန်ပြည်သူတစ်ရပ်လုံး၏ ၁၄ ဒသမ ၃ သန်း ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။



တူရကီနိုင်ငံ အန်ကာရာတွင် ပြည်သူတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူနေသည်ကို တွေ့ရစဉ်။

# တူရကီနိုင်ငံတွင် ပြည်လုံးကျွတ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို မေလ သို့မဟုတ် ဇွန်လတွင် ပြီးဆုံးရန် စီစဉ်ထားကြောင်း တူရကီသမ္မတ အာဒိုဂန်ပြော

**အစ္စတန်ဘူလ် မတ် ၂၆**

တူရကီနိုင်ငံသည် တစ်နိုင်ငံလုံးအဆင့် ကျယ်ကျယ်ပြန့်ပြန့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းအစီအစဉ်ကို မေလ သို့မဟုတ် ဇွန်လတွင် ပြီးဆုံးရန် စီစဉ်ထားကြောင်း တူရကီသမ္မတ ရီဆက်ပ် တေရစ် အာဒိုဂန်က မတ် ၂၆ ရက်က ပြောကြားလိုက်သည်။

ကာကွယ်ဆေးထိုးခြင်းအစီအစဉ်သည် မေလ သို့မဟုတ် ဇွန်လတွင် ပြီးဆုံးရန် မိမိတို့အနေဖြင့် မျှော်လင့်ထားကြောင်းနှင့် နွေရာသီသို့ သက်သောင့်သက်သာဖြင့်ရောက်လာမည်ဖြစ်ကြောင်း အာဒိုဂန်က အစ္စတန်ဘူတွင် သတင်းထောက်များကို ပြောကြားလိုက်သည်။

တူရကီနိုင်ငံသည် ၎င်း၏ကာကွယ်ဆေးထိုးအစီအစဉ်ကို ဇန်နဝါရီလလယ်တွင် တရုတ် ဆီနိုဗက်ဘိုင်ရွန်တက်ခ်မှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးဖြင့် စတင်ခဲ့သည်။

ထို့အပြင် အာဒိုဂန်က ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်းဝယ်ယူရန်သဘောတူညီမှုအစိတ်အပိုင်းတစ်ရပ်အနေဖြင့် တူရကီနိုင်ငံသည် မတ် ၂၄ ရက်က ဂျာမနီအခြေစိုက် ဘိုင်ရွန်တက်ခ်မှ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၄ သန်းလက်ခံရရှိထားကြောင်း သိရသည်။ ရုရှား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဝယ်ယူရန်လည်း ရုရှားနှင့် ညှိနှိုင်းမှုများလုပ်ဆောင်နေကြောင်း အာဒိုဂန်က ဆက်လက်ပြောကြားလိုက်သည်။

တူရကီနိုင်ငံတစ်ဝန်း ယခုအချိန်အထိ လူပေါင်း ၁၄ ဒသမ ၆ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် မတ် ၂၆ ရက်ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တိုးလာသဖြင့် ပြည်သူများ စိုးရိမ်လျက်ရှိ

**တိုကျို မတ် ၂၆**

ဂျပန်နိုင်ငံတွင် မတ် ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၀၀ ကျော် တိုးလာခဲ့ကြောင်းနှင့် တစ်လခွဲအချိန်အတွင်း အဆိုပါပမာဏသို့ မကြုံစဖူးရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ထပ်မံကူးစက်မှုမြင့်တက်လာခြင်းက လူမှုအသိုင်းအဝိုင်းကို ဒုက္ခပြန်ပေးလာမည်ကို ကျေးလက်ဒေသရှိ တချို့ပြည်သူများက စိုးရိမ်လျက်ရှိသည်။

ဂျပန်နိုင်ငံမြောက်ပိုင်း ယာမာဂါတာခရိုင်တွင် မတ်လ ပထမသီတင်းပတ်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လုံးဝသတင်းဖော်ပြချက်မရှိသည့်အချိန်မှစကာ မတ် ၂၆ ရက်က တစ်နေ့တာအတွင်း ကိုဗစ်-၁၉ ကူးစက်မှုအဆိုးဆုံးသို့ ရောက်ရှိလာခဲ့သည်။

ယာမာဂါတာတွင် မြို့ကြီးများကဲ့သို့ ဆေးဘက်ဆိုင်ရာ ရင်းမြစ်များမရှိကြောင်း၊ မိမိတို့အနေဖြင့် ပုံမှန်ဆေးရုံတက်ရောက်ရမည့် လူနာများနှင့် ခွဲစိတ်လူနာများကို ရွှေ့ဆိုင်းခဲ့ရကြောင်း၊ ယာမာဂါတာသည် ကျန်းမာရေးအကျပ်အတည်းနှင့် ကြုံတွေ့နေကြောင်း ယာမာဂါတာဆေးဘက်ဆိုင်ရာအဖွဲ့၏ အကြီးအကဲဖြစ်သူ နာဂါနိုမီချီယူကီက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်မှုများသည် ကျေးလက်ဒေသများသို့ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

အိုဆာကာတွင် နှစ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀ တိုးလာခဲ့ကြောင်း သိရသည်။ အိုဆာကာတွင် ဘားများနှင့် စားသောက်ဆိုင်များကို ဧပြီ ၂၁ ရက်ထိတိုင် ည ၉ နာရီအထိဖွင့်ရန် တောင်းဆိုထားသည်။

ဂျပန်နိုင်ငံသည် ၎င်း၏ကာကွယ်ဆေးဖြန့်ဝေမှုကို နောက်တစ်ဆင့်သို့တက်လှမ်းရန် စီစဉ်နေချိန်တွင် ယခုလို ကိုဗစ်-၁၉ ကူးစက်မှု တိုးလာခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်နိုင်ငံ တိုကျိုရှိ လမ်းတစ်ခုပေါ်တွင် ပြည်သူများ သွားလာနေသည်ကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စံချိန်တင်

**ရီယိုဒီဂျနေးရိုး မတ် ၂၆**

ဘရာဇီးနိုင်ငံတွင် မတ် ၂၅ ရက်အတွင်း လူပေါင်း ၁၀၀၁၅၈ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စံချိန်တင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်က ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအတည်ပြုခဲ့ပြီးနောက် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၃၂၀၁၆၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

မတ် ၂၄ ရက်အတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၇၇၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၀၃၄၆၂ ဦး ရှိလာခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ဖော်ပြလိုက်သည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ကိုဗစ်-၁၉ သေဆုံးမှုနှင့် ကူးစက်ခံရမှုအဖြစ်ပွားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဘရာဇီးနိုင်ငံသည် ဇန်နဝါရီလမှစကာ ကိုဗစ်-၁၉ လှိုင်းဂယက်ထပ်မံဖြစ်ပွားမှုကို ခံစားခဲ့ရသည်။ **ဆင်ဟွာ**

# အာဖဂန်ပြည်သူများခံစားရသည့် သတ်ဖြတ်ခံရခြင်း၊ နေရပ်စွန့်ခွာရခြင်းတို့ အဆုံးသတ်ရမည်ဟု ကုလသမဂ္ဂအရာရှိပြော

ကေကေစိုး

အာဖဂန်နစ္စတန်နိုင်ငံတွင် အခြေအနေပြင်းထန်မှုများ မြင့်တက်နေချိန် ပြည်သူများ အသတ်ခံရခြင်း၊ နေရပ်ရွှေ့ပြောင်းရခြင်းနှင့် ဒုက္ခခံစားနေရမှုများ အဆုံးသတ်ရမည်ဟု ကုလသမဂ္ဂအရာရှိက မတ် ၂၄ ရက်တွင် ပြုလုပ်သည့် လုံခြုံရေးကောင်စီတွင် ပြောကြားခဲ့သည်။

**ထောက်ပံ့ပေးရမည့်အချိန်**

စက်တင်ဘာလကတည်းက ကျင်းပခဲ့သည့် အစိုးရနှင့်တာလီဘန်တို့အကြား အာဖဂန်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲမှာ ခြောက်လကျော်ကြာမြင့်ခဲ့ပြီဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒက်ဘိုရာ လိုင်ယွန်က ပြောသည်။ အာဖဂန်ငြိမ်းချမ်းရေးလမ်းကြောင်းအတွက် လိုအပ်သည်များ ထောက်ပံ့ပေးရမည့်အချိန်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ကာတာနိုင်ငံ ဒိုဟာမြို့တွင် စုဝေးခဲ့ကြသည့် အဖွဲ့နှစ်ဖွဲ့စလုံးကို အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် ကောင်စီတွင် တိုက်တွန်းပြောကြားခဲ့ခြင်း ဖြစ်သည်။ အာဖဂန်ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုကာ ဆွေးနွေးမှုများကို တိုးတက်အောင် ပြုလုပ်ပြီး တိုးတက်မှုအစစ်အမှန်များ ဖြစ်ထွန်းလာအောင် လုပ်ဆောင်ရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**လျှော့ချနိုင်ခြင်းမရှိသေး**

အာဖဂန်ပြည်သူများ၏ အကျိုးစီးပွားအတွက် အိမ်နီးချင်းနိုင်ငံများမှ ဒေသတွင်း အဓိကချုပ်ကိုင်သူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အာဖဂန်ငြိမ်းချမ်းရေးအတွက် အဓိက အရေးပါသူတိုင်း ငြိမ်းချမ်းရေးအတွက် ရှေးရှုကာလုပ်ဆောင်ရမည်ဟု အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းတာဝန်အဖွဲ့အကြီးအကဲက ပြောသည်။ မကြာသေးမီက ပြုလုပ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အရပ်သားများ၏ဘဝနှင့် သေကျေပျက်စီးမှုတို့အပေါ် လျှော့ချနိုင်ခြင်းမရှိသေးကြောင်း အရပ်သားများကို ပစ်မှတ်ထားကာ ရက်ရက်စက်စက်တိုက်ခိုက်မှုများ ရှိနေဆဲဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ၂၀၂၂ ခုနှစ် ပထမနှစ်လစာအတွက် အစီရင်ခံရသည်ကို စိတ်မကောင်းဖြစ်မိကြောင်း အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်သည့်အချိန်မှ စတင်ကာ အရပ်သားများ သေကျေပျက်စီးမှုများကို ဆက်လက်တွေ့မြင်ရဆဲဖြစ်ကြောင်း ကောင်စီတွင် ၎င်းက ပြောကြားခဲ့သည်။

**နေရာရလာကြ**

အာဖဂန်နစ္စတန်တွင် သတ်ဖြတ်ခံရမှုများကို ထောက်ပြထားသည့် အစီရင်ခံစာ ၈၀ ကျော် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းတာဝန်အဖွဲ့က ပြောသည်။ ယင်းအစီရင်ခံစာတွင် အကြမ်းဖက်မှုများ၏ ဖြစ်စဉ်အပြည့်အဝ မပါဝင်သေးဟု ၎င်းက ဆက်ပြောသည်။ အာဖဂန်နိုင်ငံသားများ အသတ်ခံရတိုင်း မိမိတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို စွန့်လွှတ်ကာ နေရပ်စွန့်ခွာသွားကြရန် စဉ်းစားကြသည့်လူများ များလာသည်ဟုလည်း ၎င်းက ပြောသည်။



အာဖဂန်နစ္စတန်မိသားစုတစ်စုကို တွေ့ရစဉ်။

ယခုအချိန်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ က အာဖဂန်နစ္စတန်နှင့် မတူညီတော့ကြောင်း၊ အများစုမှာ ၂၀၀၁ ခုနှစ် ဘွန်းသဘောတူညီမှုပြီးနောက် မွေးဖွားလာကြသူများဖြစ်ကြကြောင်း၊ ယင်းနောက်ပိုင်း မွေးဖွားလာသူများသည် သင့်တင့်လျောက်ပတ်သည့်ပညာရေးရရှိပြီး အမျိုးသမီးများသည်လည်း စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုအဖွဲ့အစည်းများတွင် နေရာရလာကြောင်း ၎င်းကပြောသည်။

**နည်းပါးလာ**

ထို့ကြောင့် ဆွေးနွေးမှုများတွင် ပြည်သူများ၏အသံလည်း ပါဝင်ရန် ထိုက်တန်သည်။ ငြိမ်းချမ်းရေးသဘောတူညီမှု အဆုံးသတ်ပြီးနောက် အာဖဂန်နစ္စတန်၏ လူမှုအဖွဲ့အစည်းတွင် ၎င်းတို့ဆက်လက်ရှင်သန်ပါဝင်ရမည်ဟု Lyons က ဖော်ပြခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများ နက်ရှိုင်းလာပြီး စားနပ်ရိက္ခာဖူလုံမှုအတွက်လည်း ပြဿနာရှိကြောင်း မိုးခေါင်မှုများလည်း ပျံ့နှံ့လာပြီး ထောက်ပံ့ပေးမည်ဟု ကတိကဝတ်များလည်း နည်းပါးလာသည်။

**ဆိုးကျိုးများသက်ရောက်လာ**

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခံရခြင်းကြောင့် အာဖဂန်ပြည်သူများ၏ ဘဝနှင့် အသက်ရှင်နေထိုင်မှုအပေါ် ဆိုးကျိုးများသက်ရောက်လာသည်ဟု ၎င်းက ထောက်ပြခဲ့သည်။ အကြမ်းဖက်မှုများကို လျှော့ချနိုင်ပြီး အမှန်တကယ် အကူအညီ လိုအပ်နေသည့်နေရာများသို့ ဝင်ရောက်နိုင်ရန်လိုအပ်ကြောင်း၊ နောက်ထပ်ရန်ပုံငွေများ လိုအပ်နေသေးသည့်အပြင် အင်န်ဂျီအိုအဖွဲ့အစည်းများ ၎င်းတို့၏လုပ်ငန်းကို အန္တရာယ်ကင်းကင်းလုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည်ဟု လိုင်ယွန်က ပြောဆိုခဲ့သည်။

**“အာဖဂန်ပြည်သူများ၏ အကျိုးစီးပွားအတွက် အိမ်နီးချင်းနိုင်ငံများမှ ဒေသတွင်း အဓိကချုပ်ကိုင်သူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အာဖဂန်ငြိမ်းချမ်းရေးအတွက် အဓိက အရေးပါသူတိုင်း ငြိမ်းချမ်းရေးအတွက် ရှေးရှုကာလုပ်ဆောင်ရမည်ဟု အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းတာဝန်အဖွဲ့အကြီးအကဲက ပြောသည်။ မကြာသေးမီက ပြုလုပ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အရပ်သားများ၏ဘဝနှင့် သေကျေပျက်စီးမှုတို့အပေါ် လျှော့ချနိုင်ခြင်းမရှိသေးကြောင်း အရပ်သားများကို ပစ်မှတ်ထားကာ ရက်ရက်စက်စက်တိုက်ခိုက်မှုများ ရှိနေဆဲဖြစ်”**

**အပြောင်းအလဲများဖြစ်လာနိုင်**

လာမည့်လများအတွင်း အပြည်ပြည်ဆိုင်ရာတပ်များ အာဖဂန်မြေပေါ်မှ နောက်ဆုတ်သွားမည်ဖြစ်ပြီး ယင်းကာလတွင် နိုင်ငံအတွင်း အပြောင်းအလဲများ ဖြစ်ပေါ်နိုင်၍ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းတာဝန်အဖွဲ့သည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက်ပူးတွဲလုပ်ကိုင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆယ်စုနှစ်များစွာကြာ ပဋိပက္ခများကြောင့် နှစ်ဖက်စလုံးတွင် မကျေနပ်မှုများလာသလို အချင်းချင်းယုံကြည်စိတ်ချရမှုလည်း မရှိကြပေ။ သို့သော်လည်း နှစ်ဖက်စလုံးမှ စိတ်ရှည်မှုနှင့် ကတိကဝတ်များဖြင့် ငြိမ်းချမ်းရေးကို ရယူရန်ဖြစ်နိုင်သေးကြောင်း ၎င်းက ဆက်ပြောသည်။

**အမျိုးသမီးများလည်း ပါဝင်သင့်**

အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ရှုပ်ထွေးပြီး ၎င်းတို့တောင်းဆိုထားသည့် ငြိမ်းချမ်းရေးအတွက် အဆင်သင့်မဖြစ်သေးဟုလည်း ၎င်းက ဆက်ပြောသည်။ နှစ်ဖက်စလုံးမှ ဦးစွာအကြမ်းဖက်တိုက်ခိုက်မှုများကို ရပ်တန့်ရမည်ဖြစ်သည်။ ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများလည်း ပါဝင်ဆွေးနွေးနိုင်ခွင့်ရှိရမည်ဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ပြောသည်။ နိုင်ငံ၏အနာဂတ်ကို ဆုံးဖြတ်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ လည်း ပါဝင်သင့်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

**ယုံကြည်မှုကိုရရှိမည်မဟုတ်**

အာဖဂန်နစ္စတန်နိုင်ငံမှ နှစ်ပေါင်းများစွာ စစ်ပွဲကြောင့် မောပန်းနေပြီဟုလည်း အာဖဂန်နစ္စတန်လွတ်လပ်သော လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ရှာဟတ်ဇတ်အက္ကဘာက ပြောသည်။ လူ့အခွင့်အရေးကို အခြေခံသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကသာလျှင် ရေရှည်ခံမည်ဟု ၎င်းက ဆက်ပြောသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ ပါဝင်မှုကို ဘေးဖယ်ခံထားရလျှင် အများပြည်သူများ၏ ယုံကြည်မှုကို ရရှိမည်မဟုတ်ကြောင်း ၎င်းက ထောက်ပြပြောဆိုခဲ့သည်။ ။

ကိုးကား-ဆင်ဟွာ


## ၂၆-၃-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၇၇၅၇၉၀ | ၂၃၁၉၆၂၀၇ | ၅၅၉၇၄၇ |
| ၂။ | ဘရာဇီး | ၁၂၃၂၄၇၆၅ | ၁၀၇၇၂၅၄၉ | ၃၀၃၇၂၆ |
| ၃။ | အိန္ဒိယ | ၁၁၈၄၆၆၅၂ | ၁၁၂၆၄၆၃၇ | ၁၆၀၉၈၃ |
| ၄။ | ရုရှား | ၄၅၀၁၈၅၉ | ၄၁၂၀၁၆၁ | ၉၇၀၁၇ |
| ၅။ | ပြင်သစ် | ၄၄၂၄၀၈၇ | ၂၈၆၆၀၇ | ၉၃၃၇၈ |
| ၆။ | ဗြိတိန် | ၄၃၁၉၁၂၈ | ၃၇၄၈၀၄၂ | ၁၂၆၄၄၅ |
| ၇။ | အီတလီ | ၃၄၆၄၅၄၃ | ၂၇၉၄၈၈၈ | ၁၀၆၇၉၉ |
| ၈။ | စပိန် | ၃၂၄၇၇၃၈ | ၃၀၀၇၆၂၃ | ၇၄၄၂၀ |
| ၉။ | တူရကီ | ၃၁၂၀၀၁၃ | ၂၉၀၀၈၂၉ | ၃၀၆၁၉ |
| ၁၀။ | ဂျာမနီ | ၂၇၃၂၁၃၀ | ၂၄၆၇၆၀၀ | ၇၆၁၁၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆– ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၈၇၅၄၁ | ၁၃၂၂၈၇၈ | ၄၀၁၆၆ |
| ဖိလစ်ပိုင် | ၇၀၂၈၅၆ | ၅၈၀၆၈၉ | ၁၃၁၄၉ |
| မလေးရှား | ၃၃၉၄၄၃ | ၃၂၃၉၂၅ | ၁၂၄၉ |
| မြန်မာ | ၁၄၂၃၅၉ | ၁၃၁၇၈၆ | ၃၂၀၆ |
| စင်ကာပူ | ၆၀၂၆၅ | ၆၀၀၈၆ | ၃၀ |
| ထိုင်း | ၂၈၅၇၇ | ၂၇၀၃၂ | ၉၂ |
| ဗီယက်နမ် | ၂၅၈၆ | ၂၂၆၅ | ၃၅ |
| ကမ္ဘောဒီးယား | ၁၉၆၈ | ၁၀၇၄ | ၈ |
| ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |






မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မတ် ၂၆ ရက်က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးကို ချောင်းဆုံ အထက ကျောင်း သီရိရတနာခန်းမ၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူဇာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက စတင်ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မတ် ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ ဇလ**

*❂ ကျောဖုံးမှ*

ယနေ့ပွဲစဉ်ကို အနိုင်ရရှိအောင် ပြင်ဆင်လာဖွယ်ရှိနေသည်။ ထို့အပြင် ပွဲစဉ် (၁) မှာ ရှုံးပွဲကိုယ်စီကြုံတွေ့ထားသည့်အသင်းနှစ်သင်းဖြစ်သောကြောင့် ယနေ့ပွဲစဉ်သည် ပရိသတ်အကြိုက်ပွဲကောင်း တစ်ပွဲဖြစ်လာမည်ဖြစ်သည်။ အဆိုပါ နှစ်သင်းနောက်ဆုံးထိပ်တိုက်တွေ့ဆုံထားသည်က ၂၀၁၅ ခုနှစ်တွင်ဖြစ်ပြီး နယ်သာလန်အသင်းက နှစ်ဂိုး– ဂိုးမရှိဖြင့် နိုင်ပွဲရရှိထားသည်။ နယ်သာလန်အသင်းအနေဖြင့် ပြီးခဲ့သည့် တူရကီအသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် ယနေ့ပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများ မြင်တွေ့ရဖွယ်ရှိပြီး နယ်သာလန်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ဖွယ်ရှိသည်။

ချက်နှင့် ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်ကို မတ် ၂၈ ရက် နံနက် ၂ နာရီ ၂၅ မိနစ်တွင် ချက်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆားဘီးယားနှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်ကို မတ် ၂၈ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဆားဘီးယားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆားဘီးယားအသင်းအနေဖြင့် ပြီးခဲ့သည့်ပွဲစဉ်တွင် အိုက်စလန် အသင်းကို သုံးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရရှိထားကာ ပေါ်တူဂီအသင်းကလည်း ပြီးခဲ့သည့်ပွဲစဉ်တွင် အဇာဘိုင်ဂျန်အသင်းကို တစ်ဂိုး– ဂိုးမရှိဖြင့် နိုင်ပွဲရရှိထားသည်။ အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် နောက်ဆုံးလေးကြိမ်တွင် ဆားဘီးယားအသင်းအနေဖြင့် ပေါ်တူဂီအသင်းကို ဒုက္ခပေးနိုင်စွမ်းမရှိဘဲ ပေါ်တူဂီအသင်းက အသာရထားပြီး တစ်ကြိမ်သရေကျကာ သုံးကြိမ်အထိ နိုင်ပွဲရယူထားနိုင်သည်ကို တွေ့ရသည်။ ပေါ်တူဂီအသင်းအနေဖြင့် ပြီးခဲ့သည့် အဇာဘိုင်ဂျန်အသင်းနှင့် ပွဲစဉ်တွင် ဂိုးပေါက်ကန်သွင်းမှု ၂၉ ကြိမ် အထိရှိခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် အသင်းလိုက် စုဖွဲ့မှုအားကောင်းသည့် ပေါ်တူဂီအသင်းအနေဖြင့် ရလဒ်ကောင်းပိုင်ဆိုင်ဖွယ်ရှိသည်။

ချက်နှင့် ဘယ်လ်ဂျီယံအသင်းတို့ ပွဲစဉ်ကို မတ် ၂၈ ရက် နံနက် ၂ နာရီ ၁၅ မိနစ်မှာ ချက်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ အသင်းနှစ်သင်း တွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးများ မြင်တွေ့ရလေ့ရှိပြီး အရှုံးအနိုင်ပြတ်သားခဲ့ပါက ဘယ်လ်ဂျီယံသာ နိုင်ပွဲ ရယူဖွယ်ရှိသည်။

**အောင်ဇော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၂၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်း တိုင်းဒေသကြီး ပုလဲမြို့နယ် မဲရုံပေါင်း ၁၆၁ ရုံ | ၁၂၆၇၄၀ | ၇၇၄၄၃ | ၅၇၉၆ | ၈၃၇ | ၁၃၀၅၀ |
| ၂ | ပဲခူး တိုင်းဒေသကြီး သဲကုန်းမြို့နယ် မဲရုံပေါင်း ၁၉၆ ရုံ | ၁၀၈၂၂၈ | ၁၁၈၆၄၄ | ၁၀၂၂၅ | ၈၈၀ | ၁၂၁၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၅၇ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၂၀၆၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၀၆၂၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၁၄၄၀၊ မြေပြင်လက်ကျန် ၇၈၄၅၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၈၁၁၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၁၃၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်း တို့ကိုတွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက် ကျန် | ကွာခြား ချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ပုလဲမြို့နယ် | ၁၆၁ | ၁၄၄၈၇၀ | ၁၀၁၁၁၄ | ၄၃၇၅၆ | ၄၁၉၂၈ | ၂၅၁၅ | ၆၈၇ |
| ၂ | သဲကုန်းမြို့နယ် | ၁၉၆ | ၁၂၇၁၉၉ | ၈၉၅၁၅ | ၃၇၆၈၄ | ၃၆၅၂၉ | ၅၅၉၈ | ၄၄၄၃ |
| | စုစုပေါင်း | ၃၅၇ | ၂၇၂၀၆၉ | ၁၉၀၆၂၉ | ၈၁၄၄၀ | ၇၈၄၅၇ | ၈၁၁၃ | ၅၁၃၀ |

### ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်တွင် ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ မဲရုံပေါင်း ၁၆၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၄၄၈၇၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၁၁၁၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၃၇၅၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၁၉၂၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၅၀၀၃ | ၁၀၀၅၉၇ | ၃၄၄၀၆ | ၃၂၅၇၈ | ၂၅၁၅ | ၆၈၇ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၅၁၇ | ၅၁၇ | | | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၉၃၅၀ | | ၉၃၅၀ | ၉၃၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၄၈၇၀ | ၁၀၁၁၁၄ | ၄၃၇၅၆ | ၄၁၉၂၈ | ၂၅၁၅ | ၆၈၇ |

၆။ ပုလဲမြို့နယ်၊ ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စုရှိ မဲရုံ ၁၆၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၅၁၅ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၈၇ အပိုတွေ့ရှိရပါသည်။ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာ အုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန် ရမည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြား ချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ပုလဲမြောက်ရပ်ကွက် | ၁၇၅၈ | ၁၄၁၂ | ၃၄၆ | ၃၃၈ | ၈ | |
| ၂ | အလယ်ဘုံကျေးရွာအုပ်စု | ၁၃၀၀ | ၉၇၅ | ၃၂၅ | ၃၂၅ | | |
| ၃ | လက်တောင်းကြီး ကျေးရွာအုပ်စု | ၄၀၉၀ | ၃၂၄၁ | ၈၄၉ | ၉၀၉ | | ၆၀ |
| ၄ | စေတီယုံကျေးရွာအုပ်စု | ၂၇၉၀ | ၂၀၅၂ | ၇၃၈ | ၆၉၈ | ၄၀ | |
| ၅ | မုံကြိုင်းကျေးရွာအုပ်စု | ၁၄၂၀ | ၁၁၄၄ | ၂၇၆ | ၂၅၆ | ၂၀ | |
| ၆ | ကုက္ကိုစုကျေးရွာအုပ်စု | ၁၀၅၀ | ၈၁၂ | ၂၃၈ | ၂၃၈ | | |
| ၇ | ကြောင်သန်းကျေးရွာအုပ်စု | ၁၉၇၀ | ၁၄၀၂ | ၅၆၈ | ၅၉၈ | | ၃၀ |
| ၈ | ဆင်ရှင်ကျေးရွာအုပ်စု | ၂၅၁၃ | ၁၆၇၆ | ၈၃၇ | ၇၇၄ | ၆၃ | |
| ၉ | ချင်ပြစ်ကျင်းကျေးရွာအုပ်စု | ၂၇၀၀ | ၂၀၃၉ | ၆၆၁ | ၇၁၁ | | ၅၀ |
| ၁၀ | ချောင်းဦးကျေးရွာအုပ်စု | ၁၉၂၀ | ၁၃၁၇ | ၆၀၃ | ၅၈၃ | ၂၀ | |
| ၁၁ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၉၀၀ | ၇၁၄ | ၁၈၆ | ၁၈၆ | | |
| ၁၂ | ချင်ပြစ်ကျေးရွာအုပ်စု | ၃၁၀၀ | ၂၃၈၀ | ၇၂၀ | ၆၇၀ | ၅၀ | |
| ၁၃ | ကံကြီးကျေးရွာအုပ်စု | ၃၀၀၀ | ၁၉၉၀ | ၁၀၁၀ | ၈၆၇ | ၁၄၃ | |
| ၁၄ | ပုထိုးသာကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၄၇ | ၅၀၃ | ၅၀၃ | | |
| ၁၅ | ပိတောက်ကုန်းကျေးရွာအုပ်စု | ၂၅၂၀ | ၁၈၁၆ | ၇၀၄ | ၇၈၄ | | ၈၀ |
| ၁၆ | ကမ္ဘားရပ်ကျေးရွာအုပ်စု | ၆၀၀ | ၄၇၁ | ၁၂၉ | ၁၂၉ | | |
| ၁၇ | ကျေးသမျှားကျေးရွာအုပ်စု | ၂၀၁၈ | ၁၃၉၂ | ၆၂၆ | ၄၀၈ | ၂၁၈ | |
| ၁၈ | မင်းမ(အရှေ့)ကျေးရွာအုပ်စု | ၁၇၂၀ | ၁၃၃၂ | ၃၈၈ | ၄၁၈ | | ၃၀ |
| ၁၉ | ပဲခင်းမကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၅၀ | ၅၀၀ | ၅၀၀ | | |
| ၂၀ | ပုပ္ပါကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၃၁ | ၄၆၉ | ၂၁၉ | ၂၅၀ | |
| ၂၁ | မရိုးတုံးကျေးရွာအုပ်စု | ၃၃၅၀ | ၂၂၇၉ | ၁၀၇၁ | ၁၀၇၁ | | |
| ၂၂ | ရွာနေောင်ကျေးရွာအုပ်စု | ၁၂၅၀ | ၈၁၅ | ၄၃၅ | ၄၃၅ | | |
| ၂၃ | မုံသွင်ကျေးရွာအုပ်စု | ၂၉၀၀ | ၂၀၇၆ | ၈၂၄ | ၇၆၆ | ၅၈ | |
| ၂၄ | ခေါ်သန္တိကျေးရွာအုပ်စု | ၁၇၀၀ | ၁၁၈၇ | ၅၁၃ | ၅၁၃ | | |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၂၅ | ကျေးနင်းကျေးရွာအုပ်စု | ၃၁၀၀ | ၂၃၈၇ | ၇၁၃ | ၇၁၃ | | |
| ၂၆ | မင်းတိုင်ပင်ကျေးရွာအုပ်စု | ၄၇၅၀ | ၃၄၃၃ | ၁၃၁၇ | ၉၁၉ | ၃၉၈ | |
| ၂၇ | တုံးကန်ကျေးရွာအုပ်စု | ၃၁၀၀ | ၂၃၂၈ | ၇၇၂ | ၇၇၂ | | |
| ၂၈ | လက်ပုကန်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၆၇၂ | ၄၇၈ | ၄၇၈ | | |
| ၂၉ | ကန့်ဒေါင့်ကျေးရွာအုပ်စု | ၃၇၅၀ | ၂၆၅၃ | ၁၀၉၇ | ၁၀၄၇ | ၅၀ | |
| ၃၀ | ဦးနှောက်ကျေးရွာအုပ်စု | ၃၇၀၀ | ၂၈၁၅ | ၈၈၅ | ၇၈၅ | ၁၀၀ | |
| ၃၁ | ပုလဲတောင်ရပ်ကွက် | ၁၇၅၄ | ၁၄၅၄ | ၃၀၀ | ၄၉၆ | | ၁၉၆ |
| ၃၂ | ကြိုးကြာဥကျေးရွာအုပ်စု | ၇၀၀ | ၃၉၅ | ၃၀၅ | ၃၀၅ | | |
| ၃၃ | မန်ကျည်းခွကျေးရွာအုပ်စု | ၁၁၅၀ | ၇၀၅ | ၄၄၅ | ၃၇၂ | ၇၃ | |
| ၃၄ | မွေ့ဘုံကျေးရွာအုပ်စု | ၁၉၈၀ | ၁၆၀၃ | ၃၇၇ | ၂၉၇ | ၈၀ | |
| ၃၅ | ညောင်ကုန်းကျေးရွာအုပ်စု | ၁၅၉၀ | ၁၁၇၇ | ၄၁၃ | ၄၂၃ | | ၁၀ |
| ၃၆ | ကံပေါက်ကျေးရွာအုပ်စု | ၁၇၄၀ | ၁၂၉၉ | ၄၄၁ | ၄၅၁ | | ၁၀ |
| ၃၇ | ညို့တုံကျေးရွာအုပ်စု | ၃၄၉၀ | ၂၄၄၉ | ၁၀၄၁ | ၉၅၁ | ၉၀ | |
| ၃၈ | ကျွန်းဘိုကုန်းကျေးရွာအုပ်စု | ၆၆၀ | ၅၂၃ | ၁၃၇ | ၁၂၇ | ၁၀ | |
| ၃၉ | နွယ်ရောက်ကျေးရွာအုပ်စု | ၁၄၅၀ | ၁၀၃၈ | ၄၁၂ | ၄၁၂ | | |
| ၄၀ | အင်ကြင်းစုကျေးရွာအုပ်စု | ၁၉၁၀ | ၁၃၀၇ | ၆၀၃ | ၄၄၃ | ၁၆၀ | |
| ၄၁ | အင်းကန်ကျေးရွာအုပ်စု | ၁၄၇၀ | ၁၁၅၅ | ၃၁၅ | ၂၉၅ | ၂၀ | |
| ၄၂ | အင်မထီးကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၄၆ | ၃၀၄ | ၄၀၄ | | ၁၀၀ |
| ၄၃ | တောင်ရွာသစ်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၄၉၃ | ၅၀၇ | ၅၀၇ | | - |
| ၄၄ | လှော်ကားကျေးရွာအုပ်စု | ၂၄၀၀ | ၁၉၅၈ | ၄၄၂ | ၄၉၂ | | ၅၀ |
| ၄၅ | တနယ်ကျေးရွာအုပ်စု | ၃၈၆၉ | ၂၇၉၆ | ၁၀၇၃ | ၁၁၀၄ | | ၃၁ |
| ၄၆ | ပန်းကျေးရွာအုပ်စု | ၂၇၅၀ | ၂၆၇၀ | ၈၀ | ၈၀ | | |
| ၄၇ | ဝမ်းဘဲချိုင့်ကျေးရွာအုပ်စု | ၄၂၅၀ | ၃၃၀၂ | ၉၄၈ | ၉၄၈ | | |
| ၄၈ | လက်ပန်ကျေးရွာအုပ်စု | ၁၂၁၀ | ၉၃၃ | ၂၇၇ | ၂၄၄ | ၃၃ | |
| ၄၉ | ကြက်ရင်းကျေးရွာအုပ်စု | ၂၅၅၀ | ၁၈၉၅ | ၆၅၅ | ၆၅၅ | | |
| ၅၀ | ခင်အေးကျေးရွာအုပ်စု | ၁၅၆၀ | ၁၂၄၁ | ၃၁၉ | ၃၄၉ | | ၃၀ |
| ၅၁ | လယ်ဓမ္မကျေးရွာအုပ်စု | ၃၂၀၀ | ၂၅၈၉ | ၆၁၁ | ၆၂၁ | | ၁၀ |
| ၅၂ | လဲကန်ကျေးရွာအုပ်စု | ၃၀၀၀ | ၂၂၀၁ | ၇၉၉ | ၇၄၉ | ၅၀ | |
| ၅၃ | မယင်းကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၆၅ | ၃၃၅ | ၃၃၁ | ၄ | |
| ၅၄ | ဘန့်ဘွေးကျေးရွာအုပ်စု | ၈၀၀ | ၆၁၀ | ၁၉၀ | ၁၉၀ | | |
| ၅၅ | ဂျပ်ကျေးရွာအုပ်စု | ၁၂၅၀ | ၁၀၀၁ | ၂၄၉ | ၂၄၇ | ၂ | |
| ၅၆ | သစ်ကြီးတိုင်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၄၅၅ | ၄၄၅ | ၃၉၅ | ၅၀ | |
| ၅၇ | ဝက်ကျကျေးရွာအုပ်စု | ၁၇၅၁ | ၁၁၅၃ | ၅၉၈ | ၃၉၇ | ၂၀၁ | |
| ၅၈ | အိုင်းမကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၁၄ | ၆၁၆ | ၅၁၆ | ၁၀၀ | |
| ၅၉ | အေးချမ်းသာကျေးရွာအုပ်စု | ၂၀၅၀ | ၁၅၅၉ | ၄၉၁ | ၄၉၁ | | |
| ၆၀ | စစ်ရင်ကျေးရွာအုပ်စု | ၃၄၅၀ | ၂၃၇၅ | ၁၀၇၅ | ၈၇၅ | ၂၀၀ | |
| ၆၁ | မိုးကောင်းကျေးရွာအုပ်စု | ၃၃၀၀ | ၂၄၇၈ | ၈၂၂ | ၇၉၈ | ၂၄ | |
| | ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း | ၁၃၅၀၀၃ | ၁၀၀၅၉၇ | ၃၄၄၀၆ | ၃၂၅၇၈ | ၂၅၁၅ | ၆၈၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၁၇ | ၅၁၇ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၃၅၀ | | ၉၃၅၀ | ၉၃၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၄၈၇၀ | ၁၀၁၁၁၄ | ၄၃၇၅၆ | ၄၁၉၂၈ | ၂၅၁၅ | ၆၈၇ |

## သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၇။ သဲကုန်းမြို့နယ်တွင် မဲရုံပေါင်း ၁၉၆ ရုံ ရှိပြီး စုစုပေါင်းထုတ်ယူရရှိ ဆန္ဒမဲလက်မှတ် ၁၂၇၁၉၉ အနက် ၁၁၆၉၅၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၁၀၂၁ စောင်အား မြို့နယ် ကြိုတင်မဲ လက်မှတ်နှင့် ၉၂၂၈ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေးအသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၆၉၅၀ | ၈၈၄၈၈ | ၂၈၄၆၂ | ၂၇၁၅၅ | ၅၅၉၈ | ၄၂၉၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၀၂၁ | ၁၀၂၇ | (-)၆ | ၂၄ | | ၃၀ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၂၂၈ | | ၉၂၂၈ | ၉၃၅၀ | | ၁၂၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၇၁၉၉ | ၈၉၅၁၅ | ၃၇၆၈၄ | ၃၆၅၂၉ | ၅၅၉၈ | ၄၄၄၃ |

၈။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ်ထုတ်ယူရရှိသည့်အရေအတွက်မှာ ၁၁၆၉၅၀ ဖြစ်ပြီး ၈၈၄၈၈ ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၂၈၄၆၂ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၇၁၅၅ သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းအလိုက် စိစစ်တွေ့ရှိချက်အရ မဲရုံ ၇၃ ရုံတွင် မဲလက်မှတ် ၅၅၉၈ စောင် လျော့နည်း ပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၅၃ ရုံတွင် တရားမဝင် မဲလက်မှတ်ပေါင်း ၄၂၉၁ စောင် အပို ရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၉။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၀၂၁ သာရှိသော်လည်း ၁၀၂၇ သုံးစွဲထားရှိပြီး မြေပြင်လက်ကျန် ၂၄ စောင် ထပ်မံတွေ့ရှိရသည့်အတွက် တရားမဝင်ဆန္ဒမဲလက်မှတ် ၃၀ ရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။ အလားတူ မြို့နယ်လက်ကျန်မဲအရေအတွက် ၉၂၂၈ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၉၃၅၀ တွေ့ရှိရသဖြင့် တရားမဝင်မဲလက်မှတ် ၁၂၂ စောင် အပိုရှိနေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ မြို့နယ်လက်ကျန်မဲလက်မှတ် မြေပြင်တွေ့ရှိ ၉၃၅၀ စောင်(အုပ်ရေအားဖြင့် ၁၈၇ အုပ်) အနက် မဲလက်မှတ်စာအုပ် နံပါတ်စဉ်မပါ ၉ အုပ် တွေ့ရှိရပြီး ၎င်းတို့အနက် ၁ အုပ်တွင် မဲဆန္ဒရှင် လက်မှတ် (သို့မဟုတ်) လက်ဗွေအမှတ်အသား မပါ အသုံးပြုပြီးဖြတ်ပိုင်း ၄ စောင် ပါရှိနေကြောင်း တွေ့ရှိရပါသည်။

၁၁။ သဲကုန်းမြို့နယ်တစ်ခုလုံးတွင် မူလထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲ လက်မှတ်အရေအတွက် ၁၂၇၁၉၉ အနက် ၈၉၅၁၅ အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်း တွေ့ရှိရပြီး မဲလက်မှတ် ၃၆၅၂၉ ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေး တွေ့ရှိရပါသည်။

၁၂။ သဲကုန်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲ လက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၁၉၅၀ | ၁၄၁၂ | ၅၃၈ | ၅၃၈ | | |
| ၂ | ကန်တော်မင်္ဂလာရပ်ကွက် | ၂၁၀၀ | ၁၆၆၈ | ၄၃၂ | ၄၃၂ | ၂ | ၂ |
| ၃ | ချမ်းမြေ့သာယာရပ်ကွက် | ၄၀၅၀ | ၃၁၂၀ | ၉၃၀ | ၉၃၀ | ၁၄၀ | ၁၄၀ |
| ၄ | သုခဝေဖြာရပ်ကွက် | ၂၈၅၀ | ၂၂၀၈ | ၆၄၂ | ၆၄၂ | ၅၀ | ၅၀ |
| ၅ | ရပ်ကွက် (၁)၊ အောင်ရတနာ | ၁၇၅၀ | ၁၁၆၉ | ၅၈၁ | ၄၈၃ | ၂၀၀ | ၁၀၂ |
| ၆ | ရပ်ကွက်(၂)၊ဗဟို | ၁၁၅၀ | ၈၅၁ | ၂၉၉ | ၂၉၉ | ၅၀ | ၅၀ |
| ၇ | ပိတ်ချင်းကုန်းအုပ်စု | ၈၀၀ | ၅၇၈ | ၂၂၂ | ၂၂၂ | | |
| ၈ | ရဲရင့်ကန်ကျေးရွာအုပ်စု | ၆၀၀ | ၄၅၉ | ၁၄၁ | ၁၄၁ | | |
| ၉ | ရွာမကျေးရွာအုပ်စု | ၁၀၅၀ | ၈၆၀ | ၁၉၀ | ၂၄၀ | ၅၀ | ၁၀၀ |
| ၁၀ | လိန်တန်းကျေးရွာအုပ်စု | ၇၅၀ | ၅၄၉ | ၂၀၁ | ၁၅၁ | ၁၀၀ | ၅၀ |
| ၁၁ | သဖန်းချိုကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၇၁ | ၄၇၉ | ၄၂၉ | ၅၀ | |

စာမျက်နှာ ၁၈ သို့

# ရန်ကုန်မြို့တော်ဝန် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များရှိ စည်ပင်သာယာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက လှိုင်သာယာနှင့် ရွှေပြည်သာ မြို့နယ်များရှိ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် စည်ပင်သာယာရုံး၌ာနများသို့ ကွင်းဆင်းသွားရောက်၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေး) မြောက်ပိုင်း ခရိုင်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယခုအခါ လမ်းသွယ်၊ လမ်းမများတွင် ပိတ်ဆို့ထားသည့် အတားအဆီးများကို ရှင်းလင်းပြီးသော်လည်း ကျန်ရှိအမှိုက်များကို အပြီးသတ်ရှင်းလင်းရန်၊ မိမိရုံးဝင်းများအတွင်း ရေလှောင်ကန် Retention Pond များတူးထားခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းစို၍ လူကိုစိတ်ကြည်လင်စေပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အရန်ရေ စုဆောင်းနိုင်သည့်အပြင် မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းကြောင့် ရေလှောင်ကန်များတူးရန်၊ ယခုနှစ်အတွင်း လျာထားချက်နှင့်အညီ ဆောင်ရွက်ရန်ကျန်သည့် လုပ်ငန်းများ အမြန်ပြီးစီးစေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ရုံးဝင်းအတွင်းရှိ ကွန်ကရစ် ဖျော်စပ်စက်ရုံ Batching Plantများ ကြံ့ခိုင်မှုရှိအောင်ဆောင်ရွက်ထားမှု၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု၊ ရေကန်တူးရန် လျာထားမြေနေရာများအား လိုက်လံစစ်ဆေးသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး လှိုင်သာယာ (အရှေ့ပိုင်း)နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ရွှေပြည်သာမြို့နယ်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေး) မြောက်ပိုင်းခရိုင်ရုံးခွဲသို့ရောက်ရှိပြီး ကွန်ကရစ်ဖျော်စပ်စက်ရုံနှင့် ကတ္တရာကွန်ကရစ် ဖျော်စက်များ ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ထားမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများ၊ ရေကန်တူးဖော်ထားမှုများအား စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁၂ | ဖြမ္မာ့အင်းကျေးရွာအုပ်စု | ၂၉၅၀ | ၂၀၉၉ | ၈၅၁ | ၈၄၇ | ၁၀၀ | ၉၆ |
| ၁၃ | ဒါးသွေးကျောက်အုပ်စု | ၈၀၀ | ၂၈၇ | ၅၁၃ | ၂၆၃ | ၂၅၀ | |
| ၁၄ | ရုံးပင်တက်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၇၉ | ၆၂၁ | ၅၂၁ | ၁၀၀ | |
| ၁၅ | ဇီးကုန်းကျေးရွာအုပ်စု | ၁၁၀၀ | ၈၀၀ | ၃၀၀ | ၂၅၀ | ၅၀ | |
| ၁၆ | သစ်နီတောကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၄၉ | ၄၀၁ | ၃၅၀ | ၁၀၁ | ၅၀ |
| ၁၇ | မိုးတိမ်ပြင်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၆၄ | ၄၈၆ | ၄၈၆ | ၅၀ | ၅၀ |
| ၁၈ | ဆင်ကျုံးကျေးရွာအုပ်စု | ၅၅၀ | ၃၉၉ | ၁၅၁ | ၁၅၁ | | |
| ၁၉ | လင်းလဲကျေးရွာအုပ်စု | ၁၆၅၀ | ၁၃၀၉ | ၃၄၁ | ၃၄၁ | ၄ | ၄ |
| ၂၀ | ညောင်ဝင်းကျေးရွာအုပ်စု | ၂၈၀၀ | ၂၀၈၁ | ၇၁၉ | ၇၁၉ | ၁၀၀ | ၁၀၀ |
| ၂၁ | လောင့်ကြီးကျေးရွာအုပ်စု | ၂၈၅၀ | ၂၂၄၀ | ၆၁၀ | ၆၁၄ | ၂၀၀ | ၂၀၄ |
| ၂၂ | ကန့်လန့်ကုန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၇၁၂ | ၄၈၈ | ၄၈၈ | ၂၃၀ | ၂၃၀ |
| ၂၃ | သပြေလှကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၉၄ | ၄၀၆ | ၄၀၆ | ၅၀ | ၅၀ |
| ၂၄ | ဇီးအုပ်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၂၂ | ၅၂၈ | ၅၂၈ | ၅၀ | ၅၀ |
| ၂၅ | ရင်းတိုက်မှော်ကျေးရွာအုပ်စု | ၄၇၅၀ | ၃၅၄၇ | ၁၂၀၃ | ၁၁၅၃ | ၁၇၀ | ၁၂၀ |
| ၂၆ | ကျူတောကျေးရွာအုပ်စု | ၁၁၀၀ | ၇၇၉ | ၃၂၁ | ၃၂၁ | | |
| ၂၇ | ကြပ်နားကျေးရွာအုပ်စု | ၇၀၀ | ၄၇၇ | ၂၂၃ | ၂၂၃ | | |
| ၂၈ | ကွေ့တက်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၆၃၉ | ၅၆၁ | ၅၆၁ | ၄ | ၄ |
| ၂၉ | နွယ်ကောက်ကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၄၈ | ၅၅၂ | ၅၀၂ | ၁၀၀ | ၅၀ |
| ၃၀ | ညောင်ကုန်းကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၂၅ | ၈၂၅ | ၈၂၅ | ၅၀ | ၅၀ |
| ၃၁ | ထန်းရင်းရပ်ကွက် | ၉၅၀ | ၇၂၈ | ၂၂၂ | ၂၂၂ | ၅၀ | ၅၀ |
| ၃၂ | ပေါက်တောရပ်ကွက် | ၂၀၀၀ | ၁၄၆၁ | ၅၃၉ | ၄၈၉ | ၁၀၀ | ၅၀ |
| ၃၃ | သီရိရတနာရပ်ကွက် | ၁၇၅၀ | ၁၄၀၁ | ၃၄၉ | ၃၄၉ | ၅၀ | ၅၀ |
| ၃၄ | သီရိဝေဖြာရပ်ကွက် | ၁၅၅၀ | ၁၂၄၀ | ၃၁၀ | ၃၁၀ | | |
| ၃၅ | သီရိသုခရပ်ကွက် | ၂၆၅၀ | ၁၉၈၉ | ၆၆၁ | ၆၁၁ | ၁၀၀ | ၅၀ |
| ၃၆ | သီရိမင်္ဂလာရပ်ကွက် | ၁၇၅၀ | ၁၃၇၃ | ၃၇၇ | ၃၇၇ | ၅၀ | ၅၀ |
| ၃၇ | သီရိကန်သာရပ်ကွက် | ၃၅၀၀ | ၁၈၇၅ | ၁၆၂၅ | ၉၂၄ | ၇၀၁ | |
| ၃၈ | ရပ်ကွက်(၃)ခေတ်သစ်ရတနာ | ၂၀၀၀ | ၁၄၇၆ | ၅၂၄ | ၄၉၄ | ၃၀ | |
| ၃၉ | အုတ်ဆွဲကျေးရွာအုပ်စု | ၅၀၀ | ၃၈၇ | ၁၁၃ | ၁၁၃ | ၅၀ | ၅၀ |
| ၄၀ | အုတ်ဖိုကျေးရွာအုပ်စု | ၂၁၅၀ | ၁၆၂၇ | ၅၂၃ | ၄၇၃ | ၅၅၀ | ၅၀၀ |
| ၄၁ | ဇလွဲကျေးရွာအုပ်စု | ၁၅၀၀ | ၁၂၁၅ | ၂၈၅ | ၂၈၄ | ၁ | |
| ၄၂ | လက်ပံလုံးလှကျေးရွာအုပ်စု | ၉၀၀ | ၇၆၂ | ၁၃၈ | ၈၈ | ၁၀၀ | ၅၀ |
| ၄၃ | ကန်နှစ်ဆင့်ကျေးရွာအုပ်စု | ၂၃၅၀ | ၁၇၃၄ | ၆၁၆ | ၆၁၆ | ၁၀၀ | ၁၀၀ |
| ၄၄ | ရွာသစ်ကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၂၈ | ၂၇၂ | ၂၇၂ | ၅၀ | ၅၀ |
| ၄၅ | ကရင်ကုန်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၂၆၇ | ၅၃၃ | ၃၈၃ | ၁၅၀ | |
| ၄၆ | တောင်ကြို့ကုန်းကျေးရွာအုပ်စု | ၄၅၀ | ၃၀၅ | ၁၄၅ | ၁၄၅ | | |
| ၄၇ | တံခွန်တိုင်ကျေးရွာအုပ်စု | ၂၄၅၀ | ၂၀၂၉ | ၄၂၁ | ၄၂၅ | ၂၅၀ | ၂၅၄ |
| ၄၈ | ငှက်တော်မြီးကျေးရွာအုပ်စု | ၁၂၀၀ | ၉၆၈ | ၂၃၂ | ၂၃၂ | ၁၀၀ | ၁၀၀ |
| ၄၉ | ချောင်းကမ်းကြီးကျေးရွာအုပ်စု | ၁၁၀၀ | ၉၈၂ | ၁၁၈ | ၂၆၈ | | ၁၅၀ |
| ၅၀ | ကျေးသားကျေးရွာအုပ်စု | ၃၀၀၀ | ၂၅၂၃ | ၄၇၇ | ၄၆၉ | ၁၂၀ | ၁၁၂ |
| ၅၁ | တပင်မှော်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၅၂၂ | ၄၇၈ | ၄၇၈ | | |
| ၅၂ | အင်းပေါ်ငယ်ကျေးရွာအုပ်စု | ၁၆၅၀ | ၁၂၇၆ | ၃၇၄ | ၃၇၄ | ၅၀ | ၅၀ |
| ၅၃ | ဆောက်ချုံကြီးကျေးရွာအုပ်စု | ၅၅၀ | ၃၆၀ | ၁၉၀ | ၁၉၀ | | |
| ၅၄ | ကြို့ပင်သာကျေးရွာအုပ်စု | ၅၈၅၀ | ၄၈၇၆ | ၉၇၄ | ၉၂၄ | ၅၀ | |
| ၅၅ | ကျွဲခေါင်းကျေးရွာအုပ်စု | ၂၀၀၀ | ၁၄၇၉ | ၅၂၁ | ၅၂၅ | ၉၆ | ၁၀၀ |
| ၅၆ | ချားလျားကုန်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၄၈၉ | ၄၁၁ | ၄၁၁ | ၁၀၀ | ၁၀၀ |
| ၅၇ | ရပ်သာကျေးရွာအုပ်စု | ၈၅၀ | ၆၈၂ | ၁၆၈ | ၁၆၈ | | |
| ၅၈ | ဝွေးကုန်းကျေးရွာအုပ်စု | ၂၉၅၀ | ၂၂၇၀ | ၆၈၀ | ၆၈၁ | ၁၄၉ | ၁၅၀ |
| ၅၉ | မင်းလှကျေးရွာ | ၁၁၀၀ | ၈၃၀ | ၂၇၀ | ၂၆၆ | ၅၀ | ၄၆ |
| ၆၀ | ဘွတ္တောကျေးရွာအုပ်စု | ၈၅၀ | ၉၄၈ | -၉၈ | ၃၀၂ | | ၄၀၀ |
| ၆၁ | ကြို့ကုန်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၃၅ | ၅၆၅ | ၅၇၁ | ၂၀၀ | ၂၀၆ |
| ၆၂ | ရွာသာယာကျေးရွာအုပ်စု | ၁၁၅၀ | ၈၃၃ | ၃၁၇ | ၃၁၇ | | |
| ၆၃ | ကြို့ရပ်သာကျေးရွာအုပ်စု | ၁၅၀၀ | ၁၁၂၃ | ၃၇၇ | ၃၄၈ | ၁၀၀ | ၇၁ |
| | စုစုပေါင်း | ၁၁၆၉၅၀ | ၈၈၄၈၈ | ၂၈၄၆၂ | ၂၇၁၅၅ | ၅၅၉၈ | ၄၂၉၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# သီတဂူဆရာတော်ကြီး၏ သက်တော် (၈၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအဖြစ် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ခုနစ်ခုမှ သံဃာတော်အပါး ၁၂၀၀ အား လှူဖွယ်ပစ္စည်းများ လှူဒါန်းမည်

**စစ်ကိုင်း မတ် ၂၆**

၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်နေ့ (တပေါင်းလပြည့်နေ့) တွင် ကျရောက်မည့် ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု၊ တွဲဖက် ရွှေကျင် သာသနာပိုင် သီတဂူဆရာတော်ကြီး၏ သက်တော် (၈၄)နှစ်ပြည့် မွေးနေ့မင်္ဂလာတွင် မြန်မာပြည်အနှံ့အပြားရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ခုနစ်ခုမှ သံဃာတော်အပါး ၁၂၀၀ အား လှူဖွယ်ပစ္စည်းများ လှူဒါန်းမည်ဖြစ်ကြောင်း စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သိရသည်။

ယခုနှစ်၌ တစ်ကမ္ဘာလုံးတွင် ကျရောက်နေသော ကိုဗစ်-၁၉ ရောဂါကြောင့် သီတဂူဆရာတော်ကြီး၏ မွေးနေ့မင်္ဂလာကို ယခင်နှစ်များကဲ့သို့ မကျင်းပတော့ဘဲ သီတဂူဆရာတော်ကြီး ဦးစီးတည်ထောင်ထားသည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ခုနစ်ခုမှ စုစုပေါင်း သံဃာတော်အပါး ၁၂၀၀ ကို လှူဖွယ်ပစ္စည်းများသာ လှူဒါန်းမည်ဖြစ်ကြောင်း စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် အရှင်ကောဝိဒက မြွက်ကြားသည်။

"အစက စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး (၃)ရပ်က ရဟန်း၊ သာမဏေ၊ သီလရှင်တွေပါ ဆွမ်းဆန်တော်၊ ဆီစတဲ့ လှူဖွယ်ပစ္စည်းတွေ လှူဒါန်းဖို့ရာ အကြောင်းကြောင်းကြောင့် ဖျက်ပစ်လိုက်ရတယ်။ အခု သီတဂူဆရာတော်ကြီး ဦးစီးတည်ထောင်ထားတဲ့ မြန်မာပြည်မှာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ခုနစ်ခု ရှိတယ်။ အဲဒီတက္ကသိုလ် ခုနစ်ခုက သံဃာအပါး ၁၂၀၀ ကို သင်္ကန်း၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာခဲ၊သွားတိုက်တံ စတဲ့အသုံးဆောင်ပစ္စည်းတွေ လှူဒါန်းပါမယ်။ လှူဒါန်းတဲ့အခါ သံဃာတော်တွေ အကုန်လုံး မပင့်ဖိတ်တော့ဘူး။ တက္ကသိုလ်တစ်ခုကို တစ်ပါးဖိတ်ပြီး ပေးအပ်လှူဒါန်းမှာပါ"ဟု ဆရာတော်က မြွက်ကြားသည်။

**ခိုင်ဇေယျ**



ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း ဈေးပေါင်း ၁၈၄ ဈေးရှိရာ မြို့နယ်အသီးသီးရှိ ဈေးများတွင် ကုန်စည်အဝင်နှင့် အထွက်များမှာလည်း ပုံမှန်ဝင်ရောက်လျက်ရှိပြီး မတ် ၂၆ ရက်က လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးတွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၃ - ၂၀၂၁

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# CDM ကို ထောက်ခံတဲ့သူက ထောက်ခံသလို ကျွန်တော်တို့လို ကန့်ကွက်တဲ့သူကလည်း ကန့်ကွက်ပါတယ်။ ဒါက နိုင်ငံရေးသဘောတရားပါ။ သူ့ရဲ့အမြင် ကိုယ့်ရဲ့ အမြင်ဆိုတာ လက်ခံရမယ်။ ဒါမှ နိုင်ငံရေးသမား ခေါ်တာပါ။ လမ်းပေါ်တက်တာက နိုင်ငံရေးသမား မဟုတ်ပါဘူး

## ကောင်းကင်

**လတ်တလော ဖြစ်ပွားနေသည့် Civil Disobedience Movement (CDM) လှုပ်ရှားမှုနှင့် အကြမ်းဖက်ဆန္ဒပြမှုများအပေါ် တာဝန်သိနိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦးဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်းအား ၎င်း၏အမြင်နှင့် ခံစားချက်များကို မေးမြန်းပြီး ဖော်ပြလိုက်ပါသည် –**

*(ယမန်နေ့မှ အဆက်)*

ဒါဆို ကျွန်တော်လည်း ဆန္ဒပြမယ်။ သူတို့တောင်းဆိုတဲ့အချက်ကိုပဲ ကြည့်လေ။ ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေး။ ဦးဝင်းမြင့် လွှတ်ပေးရေး။ ဟိုရွေးကောက်ပွဲရလဒ်တွေ။ ဒါတွေကို ကျွန်တော် လက်မခံနိုင်ပါဘူး။ တောင်းဆိုချက်က တိုင်းပြည်ကောင်းစားဖို့ ဘာတစ်ခုမှ မရှိဘူး။ လွှတ်ပေးပြီး သူတို့အစိုးရ ဖြစ်လာပြီးသွားပြီ။ ငါးနှစ်လုံး တစ်စစီ အကုန်လုံး ဖြစ်သွားပြီ။

ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေ CDM မှာ ပါဝင်တာ ကိုယ့်ရဲ့ ဝန်ထမ်းဘဝကိုလည်း ကိုယ်က ပြန်ပြီး မသုံးသပ်ဘူး။ မလေ့လာဘူး။ မလေ့လာဘဲနဲ့ ကိုယ်က ဒါကို ဝင်ပါတယ်ဆိုတော့ ပေးဆပ်မှုတွေသည် အံ့သြတယ်လို့ ကျွန်တော်ပြောချင်တယ်။ ဖြစ်သင့်သလား၊ မဖြစ်သင့်သလားဆိုတာ စဉ်းစားကြည့်ပြီး သွားပြီဆိုရင် မိမိရဲ့သက်ဆိုင်ရာလုပ်ငန်းခွင်ကို ဝင်ပေးကြပါလို့ပဲ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာရပ်မှာ ပြောထားတဲ့ နိုင်ငံရေးရဲ့ သဘောသဘာဝ၊ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်၊ လူ့အခွင့်အရေးရဲ့ အဓိပ္ပာယ်တွေကို နားလည်သွားပြီဆိုရင်တော့ နိုင်ငံ့ဝန်ထမ်းတွေ ကိုယ့်ရဲ့လုပ်ငန်းခွင်ကို ပြန်ဝင်ကြပါလို့ ကျွန်တော် ပြောချင်ပါတယ်။



တာဝန်သိနိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦးဖြစ်သူ ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်းနှင့် တွေ့ဆုံမေးမြန်းစဉ်။

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ထဲမှာ နိုင်ငံ့ဝန်ထမ်းသည် ပါတီနိုင်ငံရေးကင်းရှင်းရေးနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ရှောင်ကြဉ်ရမည်တဲ့၊ ပါတီနိုင်ငံရေး ပြုလုပ်ခြင်း၊ ပါတီနိုင်ငံရေးလှုပ်ရှားမှုတွင် ငွေကြေး အကူအညီပေးခြင်း၊ အခြားနည်းနဲ့ ထောက်ပံ့ခြင်း၊ ပါတီနိုင်ငံရေးအဖွဲ့အစည်းတွင် ပါဝင်ခြင်းတို့ဖြစ်ပါတယ်။ အဓိပ္ပာယ်က ရှင်းရှင်းလေးပါ။ ပါတီနိုင်ငံရေးကို မပတ်သက်နဲ့ ရတယ်။ အခုဒီမှာ ကျွန်တော်လာပြောတယ်။

**“ကျွန်တော်ပြောတာက ကျွန်တော့်မှာ ပါတီစွဲနဲ့ ပြောနေတာမဟုတ်ဘူး၊ ပုဂ္ဂိုလ်စွဲနဲ့ ကျွန်တော်ပြောနေတာ မဟုတ်ဘူး။ ဒါအမျိုးသားနိုင်ငံရေးနဲ့ ပြောနေတာ။ တပ်မတော်သားတွေက အမျိုးသားနိုင်ငံရေး လုပ်နေတာပါ။ အမျိုးသားနိုင်ငံရေးသမားဆိုတာ တပ်မတော်ကလည်း နိုင်ငံရေးသမား။ ကျွန်တော်တို့လို ဝန်ထမ်းတွေကလည်း နိုင်ငံရေးသမား။ ရဟန်းသံဃာတွေလည်း နိုင်ငံရေးသမား။ ဈေးရောင်းတဲ့ ဈေးသည်တွေလည်း နိုင်ငံရေးသမား။ ယုတ်စွအဆုံး နိုင်ငံတကာမှာရှိတဲ့ တောင်းရမ်းစားသောက်နေတဲ့သူတွေတောင် ဒါနိုင်ငံရဲ့ပြယုဂ်ပဲ။ လူ့အဖွဲ့အစည်းထဲမှာပါပြီး သွားပြီ။ ဒါလည်း နိုင်ငံရေးသမားပဲ။ နိုင်ငံတော်မှာ မှီတင်းနေထိုင်တဲ့သူတွေက အကုန်လုံး နိုင်ငံရေးနဲ့ သက်ဆိုင်တယ်။ နိုင်ငံ့ဝန်ထမ်းတွေကလည်း နိုင်ငံတော်အတွက်ကို အလုပ်လုပ်နေကြတယ်။ သူဦးတည်တာက နိုင်ငံတော်ကောင်းစားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အတွင်းမှာရှိတဲ့ ရဟန်းရှင်လူပြည်သူတွေကို ဝန်ဆောင်မှုပေးရမယ်”**

ဒါ ပါတီနိုင်ငံရေး။ **ကျွန်တော်ပြောတာက ကျွန်တော့်မှာ ပါတီစွဲနဲ့ ပြောနေတာမဟုတ်ဘူး၊ ပုဂ္ဂိုလ်စွဲနဲ့ ကျွန်တော်ပြောနေတာ မဟုတ်ဘူး။ ဒါအမျိုးသားနိုင်ငံရေးနဲ့ ပြောနေတာ။ တပ်မတော်သားတွေက အမျိုးသားနိုင်ငံရေး လုပ်နေတာပါ။** အမျိုးသားနိုင်ငံရေးသမားဆိုတာ တပ်မတော်ကလည်း နိုင်ငံရေးသမား။ ကျွန်တော်တို့လို ဝန်ထမ်းတွေကလည်း နိုင်ငံရေးသမား။ ရဟန်းသံဃာတွေလည်း နိုင်ငံရေးသမား။ ဈေးရောင်းတဲ့ ဈေးသည်တွေလည်း နိုင်ငံရေးသမား။ ယုတ်စွအဆုံး နိုင်ငံတကာမှာရှိတဲ့ တောင်းရမ်းစားသောက်နေတဲ့သူတွေတောင် ဒါနိုင်ငံရဲ့ပြယုဂ်ပဲ။ လူ့အဖွဲ့အစည်းထဲမှာ ပါပြီးသွားပြီ။ ဒါလည်း နိုင်ငံရေးသမားပဲ။ နိုင်ငံတော်မှာ မှီတင်းနေထိုင်တဲ့သူတွေက အကုန်လုံး နိုင်ငံရေးနဲ့ သက်ဆိုင်တယ်။ နိုင်ငံ့ဝန်ထမ်းတွေကလည်း နိုင်ငံတော်အတွက်ကို အလုပ်လုပ်နေကြတယ်။ သူဦးတည်တာက နိုင်ငံတော်ကောင်းစားရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အတွင်းမှာရှိတဲ့ ရဟန်းရှင်လူပြည်သူတွေကို ဝန်ဆောင်မှုပေးရမယ်။

ဒါပါတီနိုင်ငံရေးမဟုတ်ဘူး။ နိုင်ငံ့ဝန်ထမ်းကို သတ်မှတ်ထားတာက ပါတီနိုင်ငံရေး ကင်းရှင်းရမည်လို့ သတ်မှတ်ထားတာ။ ဒီပါတီနဲ့ ပတ်သက်တာတွေ မလုပ်နဲ့။ ပြောချင်လား ပြောချင်ရင်ရတယ်။ အမျိုးသား နိုင်ငံရေးလုပ်။ တကယ်လည်း နိုင်ငံ့ဝန်ထမ်းတွေက အမျိုးသားနိုင်ငံရေးနဲ့ သက်ဆိုင်နေတာ။ လုပ်စရာရှိတာ လုပ်မယ်။ ပြောစရာရှိတာ ပြောမယ်။ ဒီလူ့ကို ထောက်ခံတယ်။ ထောက်ခံတာ မဟုတ်ပါဘူး၊ ရပ်တည်ပေးနေတာပါ။ ရပ်တည်သင့်လို့ ရပ်တည်တာ။ ထောက်ခံနေတာနဲ့ မတူဘူး။ သူတို့ကျတော့ အခု ထောက်ခံနေတာပါ။

ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ ထောက်ခံနေတာ ဒါဆိုရင် ပါတီနိုင်ငံရေးဖြစ်သွားပြီ။ နိုင်ငံ့ဝန်ထမ်းက ပါတီနိုင်ငံရေး မလုပ်ရဘူး။ အမျိုးသားနိုင်ငံရေးတော့ လုပ်ရမယ်၊ နိုင်ငံ့ဝန်ထမ်းရဲ့ သဘောသဘာဝကို နားလည်ရမယ်။ နိုင်ငံတော်အတွက် လုပ်နေတာပါ။ တပ်ချုပ်ကို ကိုယ်စားမပြုပါဘူး။ ကျွန်တော်တို့က နိုင်ငံတော်ကို ကိုယ်စားပြုတဲ့ နိုင်ငံ့ဝန်ထမ်းတွေပါ။ ပါတီနိုင်ငံရေးက အဲဒီလို မဟုတ်ပါဘူး။ ပါတီဥက္ကဋ္ဌကို ကိုယ်စားပြုတယ်။ ပါတီဥက္ကဋ္ဌရဲ့ ကိုယ်ကျိုး၊ ပါတီရဲ့ ကိုယ်ကျိုး အဲဒါတွေကို ကိုယ်စားပြုပြီးတော့မှ ပါတီနိုင်ငံရေးဆိုတာ လုပ်တာပါ။ လွဲမှားနေတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ပါတီနိုင်ငံရေး လုပ်လို့ရလား၊ မရလားဆိုတာ ဒီလိုရှိတယ်။ နိုင်ငံ့ဝန်ထမ်းတွေက နိုင်ငံတော်အတွက်ပဲ အလုပ်လုပ်ရမယ်။ နိုင်ငံတော်ကို ကိုယ်စားပြုရမယ်။ ပါတီကို ကိုယ်စားမပြုဘူး။ အဲဒါ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ ဒါလေး သဘောသဘာဝကို နားလည်ဖို့ ပြောပြတာပါ။

**မေး ။ ။ ဆရာ့အနေနဲ့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောပြပေးပါဦး။**

**ဖြေ ။ ။** ကျွန်တော်က ပြည်သူတစ်ယောက်အနေနဲ့ ကျွန်တော်က တပ်မတော်သားလည်း မဟုတ်ပါဘူး။ မိဘတွေ၊ ညီအစ်ကို မောင်နှမတွေထဲမှာလည်း တပ်မတော်သားတစ်ယောက်မှ မပါဘူး။ ဒါက ပြည်သူတစ်ယောက်အနေနဲ့ ရင်ဖွင့်တာပါ။ ပြည်သူတွေအနေနဲ့ မြဝတီတို့၊ MRTV တို့ကို ကြည့်ပါ။ ရွေးကောက်ပွဲ မဲမသမာမှုတွေကို ချပြနေပါတယ်။ ဖော်ထုတ်နေပါတယ်။ နောက်ဆက်တွဲတွေလည်း ထပ်လာဖို့တွေ အများကြီးရှိနေသေးတယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုဆန္ဒပြပွဲတွေက လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား စဉ်းစားပါ။

**ပြည်သူတွေထဲမှာ ဒလန်ဆိုပြီး တက်တူးတွေထိုးတယ်။ ကတုံးတွေရိတ်တယ်။ ကိုယ့်ရဲ့ ရပ်ကွက်ထဲမှာ ဖြစ်နေတာတွေကို တားဆီးပေးပါ။ အခုဆိုရင် သတ်တာတွေလည်း ဖြစ်နေပါပြီ။ လူစုလူဝေးဖြစ်ရင်တော့ ဒါတွေက ဖြစ်နေမှာပဲ။ ဒါကြောင့် မိမိတို့ရပ်ကွက်၊ လမ်းထဲမှာ လူစုလူဝေးလုပ်ရင်တော့ ကိုယ့်လမ်းထဲက လူတွေပဲလား၊ လူစိမ်းပါသလား ကြည့်ပါ။ ဦးစွာလိုက်ရှာပါ။ ကိုယ့်လမ်းထဲက လူတွေဆိုရင်တော့ ကိုယ့်အချင်းချင်း ပြန်ထိန်းပါ။ မသမာတဲ့သူတွေက ဝင်ရောကောင်း ရောနိုင်တယ်။ သူစိမ်းဆိုရင်လည်း ကိုယ့်လမ်းထဲက မောင်းထုတ်လိုက်ပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာပါ။**

နောက်ဆန္ဒပြတဲ့သူတွေ အများဆုံးပြောနေတာက အနာဂတ်နောင်ရေးဆိုပြီး အနာဂတ်ဆိုတာ နောက်မှပါ။ အခုလောလောဆယ် ထမင်းစားဖို့ အရင်ပြင်ဆင်ပါ။ အခုဆိုရင် လုပ်ငန်းရှင်တွေ သူတို့ အလုပ်သမားတွေကို လစာပေးဖို့အဆင်မပြေဘူး။ သူတို့ ဘဏ်မှာ ATM စက်တစ်လုံးမှာ အယောက် ၅၀ ပါ။ သူတို့တန်းစီနေကြတယ်။ အကုန်လုံးက ဒုက္ခရောက်နေကြပါပြီ။ စီးပွားရေးတွေလည်း ဒုက္ခရောက်နေတယ်။ စက်ရုံတွေ မီးရှို့တယ်။

*စာမျက်နှာ ၂၁ သို့*

စာမျက်နှာ ၂၀ မှ

ဘယ်သူ ဒုက္ခရောက်မလဲ။ ကျွန်တော်တို့ ပြည်သူတွေပဲ ဒုက္ခရောက်မယ်။ စက်ရုံပိုင်ရှင်တွေက သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို အာမခံကုမ္ပဏီတွေမှာ အာမခံတင်ထားတယ်။ ပျက်စီးဆုံးရှုံးမှုတွေကို အာမခံကုမ္ပဏီက ပြန်လျော်ပေးရမယ်။ စက်ရုံပြန်လည်လည်ပတ်ဖို့အတွက် အချိန်တွေ အများကြီးကုန်မယ်။ အဲဒီအချိန်မှာ အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်မယ်။ ဘယ်သူတွေ ဒုက္ခရောက်မလဲ ကျွန်တော်တို့ ပြည်သူတွေပဲ ဒုက္ခရောက်မယ်။

ဒါကြောင့် စက်ရုံမီးရှို့တယ်ဆိုရင် ရှို့တဲ့သူကို အတိအကျ ဖော်ထုတ်ပါ။ ရှို့တာကို လက်မခံပါနဲ့။ ကိုယ်တိုင်လည်း မပူးပေါင်းပါနဲ့။ အဲဒီလူကိုလည်း အမိအရဖမ်းပါ။ အဲဒီလူသည် အဖျက်သမား။ တိုင်းပြည်ကို ဒီမိုကရေစီရအောင် မိတ်ဆွေတို့ရှေ့က ဦးဆောင်နေတဲ့သူတွေ မဟုတ်ပါဘူး။ တိုင်းပြည်ကို ကောင်းအောင် လုပ်မယ့်သူတွေ မဟုတ်ပါဘူး။ ဖျက်ဆီးမယ့်သူတွေ ဖြစ်တယ်။ အဲဒီအတွက် ဆန္ဒပြနေတဲ့ ဂျန်နရေးရှင်းဇက်တွေ၊ ပြည်သူတွေ၊ ညီအစ်ကိုမောင်နှမတွေ ကိုယ်လုပ်နေတဲ့ လုပ်ရပ်က မှန်ကန်သလား စဉ်းစားပါ။

ကျွန်တော်တို့ ပြည်သူတွေ၊ ဝန်ထမ်းတွေ အေးအေးချမ်းချမ်းနေချင်ပါတယ်။ ဒီဆန္ဒပြပွဲတွေ အမြန်ဆုံးရပ်သိမ်းသွားမှသာလျှင် စားဝတ်နေရေးတွေ ပြန်ပြီးအဆင်ပြေလာမှာပါ။ ကိုဗစ်ကြောင့် ကျွန်တော်တို့ ဒုက္ခတွေလည်း ရောက်ပြီးသွားပြီ။ ဒီကြားထဲမှာ ဆန္ဒပြပွဲတွေကြောင့် စီးပွားတွေ ပျက်စီးရမယ်ဆိုရင် လုံးဝဖြစ်မှာမဟုတ်ပါဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကတိပေးထားပါတယ်။ တစ်နှစ်ဆိုတာ ခဏလေးပါ။ ခဏလေး သည်းခံစောင့်ကြည့်ပေးပါ။ ငါးနှစ်လုံးလုံး ဒေါ်အောင်ဆန်းစုကြည် အုပ်ချုပ်ခဲ့တာတောင် သည်းခံခဲ့တယ်ဗျာ။

**ကျွန်တော့် မိတ်ဆွေတွေ ထောက်ခံတယ်။ ကျွန်တော် မထောက်ခံဘူး။ ကျွန်တော် မထောက်ခံဘဲ ဆန္ဒထွက်ပြသလား။ မပြခဲ့ဘူး။ ကျွန်တော် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ကျွန်တော် သည်းခံပြီးတော့ပဲ နေခဲ့တယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေအနဲ့အညီ နေခဲ့တယ်။ ဒီအတိုင်းပဲ CDM ပါတဲ့ နိုင်ငံ့ဝန်ထမ်းတွေ အနေနဲ့ တစ်နှစ်လေး သည်းခံလိုက်ပါ။ ဒီတစ်နှစ်ပြီးသွားရင် ရွေးကောက်ပွဲ ပြန်ပြီးကျင်းပပေးမယ်လို့ အာမခံပေးပြီးသားပါ။ ကျွန်တော်လည်း အာမခံတယ်။ ကျိန်းသေပြောရဲတယ်။ ဦးသိန်းစိန် ငါးနှစ်နဲ့တောင် ဒီဟန်းဆက် ကိုင်နိုင်တယ်ဗျာ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ပြီး အုပ်ချုပ်သွားဦး။ နောက်ထပ် ၁၀ နှစ်ဆို စင်ကာပူထက် ကျော်နိုင်တယ်။ ဒါကို ကျွန်တော် ရဲရဲကြီး ပြောရဲတယ်။**

ဘာဖြစ်လို့လဲဆိုတော့ သူတို့လုပ်တာ ဒီမိုကရေစီကျကျပဲ လုပ်သွားတဲ့အတွက် ဖြစ်ပါတယ်။ အခု လုပ်နေတာလည်း ဆန္ဒပြမှုကို အညင်သာဆုံးနဲ့ပဲ လူသားဆန်ဆန် လုပ်နေတာပါ။ ဆန္ဒပြ ပြည်သူတွေ ခဏလေး သည်းခံပေးပါလို့။ လက်ရှိပြနေတဲ့ ပြည်သူတွေလည်း မပြကြပါနဲ့တော့။ ပြည်သူတွေ မျက်နှာကြည့်ပါ။ လက်ရှိ CDM ထဲမှာ မပါတဲ့ ဝန်ထမ်းတွေကို နိုင်ငံရေးသဘောသဘာဝအရ ကိုယ်နဲ့မတူပေမယ့်လည်း လေးစားပေးဖို့ပါ။ အလေးထားပေးဖို့ပါ။ ကိုယ့်ရဲ့လိုဘပဲ မလုပ်ဖို့ပါ။ ဒါလေး မေတ္တာရပ်ခံချင်ပါတယ်။

**“နောက်ဆန္ဒပြတဲ့သူတွေ အများဆုံးပြောနေတာက အနာဂတ်နောင်ရေးဆိုပြီး အနာဂတ်ဆိုတာ နောက်မှပါ။ အခုလောလောဆယ် ထမင်းစားဖို့ အရင်ပြင်ဆင်ပါ။ အခုဆိုရင် လုပ်ငန်းရှင်တွေ သူတို့ အလုပ်သမားတွေကို လစာပေးဖို့ အဆင်မပြေဘူး။ သူတို့ဘဏ်မှာ ATM စက်တစ်လုံးမှာ အယောက် ၅၀ ပါ။ သူတို့တန်းစီနေကြတယ်။ အကုန်လုံးက ဒုက္ခရောက်နေကြပါပြီ။ စီးပွားရေးတွေလည်း ဒုက္ခရောက်နေတယ်။ စက်ရုံတွေမီးရှို့တယ်။ ဘယ်သူဒုက္ခရောက်မလဲ။ ကျွန်တော်တို့ ပြည်သူတွေပဲ ဒုက္ခရောက်မယ်။ စက်ရုံပိုင်ရှင်တွေက သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို အာမခံကုမ္ပဏီတွေမှာ အာမခံတင်ထားတယ်။ ပျက်စီးဆုံးရှုံးမှုတွေကို အာမခံကုမ္ပဏီက ပြန်လျော်ပေးရမယ်။ စက်ရုံပြန်လည် လည်ပတ်ဖို့အတွက် အချိန်တွေ အများကြီးကုန်မယ်။ အဲဒီအချိန်မှာ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်မယ်။ ဘယ်သူတွေ ဒုက္ခရောက်မလဲ ကျွန်တော်တို့ ပြည်သူတွေပဲ ဒုက္ခရောက်မယ်”**

**မေး ။ ။အခုဆိုရင် လူမှုကွန်ရက် စာမျက်နှာတွေပေါ်မှာ Social Bullying လုပ်တာ တွေ့ရပါတယ်။ လမ်းတွေ ပိတ်ဆို့တာတွေလည်း ရှိတယ်။ ဒီလိုအခြေအနေ အပေါ်မှာ အမြင်လေးသိပါရစေ။**

**ဖြေ ။** ။ ဒါတွေက နိုင်ငံရေးသဘောသဘာဝ မဟုတ်တော့ဘူး။ အစွန်းရောက်သွားပြီ။ နိုင်ငံရေးမှာကျတော့ လူ့အဖွဲ့အစည်းကို လေးစားလိုက်နာမှု ရှိရမယ်။ လူသားအချင်းချင်း လေးစားလိုက်နာမှုရှိရမယ်။ အသိအမှတ်ပြုရမယ်။ ဒါမျိုးတွေ ရှိပါတယ်။ အခုက လမ်းပိတ်ဆို့တယ်။ ဘယ်သူ ဒုက္ခရောက်မလဲ။ ပြည်သူတွေပဲ ဒုက္ခရောက်တာပါပဲ။ လုပ်တဲ့သူတွေက ပြည်သူက နည်းနည်း၊ အဖျက်လုပ်တဲ့သူက များများပါ။

ဆန္ဒပြချင်ရင် ကိုယ့်ရပ်ကွက်၊ ကိုယ့် အိမ်ရှေ့မှာပဲ ဆန္ဒပြ၊ လမ်းမကြီးတွေကို ပိတ်တဲ့အခါကျတော့ တကယ့်တကယ် မီးဘေးဆိုရင်လည်း မီးသတ်ကား သွားမရ၊ ကိုယ့်အိမ်မှာ တခြားသူက လာပြီး လူအုပ်စုကို အမှီသဟဲပြုပြီး၊ အိမ်ဓားပြတိုက်တာတွေ၊ လုတာတွေ ဒါမျိုးတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်။ လမ်းတွေပိတ်ထားရင် ဖမ်းပြီး ရဲစခန်းပို့ဖို့တောင် ဘယ်လိုလုပ်မလဲ။ ကိုယ့်အိမ်ထဲက မိသားစု ကျန်းမာရေးအရေးပေါ်ရင် ကိုယ့်မိသားစုပဲ ဒုက္ခရောက်မှာပါ။ အဲဒီအတွက် လမ်းတွေ ပိတ်တာကို မလုပ်ကြပါနဲ့တော့။ တိုင်းပြည် ပြန်လည်ဖွံ့ဖြိုးဖို့အတွက်ကို ဆင်ဆင်ခြင်ခြင် သည်းခံပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

အဖျက်သမား အုပ်စုတွေက Social Bullying လုပ်ကြတယ်။ အရှက်ခွဲခံရတယ်။ တချို့က သတင်းတုတွေနဲ့ Social Punishment လုပ်ကြတယ်။ သတင်းတုတွေထွက်တယ်။ အဲဒီ သတင်းအတုတွေကို ယုံကြတယ်။ သတင်းတုကို မယုံကြပါနဲ့။ ဖေ့စ်ဘွတ်သုံးတဲ့အခါ သတင်းနဲ့ အတင်းရှိတယ်၊ သုံးတတ်ဖို့လိုတယ်။ တက်လာတာတွေဟာ သတင်းလား၊ အတင်းလား။ အတင်းဆိုတာ လူတစ်ယောက်ကို တိုက်ခိုက်တာ၊ ယုတ်မာတာ။

အစိုးရကို ဝေဖန်တာနဲ့ မတူတော့ဘူး။ အပြုသဘော မဆောင်တော့ဘူး။ အစိုးရကို နစ်နာအောင် ပြောဆိုတာတွေက တိုက်ခိုက်တာပါ။ ကိုယ့်ရဲ့အခွင့်အရေး၊ ပြည်သူရဲ့ အခွင့်အရေးအတွက် ဝေဖန်ထောက်ပြတာမျိုးက အပြုသဘောဆောင်သင့်ပါတယ်။ အပြုသဘောဆောင်ပြီး ဝေဖန်တာနဲ့ တိုက်ခိုက်တာ နှစ်မျိုးရှိသလို သတင်းနဲ့ အတင်းဆိုတာ နှစ်မျိုးရှိတယ်။ Social Bullying လုပ်နေတဲ့ဟာတွေကြောင့် သတင်းတုတွေ၊ သတင်းယောင်တွေ အများကြီးဖြစ်ပေါ်နေတယ်။ အဲဒါတွေကို လိုက်ခ်လုပ်တာ၊ ရှယ်တာမျိုး မလုပ်ကြပါနဲ့။

တက်လာတဲ့ သတင်းတိုင်းကိုလည်း မယုံကြည်ပါနဲ့။ အခု RFA ၊ DVB ၊ Mizzima တို့ လွှင့်တာတွေက တရားမဝင်ပါဘူးလို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားတယ်။ အခုငြိမ်သွားတယ်ဆိုတာက ပွင့်ပွင့်လင်းလင်းပြောရရင် ဒီဟာကို ပိတ်သိမ်းလိုက်လို့ပဲ။ ဒီတားမြစ်ချက်ကို ထုတ်လိုက်လို့ပဲ။ ဆန္ဒပြပွဲအများစုကို ကြည့်လိုက်ရင် သတင်းထောက်တွေက ရှေ့ဆုံးကပဲ။ ဟိုက ဖြိုခွဲတော့မယ်ဆို သူတို့က ကျွန်တော်တို့ သတင်းသမားတွေပါဆိုပြီး နောက်ပြန်ရောက်သွားပြီ။ အဲဒီလိုနဲ့ ဆူပူအကြမ်းဖက်မှုဖြစ်အောင် လုပ်နေတာက မီဒီယာတွေပဲ။ မီဒီယာသမားတွေကိုလည်း မယုံကြပါနဲ့။

ကျွန်တော် အဓိက ပြောချင်တာက အိမ်ရှင်သည်သာ မိမိအိမ်ကို မိမိပြင်နိုင်မှာပါ။ ကျွန်တော့်အိမ်ကို အစိုးရက လာမပြင်ပေးဘူး။ ကျွန်တော် ဘာသာ ပြင်ရမှာပါ။ အိမ်ရှင်သည်သာ ကိုယ့်အိမ်ကို ပြင်နိုင်မှာပါ။ ဒီအတိုင်းပဲ ကိုယ့်နိုင်ငံရဲ့ ပြည်တွင်းရေးကို R2P တွေ၊ UN တွေ တွေးခေါ်မနေပါနဲ့။ အစဉ်အဆက်ကို ပြန်ပြီးလေ့လာပါ။

အမေရိကန်မှာလည်း သူ့ဟာနဲ့သူ ပြဿနာတွေ ဖြစ်နေကြတာပါ။ ဘာမှ လုပ်လို့မရဘူး။ R2P လည်း မျှော်မနေပါနဲ့။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေ့လာပါ။ မြန်မာ့တပ်မတော်မှာ လက်နက်တွေ အနေနဲ့ ဘာတွေ ပိုင်ဆိုင်မှုရှိတယ်။ မြန်မာ့တပ်မတော်ဟာ ဘယ်လောက်အထိ စစ်အင်အားကောင်းသလဲ၊ စည်းကမ်း ဘယ်လိုပြည့်ဝသလဲ၊ အားအင် ဘယ်လိုမျိုးရှိသလဲ၊ ဒါတွေကို အားကိုးပါ။ ကိုယ့်နိုင်ငံကို အားကိုးပါ။ သူများနိုင်ငံကို အားမကိုးပါနဲ့။ တိုက်ယူလို့ မရရင် ဘာလုပ်မလဲ၊ မေတ္တာပါ။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသွားတယ်။ ဂန္ဒီ တိုက်ခဲ့တာသည် လက်နက်နဲ့ တိုက်ခဲ့တာ မဟုတ်ပါဘူး။ သူသည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြီးတော့ တိုက်ခဲ့တာပါ။ အခု ဆန္ဒပြနေတာက ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းမဟုတ်ဘူး။ လက်နက်တွေ ပါလာတယ်။ ဒါတွေက မဖြစ်သင့်ဘူး။ ဂန္ဒီတုန်းက ဘာလက်နက်မှ မယူဘူး။ ရိုက်ရင်ခံတယ်။ ရိုက်ရင် ခံပြီး အချုပ်ကျ၊ ထောင်ကျ အဲဒီလိုမျိုးနဲ့ပါ။ အဲဒါကြောင့်မို့လို အိန္ဒိယနိုင်ငံရဲ့ လွတ်လပ်ရေးဖခင်လို့ အားလုံးက ယုံကြည်ခဲ့တယ်။

ဒီခေတ်မှာကျတော့ အဲဒီလိုမျိုးမဟုတ်ဘူး။ ဆူပူဆန္ဒပြတဲ့သူတွေ၊ မင်းမဲ့စရိုက်တွေက လက်နက်တွေ သုံးတဲ့အခါကျတော့ ဒါက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်း မဟုတ်တော့ဘူး။ ပြည်သူတွေလည်း သိဖို့ ပြောပြတာပါ။ တရားမဝင်လက်နက်ကိုင်တာနဲ့ သူ့ကို အကြမ်းဖက်လို့ပဲ သတ်မှတ်ထားပါတယ်။ နိုင်ငံတော်လုံခြုံရေးအတွက် လက်နက်ကိုင်တာ မဟုတ်ပါဘူး။ တကယ်ကို ဒီမိုကရေစီ ရချင်တယ်ဆိုရင် ငြိမ်းချမ်းစွာဆန္ဒပြပါ။ အဲဒီကျရင် အခြေအနေ ပြောင်းလဲသွားပါလိမ့်မယ်။ ဆန္ဒပြတော့မယ်ဆိုရင် ဘာလက်နက်မှ မကိုင်ပါနဲ့။ ဖမ်းမယ်ဆိုလည်း အဖမ်းခံလိုက်ပါ။ ရိုက်တာ ပုတ်တာလည်း လုပ်မှာ မဟုတ်ပါဘူး။ လက်နက်မကိုင်ဘဲနဲ့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တာနဲ့ လက်နက်ကိုင်တာ ဘယ်လို ကွာခြားသွားမလဲဆိုတာ ကြည့်ပါ။ အိန္ဒိယနိုင်ငံကို အတုယူပါလို့ ကျွန်တော် ပြောပါရစေ။

ကိုယ့်အိမ်ရှေ့မှာ အဲဒီလို အကြမ်းဖက်မှုတွေ လုပ်မယ်ဆိုရင် လမ်းထဲကလူတွေက မောင်းထုတ်ပေးပါ။ ဆူပူဆန္ဒပြမှုကို လုံးဝလက်မခံပါနဲ့။ ဆန္ဒပြမှုအေးချမ်းသွားရင် ပြည်သူတွေလည်း ထမင်းဝဝစားရမှာပါ။ အခုက ထမင်းစားဖို့တောင် စိတ်မချမ်းသာဘူး။ ကြောက်နေရတယ်။

**အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။**

## ဝန်းသိုမြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့် ပြီးစီး

**ဝန်းသို မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် တောင်သူများ၏ လယ်ယာထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်သို့ အချိန်မီ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ မြိုင်ဇေယျာကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

“ယခု ဖောက်လုပ်ထားတဲ့ ကျေးလက်ကုန်ထုတ်လမ်းက အရင်က ကျွန်တော်တို့နေတဲ့ ရွာဟောင်းလေးပါ။ ကျွန်းပင်သာရွာလို့ခေါ်တယ်။ ဒေါင်းမြှုံးချောင်းဘေးဆိုတော့ မိုးများတိုင်းရေနစ်တယ်။ အဲဒါနဲ့ ရေလွတ်တဲ့နေရာမှာ ရွာသစ်တည်ပြီး မြိုင်ဇေယျာရွာလို့ အမည်မှည့်ပြီး ပြည်ထဲရေးအမည်ပေါက်ရွာ ဖြစ်နေပါပြီ။ ရွာဟောင်းက အိမ်မြေနေရာမှာတော့ သူ့အကွက်၊ ကိုယ့်အကွက် ရာသီပေါ်သီးနှံစိုက်ကြပါတယ်၊ စပါးခင်းတွေ၊ သီးနှံခင်းတွေကထွက်တဲ့ ထွက်ကုန်တွေကို သယ်ပို့ဖို့ အခက်အခဲရှိခဲ့ပါတယ်။ အခုဖောက်တဲ့ ကုန်ထုတ်လမ်းက ရေလွတ်တဲ့အထိ မြင့်တယ်။ အဲဒီတော့ ရာသီမရွေးသွားလာနိုင်ပြီး အချိန်မရွေး ထွက်ကုန်တွေ၊ ထုတ်ကုန်တွေသယ်ပို့နိုင်လို့ အဆင်ပြေသွားပြီ”ဟု ကျေးရွာ တာဝန်ခံ ဦးမောင်ငွေက ပြောပြသည်။

မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည် ၀/ ၅မိုင် ရှိပြီး အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေထုနှင့် ဂျင်းမြေကိုးလက်မထု၊ စုစုပေါင်း ၂ ပေ ၉ လက်မရှိကြောင်း၊ ခွင့်ပြုငွေကျပ် ၂၆ ဒသမ ၆၅ သန်းဖြင့် ယမုံကောင်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ကြောင်း၊ ဆက်လက်ပြီး ယင်းလမ်းပေါ်ရှိ လိုအပ်နေသော တံတားများကိုလည်း ခွင့်ပြုငွေကျပ် ၇ ဒသမ ၆၅၉ သန်းဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းအရည်အသွေး CBR တိုင်းတာ စစ်ဆေးခြင်းကိုလည်း အလွှာလိုက် စစ်ဆေးခဲ့ကြောင်း၊ ယင်းလမ်းဆောင်ရွက်ပြီးစီးခဲ့ သဖြင့် ဒေသခံများအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မွေးကြူဇင်**

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က ဖေဖော်ဝါရီ ၂၆ ရက်က UEC နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံခဲ့သည့်အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UEC အသစ် မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် နိုင်ငံရေးပါတီများကို ဖိတ်ခေါ်တွေ့ဆုံခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီ ၅၃ ပါတီ တက်ရောက်ခဲ့ပါကြောင်း၊ မတက်ရောက်သည့်၊ ပျက်ကွက်သည့်ပါတီ ၃၀ ကျော်သည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ၎င်းတို့အနေဖြင့် လာရောက်ရန် အခက်အခဲရှိ၍ မလာနိုင်မှုများရှိပါကြောင်း၊ ယင်းအစည်းအဝေးတွင် ဆုံးဖြတ်ချက်(၇)ခု ချမှတ်နိုင်ခဲ့ပါကြောင်း။

ယင်းဆုံးဖြတ်ချက်များမှာ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများအတွက် မဲပေးမှုအား တရားမျှတမှုရှိရေး ပြင်ဆင်ဆောင်ရွက်ပေးရန်၊ ထိုအချက်သည်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရက်ပေါင်း ၉၀ နေထိုင်ပြီး နေရာဒေသတွင် ရောက်ရှိသည့် နေရာ၌ မဲပေးခွင့်များသည် တိုင်းရင်းသားများ အပါအဝင် တချို့နေရာများတွင် ၎င်းတို့၏ နယ်မြေများတွင် ဆုံးရှုံးမှု၊ နစ်နာမှု အခက်အခဲများရှိသည်ဟု တင်ပြချက်၏ နောက်ဆက်တွဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားများ မဲပေးမှုနှင့်ပတ်သက်ပြီး တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးပါဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန် မိမိတို့ဆုံးဖြတ်ခဲ့ပါကြောင်း။

ထို့နောက် လက်ရှိ ကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် FPTP (နိုင်သည့်သူအားလုံးယူစနစ်) အစား သင့်လျော်သည့် လွှတ်တော်တွင် PR (အချိုးကျကိုယ်စားပြုစနစ်)ကို ပြောင်းလဲကျင့်သုံးနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် နိုင်ငံရေးပါတီများက နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံစိတ်ချစွာ နေထိုင်ရေးအတွက် တောင်းဆိုချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရန်ဖြစ်ပါကြောင်း၊ ဤအချက်သည်လည်း ထိုအချိန်၌ ဆူပူမှု၊ မင်းမဲ့စရိုက်ဖြင့် သောင်းကျန်းမှုဖြစ်စဉ်များ ဖြစ်ပေါ်နေသည့်အတွက် ၎င်းတို့ကိုယ်တိုင် သွားရ၊ လာရ၊ နေရ၊ ထိုင်ရ အခက်အခဲများရှိပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံစိတ်ချစွာ နေထိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်ပေးရန်အတွက် UEC က အစည်းအဝေးဆုံးဖြတ်ချက်အနေဖြင့် တင်ပြတောင်းခံခဲ့သည့်အတွက် ဆုံးဖြတ်ခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် မဲစာရင်းများ စစ်ဆေးနေမှုများကို ထုတ်ပြန်ကြေညာချက်များအဖြစ် မြန်မာ့အသံနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ကြားဖြတ်အစီအစဉ်အနေဖြင့် မကြာခဏထုတ်လွှင့်ပေးရန်ဖြစ်ပါကြောင်း၊ အားလုံးအမြန်သိရှိနိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်တို့အတွက် သတင်းကြေညာမှုတွင် မကဘဲ အခါအားလျော်စွာ စာတန်းထိုးပေးခြင်း၊ အခါအားလျော်စွာ ကြေညာပေးခြင်း တောင်းဆိုချက်ကိုလည်း ဆုံးဖြတ်ခဲ့ပါကြောင်း။

## ပါတီများပါ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်

မဲစာရင်းများပြုစုသည့်အချိန်တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကွန်ပျူတာပညာရှင်များ ပူးပေါင်းပါဝင်လိုပါက ကော်မရှင်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပြောရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းနှင့်ပတ်သက်၍ ပြဿနာများ၊ အငြင်းပွားမှုများ၊ မဲစာရင်းနှင့်ပတ်သက်ပြီး ထပ်နေမှုများ များပြားခဲ့ပါကြောင်း၊ ထို့ကြောင့် နောင်ပြုလုပ်မည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြုစုသည့်အချိန်၌ ပါတီများပါ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ထို့နောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူများသည် နိုင်ငံသားစိစစ်ရေးကတ်မရှိပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ထိုအချက်သည်လည်း သက်သေခံကတ်ပြား မရှိဘဲ မဲပေးခွင့်ပြုသည့်အချိန်တွင် အခက်အခဲများရှိပါကြောင်း။

တချို့မှာ နိုင်ငံသားဖြစ်မှန်း မစိစစ်နိုင်မှုများ၊ မဲစာရင်းတွင် ထပ်နေမှုများ၊ မဲပေးပိုင်ခွင့် မရှိသည့်သူများ ပါဝင်နေမှုများ၊ အသက်ပြည့်/မပြည့်ကိုလည်း မှတ်ပုံတင်ကတ်မရှိသည့်အတွက် မစိစစ်နိုင်မှုများရှိပါကြောင်း၊ ထို့အချက်များ မဖြစ်စေရန် လ.ဝ.က၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် ကော်မရှင်နှင့် နိုင်ငံရေးပါတီများ နှစ်လတစ်ကြိမ် သို့မဟုတ် သုံးလတစ်ကြိမ် တွေ့ဆုံပြီး ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးကြရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ထိုကိစ္စ၏ နောက်ဆက်တွဲအဖြစ် ပါတီများကို PR စနစ်နှင့် ပတ်သက်ပြီး လေ့လာသုံးသပ်မှုစာတမ်းများ ပြုစုပေးပို့နိုင်ရေးအတွက်လည်း ပါတီများကို အကြောင်းကြားထားပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**✳ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူများသည် နိုင်ငံသားစိစစ်ရေးကတ် မရှိပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ထိုအချက်သည်လည်း သက်သေခံကတ်ပြား မရှိဘဲ မဲပေးခွင့်ပြုသည့်အချိန်တွင် အခက်အခဲများ ရှိပါကြောင်း။**

**✳ တချို့မှာ နိုင်ငံသားဖြစ်မှန်း မစိစစ်နိုင်မှုများ၊ မဲစာရင်းတွင် ထပ်နေမှုများ၊ မဲပေးပိုင်ခွင့် မရှိသည့်သူများ ပါဝင်နေမှုများ၊ အသက်ပြည့်/မပြည့်ကို လည်း မှတ်ပုံတင် ကတ်မရှိသည့်အတွက် မစိစစ်နိုင်မှုများရှိပါကြောင်း၊ ထို့အချက်များ မဖြစ်စေရန် လ.ဝ.က၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း"**

ဆက်လက်၍ **One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်** က မဲလက်မှတ်များ ထပ်တိုးရိုက်နှိပ်မှုနှင့် ပတ်သက်ပြီး UEC ၏ လူမှုကွန်ရက်စာမျက်နှာများတွင် ကြားသိနေရမှု၊ မဲလက်မှတ်ရိုက်နှိပ်မှုနှင့် ထပ်တိုးရိုက်နှိပ်မှုများတွင် မည်သို့ပုံစံများဖြစ်ခဲ့သည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

## မဲလက်မှတ်စစ်ဆေးချက်များကိုလည်း ထုတ်ပြန်နေ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြီးခဲ့သည့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ယခုမိမိတင်ပြသည်မှာ အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ တစ်ပိုင်းသည် မဲစာရင်းပိုင်း၊ မဲစာရင်းကိစ္စသည်လည်း ပါတီများနှင့် တွေ့ဆုံခဲ့သည့် အချိန်တွင် ဆုံးဖြတ်ချက်များကလည်း မဲစာရင်းများမှန်အောင် မည်ကဲ့သို့ လုပ်ဆောင်မည်ဆိုသည့် အချက်လည်းပါဝင်ကြောင်း၊ မဲလက်မှတ်များကိုလည်း စစ်ဆေးရသည့်အပိုင်းလည်းရှိပါကြောင်း၊ မဲလက်မှတ်စစ်ဆေးချက်များကိုလည်း ထုတ်ပြန်နေပါကြောင်း။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲလက်မှတ် စုစုပေါင်းရိုက်နှိပ်မှုသည် ၁၃၉,၃၃၁,၁၂၀(တစ်ရာသုံးဆယ့်ကိုးသန်း သုံးသိန်း သုံးသောင်းတစ်ထောင့်တစ်ရာ့နှစ်ဆယ်) ရိုက်နှိပ်ခဲ့ပါကြောင်း၊ ထိုသို့ ရိုက်နှိပ်ခဲ့သည့်အချိန်တွင် အဓိကက Initial (ကနဦး) လူဦးရေ မဲစာရင်းကို အခြေခံပြီး လူဦးရေ၏ ၁၀ ရာခိုင်နှုန်းဆောင်းပြီး ၁၃၈,၄၆၀,၂၇၀ (တစ်ရာသုံးဆယ့် ရှစ်သန်း လေးသိန်း ခြောက်သောင်း နှစ်ရာ့ခုနစ်ဆယ်)မှာပါကြောင်း။

သို့သော် မဲစာရင်းများက တိုးလာပြီးသည့်အချိန်တွင် မိမိတို့မဲလက်မှတ်များကို ထပ်ရိုက်ရပါကြောင်း၊ ကိုးကြိမ်ခန့် ထပ်မှာရပါကြောင်း၊ အဆိုးဆုံးက နိုဝင်ဘာလ ၇ ရက်နေ့ဖြစ်ပါကြောင်း၊ မဲပေးရမည်မှာ နိုဝင်ဘာလ ၈ ရက်နေ့ ဖြစ်ပါကြောင်း၊ ၇ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီးတွင် မဲလက်မှတ်များ ထပ်မှာရပါကြောင်း။

မှာသည့်အရေအတွက်နှင့် မှာသည့် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် အောက်တိုဘာလ ၁၃ ရက်တွင် ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ကချင် ၊ အောက်တိုဘာ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ အောက်တိုဘာ ၂၁ ရက်တွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်

*စာမျက်နှာ ၂၃ သို့*





ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်း ဓာတ်ပုံများ။

*စာမျက်နှာ ၂၂ မှ*

ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့အတွက် ထပ်ရိုက်ပေးရပါကြောင်း။

အောက်တိုဘာ ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ အောက်တိုဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ်၊ အောက်တိုဘာ ၂၆ ရက်တွင် ရှမ်းပြည်နယ်၊ အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ နိုဝင်ဘာ ၇ ရက်၌ပင် ရန်ကုန်တိုင်းဒေသကြီးက ဒုတိယအကြိမ် ထပ်မှာခဲ့ပါကြောင်း။

မှာသည့်အရေအတွက်သည် စုစုပေါင်း ၈၇၀,၈၅၀ ရှိပါကြောင်း၊ ကနဦး ရိုက်နှိပ်ခြင်းနှင့် ပေါင်းပါက ၁၃၉,၃၃၁,၁၂၀ ရိုက်ခဲ့ပါကြောင်း၊ ထို့ကြောင့် UEC အသစ်အနေဖြင့် ထိုကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေး ဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း၊ နောင်ရွေးကောက်ပွဲများတွင် အလားတူ မဖြစ်ပေါ်စေရန်အတွက် မဲလက်မှတ်များ ရိုက်နှိပ်မှုနှင့်ပတ်သက်ပြီး တင်းတင်းကျပ်ကျပ်၊ တိတိကျကျ ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် **One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်** က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တပ်မတော်၊ နစကနှင့် UEC တို့က ထုတ်ပြန်ထားမှုများလည်း ရှိပါကြောင်း၊ မတ် ၂၂ ရက်အထိ နောက်ဆုံးရရှိထားသည့် အခြေအနေများကို ပြောကြားသွားမှုသည် အများကြီး ဖြစ်ပါကြောင်း၊ နောက်ပိုင်းတွင် တွေ့ရှိရသည့်အနေအထားကို အကျဉ်းချုပ်အနေဖြင့် မည်သို့ကြုံတွေ့ရလဲ၊ မည်ကဲ့သို့ အခက်အခဲများကို ကြုံတွေ့ခဲ့ရလဲ စသည်တို့ကို အကျဉ်းချုပ်ပြောပြပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မိမိတင်ပြချက်များတွင် ပါခဲ့ပြီးဖြစ်ပါကြောင်း၊ မဲစာရင်းများစစ်ဆေးသည့်အချိန်တွင် တပ်မတော်မှ စစ်ဆေးတွေ့ရှိချက် ၁၀ သန်း ၄ သိန်းကျော်ကိုလည်း တင်ပြပြီးဖြစ်ပါကြောင်း၊ ယခု မြို့နယ် ၆၆ မြို့နယ်တွင် တွေ့ရှိသည့် အနေအထားကိုလည်း ပြုစုတင်ပြပြီး ဖြစ်ပါကြောင်း။

အနေအထားအရ တပ်မတော်က တွေ့ရှိသည့်အတိုင်း မိမိတို့လည်း တွေ့ရှိခဲ့ပါကြောင်း၊ သို့သော်လည်း မဲစာရင်း Soft Copy တွင် မိမိတို့က နောက်ဆုံး Up Date Soft Copy ဖြစ်သည့်အတွက် ပိုပြီးများနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခင်အတိုင်း တွေ့နေပါကြောင်း၊ Cross Check ကိုပါ ထပ်ပြီးစစ်မည်ဆိုပါက ယခင်ထက်ပိုများနိုင်မှု၊ မဲစာရင်းထပ်မှု၊ မှတ်ပုံတင်မရှိခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မဲလက်မှတ်အပိုင်းတွင် မဲလက်မှတ်ပျောက်ဆုံးမှုများ၊ အပိုများ၊ တရားမဝင်သုံးစွဲမှုများ၊ ပျောက်ဆုံးမှုများ၊ အပိုကျန်ရှိမှုများကို ထုတ်ပြန်ရန်ရှိကြောင်း၊ ယခု မြို့နယ်ပေါင်း ၁၀၀ ခန့် စစ်ဆေးထားရှိပြီးဖြစ်ပါကြောင်း၊ ၎င်းတို့ကို ထပ်မံထုတ်ပြန်သွားရန်ရှိပါကြောင်း၊ ယခုအနေဖြင့် မိမိတင်ပြထားသည့် အချုပ်အတိုင်းသာ တင်ပြလိုပါကြောင်း၊ ကျန်ရှိသည့် စစ်ဆေးမှုများကို ပေါင်းခြုံပြီး သုံးသပ်ထုတ်ပြန်နိုင်မည်ဟု ယူဆပါကြောင်း ရှင်းလင်းပြောကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အများက မြင်နေသည့် ကိစ္စတစ်ခုမှာ NLD အစိုးရလက်ထက်က ဖွဲ့ထားသည့် ရွေးကောက်ပွဲကော်မရှင်က ယခုလို မဲစာရင်းအမှားများ၊ မဲမသမာမှုများ တွေ့ရှိရကြောင်း၊ သုံးသပ်သူများက မြင်နေသည်မှာ NLD အနေဖြင့် ၁၉၉၀ ရွေးကောက်ပွဲ ၊ ၂၀၁၅ ရွေးကောက်ပွဲများတွင် ယခုကဲ့သို့ ဝေဖန်မှုများမရှိဘဲ ၈၀ ရာခိုင်နှုန်းခန့်နိုင်ခဲ့မှုအပေါ် ယခုကော်မရှင်အနေဖြင့် ဒီအချက်အလက်များကို ထုတ်ပြန်လိုက်မည်ဆိုပါက နိုင်ငံတကာက လက်ခံရန်၊ ပြည်သူများက လက်ခံရန် နည်းနည်းအခက်အခဲရှိနိုင်မည်ဟု မိမိအနေဖြင့် ယူဆမိကြောင်း၊ အားလုံးက လက်ခံလာရန်အတွက် လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ နိုင်ငံတကာကပဲဖြစ်ဖြစ်၊ ပြည်တွင်းက ပညာရှင်များပဲဖြစ်ဖြစ် ပါဝင်ပြီး စောင့်ကြည့်သည့်ဆိုပါက ပိုမကောင်းနိုင်ဘူးလား၊ ထိုကဲ့သို့ အစီအစဉ်များ ရှိပါသလား မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UEC သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် တရားဝင်အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ ထိုအဖွဲ့တွင် ပါဝင်သည့်အဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်း၊ ရုံးဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပါကြောင်း၊ UEC အဖွဲ့ဝင်ဆိုသည်မှာလည်း အများယုံကြည်သည့် ပုဂ္ဂိုလ်များကို သတ်မှတ်ချက်နှင့်အညီ ခန့်အပ်ရမည်ဖြစ်ပါကြောင်း၊ မခန့်အပ်နိုင်လျှင် မခန့်သည့်သူတွင် တာဝန်ရှိပါကြောင်း၊ သို့သော် အများယုံကြည်သည့်သူများကို ခန့်အပ်ခဲ့ပါကြောင်း။

### ဘက်မလိုက်သည့် ကြားနေအဖွဲ့အစည်းတစ်ခုဖြစ်

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တိုင်းမှာရှိသော ဌာနဆိုင်ရာ (၉) ခုမှ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်ပြီး ဖွဲ့စည်းပါကြောင်း၊ ရပ်/ကျေးတွင်လည်း ရပ်/ကျေးက ပါဝင်သည့်သူများ အားလုံးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ပြောရမည်ဆိုပါက UEC ၏ ဖွဲ့စည်းမှုသည် မှန်မှန်ကန်ကန် တိတိကျကျ ဖွဲ့စည်းထားပါက အားလုံးကို ကိုယ်စားပြုသည့် ဘက်မလိုက်သည့် ကြားနေအဖွဲ့အစည်းတစ်ခုလည်း ဖြစ်ရမည် ဖြစ်ပါကြောင်း။

ယခု မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေပါ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များအရ အငြင်းပွားမှုများ သာမန်အားဖြင့် အငြင်းပွားမှုများ၊ ပြဿနာများ၊ အခက်အခဲများက ပြီးခဲ့သည့် ရွေးကောက်ပွဲကာလသုံးပါးလုံး ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များသည် အများကြီးဖြစ်ပါကြောင်း။

အကြိုကာလလုပ်ငန်းစဉ်ဖြစ်သည့် မဲစာရင်းကောက်ယူခြင်းမှအစ မဲလက်မှတ်ရိုက်နှိပ်မှု ပြင်ဆင်ခြင်း၊ သင်တန်းများပေးခြင်း စသည်များရှိပါကြောင်း၊ မဲပေးသည့် ရွေးကောက်ပွဲကာလသည် အမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးရေးလုပ်ခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှ ပြောကြားခြင်း၊ အကြိုကာလတွင် တစ်ခုကျန်ခဲ့ပါကြောင်း၊ ယင်းမှာ ဥပဒေမူဘောင်ဖြစ်ပြီး ဥပဒေကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲကာလတွင် လုပ်ရမည့်လုပ်ငန်းစဉ်၊ ရွေးကောက်ပွဲ နောက်ပိုင်းလုပ်ရမည့် လုပ်ငန်းစဉ်များ ရှိပါကြောင်း။

ထိုလုပ်ငန်းစဉ်များကို သာမန်အားဖြင့် ပြောရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် State Holder များဖြစ်သည့် ပါတီများ၊ CSO များ၊ အဖွဲ့အစည်းများက အများကြီးကန့်ကွက်မှုများ၊ အကြံပြုမှုများ ရှိပါကြောင်း၊ ထို Record များ အကုန်ရှိနေပါကြောင်း၊ အကြံပြုမှု၊ တွေ့ဆုံဆွေးနွေးမှု၊ အစည်းအဝေးခေါ်ယူပြီး ညှိနှိုင်းမှုစသည့် တင်ပြချက်၊ အကြံပြုချက်များ အများကြီးရှိပါကြောင်း။

ရွေးကောက်ပွဲကာလတွင် COVID–19 ရောဂါ ဖြစ်ပွားနေသည့်အတွက် ရွှေ့ဆိုင်းပေးရန်ကအစရှိခဲ့ပါကြောင်း၊ ထို့နောက် မဲဆွယ်စည်းရုံးသည့်အချိန်တွင်ဖြစ်ဖြစ် တရားမျှတအောင် ဆောင်ရွက်ပေးရန် တောင်းဆိုမှုများလည်း ရှိပါကြောင်း၊ COVID – 19 ရောဂါကြောင့် မဲဆွယ်စည်းရုံးသည့်အချိန်တွင် မမျှမတဖြစ်ပါကြောင်း၊ ထို့ကြောင့် တွေ့ဆုံ၍ တောင်းဆိုမှုများလည်း ရှိပါကြောင်း။



ဥပဒေနှင့်အညီဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံ။

ရွေးကောက်ပွဲ ပြီးသည့်အချိန်တွင်လည်း မဲစာရင်းကိစ္စများ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလတွင်လည်း မဲစာရင်းမှားယွင်းသည့် ပြဿနာများက Issues အများကြီးရှိခဲ့ပါကြောင်း၊ ထိုအပေါ်တွင် ဖြေရှင်းဆောင်ရွက်နိုင်သော အခြေအနေမရှိသည့်အတွက် ယခုအခြေအနေထိ ရောက်ခဲ့သည်ဟု ယူဆပါကြောင်း။

ထို့ကြောင့် ယခုဖြစ်စဉ်များသည် အားလုံးလည်း သိထားပြီးသား၊ ပြောရမည်ဆိုပါက လေ့လာပါက အကုန်လုံး တွေ့ရှိနေပြီးသားဖြစ်စဉ်များဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအရ ယခုဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော လုပ်ငန်းစဉ် (၁)ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်(၅)ဖြစ်သည့် အားလုံးပြီးသွားပါက အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်ဆိုသည့် လုပ်ငန်းစဉ်များကို မိမိတို့က အားလုံးကို ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ပြန်ပေးပါကြောင်း။

ယခုလို သတင်းစာရှင်းလင်းပွဲတွင်လည်း ရှင်းပြပါကြောင်း၊ အားလုံးမြင်သာအောင်လည်း အကုန်လုံးကို ချပြထားမှုများရှိပါကြောင်း၊ ယခုလို တွေ့ဆုံမေးမြန်းသည့်အချိန်တွင် ဖြေရှင်းဆောင်ရွက်ပေးနေမှုများ ရှိပါကြောင်း၊ ပြီးခဲ့သည့်အပတ်တွင် တင်ပြဆွေးနွေးခဲ့မှုလည်း ရှိပါကြောင်း၊ UN နှင့် Third Party ကနေ ဆောင်ရွက်ရန်တို့ကို မေးမြန်းခဲ့ပါကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်သည့်နိုင်ငံဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည့်အတွက် ပွင့်လင်းမြင်သာစွာဖြင့် အားလုံးကို ရှင်းလင်းစေရန် ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ **VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က ယခု သတင်းစာရှင်းလင်းပွဲတွင် တင်ပြသွားသည့် Video Clips ခုနစ်ခုသည် မည်ကဲ့သို့ ရရှိထားပါသလဲ၊ မိမိဆိုလိုသည်မှာ မြို့နယ်ကော်မရှင်များက မေးမြန်းပြီး ရရှိခြင်းလား၊ သို့မဟုတ် တခြားလွတ်လပ်သည့် သတင်းမီဒီယာတစ်ခုခုက ရရှိထားသည့် အချက်များကို တင်ပြခြင်းလား မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယခု မိမိတို့ တင်ပြထားသည့် Video Clips များ၊ တချို့ကိစ္စများသည် Social Media များတွင် တွေ့ပြီးသား၊ မြင်ပြီးသား၊ အားလုံး Public လုပ်ထားသည့်ကိစ္စများဖြစ်ကြောင်း၊ ယခုလို Video Clips နှင့် ဓာတ်ပုံများလည်း ပါဝင်ကြောင်း၊ တချို့ကိစ္စများတွင် မိမိတို့အနေဖြင့် သွားရောက်၍ မဲစာရင်းစစ်ဆေးမှုများကို မြေပြင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဖွဲ့များခွဲ၍ မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်များ စစ်ဆေးခြင်းများ ရှိပါကြောင်း၊ စစ်ဆေးသည့်အချိန်တွင် တွေ့ရှိချက်အပေါ်မူတည်၍ Linking ဆက်စပ်ပြီး ထပ်မံစစ်ဆေး မေးမြန်းချက်များအရ ရရှိသည့် ဗီဒီယိုဖိုင်များဖြစ်ပါကြောင်း၊ အားလုံးက ခိုင်မာသည့် ဗီဒီယိုဖိုင်များဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အခြားလွတ်လပ်သော သတင်းမီဒီယာများကို ဖိတ်ခေါ်၍ ထိုသို့ တွေ့ဆုံမေးမြန်းမှုများကို နောက်ပိုင်းတွင် လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယနေ့ တွေ့ဆုံသည့် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်၊ နေပြည်တော်နှင့် အားလုံး MRTV ၌ ၃ ရက် ကြိုတင်ကြေညာလုပ်ဆောင်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က မိမိဆိုလိုသည်မှာ Video Clips ထဲတွင်ပါသည့် ပုဂ္ဂိုလ်မျိုးများဖြစ်ကြောင်း၊ Video Clips ထဲတွင် ပြောသွားသည့် မြစ်ကြီးနား ရမ်ပူက ကော်မရှင်ခွဲထဲတွင် ပါသည့် လူမျိုးကိုဆိုလိုပါကြောင်း၊ ထိုကဲ့သို့ အချက်အလက်များကို ရယူစုဆောင်းသည့်အချိန်များတွင် လွတ်လပ်သော သတင်းမီဒီယာများ၏ ပါဝင်သည့်အခန်းကဏ္ဍကို ဆိုလိုပါကြောင်း၊ ပိုမိုခိုင်မာ အားကောင်းသွားစေရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်သော သတင်းမီဒီယာများပါဝင်ပြီး အချက်အလက် ရယူခြင်းများကို လုပ်ဆောင်သွားရန်ရှိပါသလား မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြန်လည်ရှင်းလင်းရာ ယခုပေးသည့် အကြံဉာဏ်သည် ကောင်းမွန်ပါကြောင်း၊ ထိုကဲ့သို့ ဖြစ်စေရန်မှာ တချို့ကိစ္စများတွင် အဆင်မပြေပါကြောင်း၊ အခြေအနေနှင့် အချိန်အခါလည်း ရှိပါကြောင်း၊ ဖြစ်နိုင်သည့်အချိန်တွင် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ပုထုဇဉ်

## သမားအို

တစ်နေ့က ရုပ်မြင်သံကြားအစီအစဉ်တစ်ခုမှ စာဆိုစစ်သည်ကြီးတစ်ဦးနဲ့ တွေ့ဆုံဆွေးနွေးခန်းကို ကြည့်လိုက်ရတယ်။ မှတ်မှတ်သားသား သူ့စကားထဲမှာ သူဟာ အငြိမ်းစားစစ်သည်လို့ မခံယူဘဲ သက်ကြီးစစ်သည်တစ်ဦးအဖြစ် ရပ်တည်နေတယ်။ အချိန်မရွေး တိုင်းပြည်တာဝန်ကို အသက်ပေး ထမ်းဆောင်မယ်လို့ နေ့စဉ်သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုဆဲဖြစ်တယ်ဆိုတာ ကြားရတော့ ကိုယ့်ဘဝကိုယ် ပြန်ကြည့်မိတယ်။ အသက်ခြောက်ဆယ်ပြည့်လို့ အငြိမ်းစားယူခဲ့တဲ့အချိန်ကိုတောင် မေ့လောက်အောင်ရှိပေမယ့် ငြိမ်းငြိမ်းမစားလောက်တဲ့ ပင်စင်လစာလေးကိုဖြည့်ဖို့ အလုပ်တွေရှာလုပ်ရင်း လူတွေရဲ့ကျန်းမာရေးအတွက် မသေမချင်းပေးဆပ်နေရတဲ့ သမားအိုတစ်ယောက်ရဲ့ဘဝကို သက်ကြီးစစ်သည်လိုပဲ တွယ်တာနေမိတယ်။

### ကိုယ့်ကိုယ်ကိုယ် အားပေးနေရ

ကွာခြားချက်တစ်ခုတော့ ရှိပါတယ်။ သစ္စာအဓိဋ္ဌာန်ဆိုတဲ့ ကိစ္စကတော့ တစ်သက်မှာ တစ်ခါပဲ ဆိုခဲ့ဖူးတာပါပဲ။ ဆရာဝန်ဆိုတဲ့ဘွဲ့ယူတဲ့နေ့က ဘွဲ့နှင်းသဘင်ခန်းမထဲမှာ သစ္စာဆိုခဲ့တာ ခပ်ရေးရေးမှတ်မိနေတယ်။ လိုရင်းအချက်အလက်တွေကိုပဲ စွဲမှတ်ထားရင်း လုပ်ကိုင်စားသောက်လာခဲ့တာ ဒီကနေ့အထိပါ။ အဆင့်အတန်းမခွဲခြားဘဲ ကိုယ့်ရဲ့သွေးသားအရင်းကဲ့သို့ သဘောထားကာ လူနာတွေကို ကုသပေးတယ်ဆိုတဲ့ စိတ်ကလေးကို မွေးထားရင်း ဆေးကျောင်းသားဘဝ၊ အလုပ်သင်ဘဝ၊ ဝန်ထမ်းဆရာဝန်ဘဝကနေပြီး သမားအိုဘဝ ရောက်လာခဲ့တယ်။ ရှေးစကား "သမားဆို-အိုမှ" ဆိုတာလေးကို တခြားသူတွေ မေ့သွားပေမယ့် ကိုယ့်ကိုယ်ကိုယ် အားပေးနေရတယ်။

**"ကျွနုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပါအံ့"** လို့ ဆိုခဲ့ဖူးတဲ့ ကတိသစ္စာကိုတော့ အနှစ်သာရမပျောက်အောင် ထိန်းခဲ့တယ်။ ဆရာဝန်တစ်ယောက်ရဲ့ အဓိဋ္ဌာန်ပြု ကတိသစ္စာ (၂၄ x ၇ x ၃၆၅) မပျက်စေရဘဲ တစ်သက်တာ အလုပ်လုပ်နေခဲ့တယ်။ ၂၄ နာရီ၊ ခုနစ်ရက်လုံး၊ တစ်နှစ်တာလုံး၊ ပြီးတော့ တစ်သက်တာလုံး။ နားချိန်၊ စားချိန်မရှိတော့ဘူးလားလို့ မေးရင်လည်း အများကြီးရှိပါတယ်လို့ ပြောရမှာပဲ။ ညဂျူတီကျတဲ့ အချိန်တွေမှာ အိပ်ရေးပျက်ပေမယ့် အားတိုင်းစားနေကြတာမို့ အာဟာရမပြတ်၊ လူနာတွေရဲ့ အသက်တွေကို ကယ်လိုက်နိုင်တဲ့အခါမှာဖြစ်ရတဲ့ "ပီတိ"နဲ့ အားရှိပါတယ်။ ဒါပေမယ့် လူနာတွေရဲ့ ဝေဒနာတွေ၊ လူနာဆွေမျိုးတွေရဲ့ ဆင်းရဲဒုက္ခတွေ၊ ကိုယ့်လူနာတွေကို သေမင်းလက်ထဲက ဆွဲမထုတ်နိုင်တဲ့ အခြေအနေတွေမှာတော့ ပြောမပြနိုင်တဲ့ ဝေဒနာတွေ ခံစားခဲ့ရပါတယ်။

### ဘဝပေး အသိနဲ့ သိခဲ့ရ

ဒါပေမဲ့ "ကတိသစ္စာပြုသည့်အတိုင်း ဆောင်ရွက်ပါသော် ကျွနုပ်သည် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား" ဆိုတဲ့တောင်းဆုကိုတော့ အခုဒီစာရေးနေတဲ့အချိန်အထိ ပြည့်စုံနေပါတယ်။

**"ဆေးပညာဘွဲ့ကိုလည်း လွယ်လွယ်ကူကူ မရနိုင်ပါဘူး။ ကျွန်တော်တို့ခေတ်က ဆေးကျောင်းမှာ ရှစ်နှစ် အစွမ်းကုန်ကြိုးစားရတယ်။ အချို့သမားပျိုတွေဆိုရင် ဆေးကုတဲ့အလုပ်ကို မလုပ်ဖြစ်ကြဘူး။ အဲဒါဆိုရင် ဆရာဝန်မှတ်ပုံတင် မရဘူး။ ဆရာဝန်မှတ်ပုံတင်ရတဲ့သူတွေကလည်း ဝန်ထမ်းဘဝရဲ့ ဒုက္ခတွေကို မခံနိုင်ဘူး။ ကိုယ်ပိုင်ဆေးခန်းတွေဖွင့်ပြီး အောင်မြင်နေကြသူတွေလည်း အများသားပါ။ ဘယ်သူ့အမိန့်အာဏာမှ နာခံစရာမလိုဘူး၊ (Civil Disobedience Movement-CDM) လုပ်စရာမလိုဘူး"**

"ကတိသစ္စာ၊ တည်သောအခါဝယ်
ဩဇာလေးနက်၊ ပေါ်ဆီတက်၍
**နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"** ဆိုစကားအတိုင်းပဲလူနာတွေကိုလူကောင်းတွေဖြစ်လာအောင်၊ လူကောင်းတွေကို လူနာမဖြစ်အောင် စောင့်ရှောက်နေဆဲဖြစ်ပေမယ့် နွယ်မြက်သစ်ပင်တွေဟာ အလကားနေရင်း ဆေးဖက်မဝင်ဘူးဆိုတာရယ်၊ အဲဒီဆေးပင်ဆိုတာဟာလည်း မြေဆီဩဇာမရှိတဲ့ နေရာမှာပေါက်ရင် အသုံးမဝင်ဘူးဆိုတာရယ်၊ ဒါတွေဟာ ကတိသစ္စာတည်တဲ့ သမားတော်တွေရဲ့ လက်ထဲမှာသာ ဖြစ်နိုင်တယ် ဆိုတာတွေကို ဘဝပေးအသိနဲ့ သိခဲ့ရပါတယ်။

အရေးကြီးတဲ့သစ္စာကတိကတော့- **"ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့။"** ဆိုတဲ့ ကတိပါပဲ။ ချင့်ချိန်စာနာဖို့အတွက် ဥပမာတစ်ခုကို တင်ပြလိုပါတယ်။ "နှလုံးရောဂါ အသည်းအသန်ခံစားနေရတဲ့ ခင်ပွန်းသည်ကို ဆေးရုံအချိန်မီပို့ခဲ့ပေမယ့် ဆရာဝန်တွေ CDM လုပ်နေလို့ ကြည့်မယ့်သူမရှိဘူး။ တစ်ခါရောက်လာတဲ့သူကလည်း အရေးပေါ်အလုပ်တွေကို မလုပ်တတ်ဘူး။ ဒီလိုနဲ့ မနက် ၄ နာရီခွဲ (၅-၂-၂၁)မှာ ကျွန်မရဲ့ခင်ပွန်းသည် ကွယ်လွန်သွားခဲ့တယ်။ ကိုဗစ်-၁၉ ရောဂါပိုးရှိတယ်ဆိုပြီး အလောင်းကို ချက်ချင်းသယ်သွားကြပေမယ့် အသုဘပို့လို့မရဘဲ ကွယ်လွန်သူရဲ့ ပစ္စည်းတွေကို ပိုက်ပြီး မနက် ၁၀ နာရီအထိ စောင့်ပြီးမှ ကွာရန်တင်းလုပ်ဖို့ ခေါ်သွားခဲ့တယ်။ ကွာရန်တင်းစင်တာမှာ တစ်ပတ်လုံးထားခဲ့ပေမယ့် ပိုးစစ်ပေးမယ့်သူလည်း မရှိဘူး။ အဲဒီအချိန်မှာ ကျွန်မရဲ့ သားသမီးတွေနဲ့ မြေးတွေဟာ အိမ်မှာနေရာကနေ နောက်ကွာရန်တင်းစင်တာကို ထပ်မံအပို့ခံလိုက်ရတယ်။ ပိုးမတွေ့ဘူးဆိုပြီး တစ်ပတ်နေမှ အိမ်ပြန်ရတယ်။ ကွယ်လွန်သူအတွက် ပြုသင့်ပြုထိုက်တာတွေလည်း ဘာမှမလုပ်လိုက်ရဘူး" လို့ ကိုယ်တွေ့ကြုံခဲ့ရတဲ့သူမှ ရန်ကုန်ဆေးရုံကြီးက CDM အကြောင်းကို ပြောပြလာခဲ့ပါတယ်။

သမားအိုတစ်ယောက်အနေနဲ့ သမားပျိုတွေရဲ့ လုပ်ရပ်တွေကို ကာကွယ်ဖြေရှင်းပေးချင်ပေမယ့် ဘယ်လိုပြောရမလဲမသိ။ ဒီဆေးရုံတစ်ရုံတည်းမဟုတ်ဘဲ နေရာတော်တော်များများမှာ ဆရာဝန်တွေဟာ တာဝန်ကျရာ ဆေးရုံ၊ ဆေးခန်းတွေကို စွန့်ခွာသွားတာ ကြားရ၊ မြင်ရတော့ စိတ်ထိခိုက်မိတယ်။

ဆရာဝန်တွေဆိုရတဲ့ ကတိသစ္စာဟာ ဟစ်ပိုကရေးတီးဆိုတဲ့ သမားတော်ကြီးက စတင်ချပေးလိုက်တဲ့ (Hippocratic Oath)ကို အခြေခံပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ သစ္စာဆိုတဲ့အခါမှာ "ကမ္ဘာတစ်လွှား ထင်ရှားကျော်ကြားခဲ့သော သမားဟူးရားကြီးများအား သက်သေထား၍" သစ္စာဆိုခဲ့ကြတာပါ။ ဒီလိုသက်သေထားပြီး ဆရာဝန်တွေ ဖြစ်လာကြပေမယ့် နောက်ထပ်ကျော်လွှားရမယ့် လုပ်ငန်းနှစ်ရပ်ရှိပါတယ်။ အဲဒါတွေကတော့-

- ❖ ဆရာဝန်မှတ်ပုံတင်ရဖို့အတွက် "မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ" အတိုင်း သတ်မှတ်ထားတာတွေကို လိုက်နာပြီး ဆရာဝန်မှတ်ပုံတင် (ဆ/မ) ရပြီးမှ ဆေးကုသပိုင်ခွင့်။
- ❖ အစိုးရဝန်ထမ်းအဖြစ် ဆောင်ရွက်မယ်ဆိုရင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းတွေကို သစ္စာရှိရှိ လိုက်နာရမယ့်တာဝန်။

ဒီလိုမျိုး ကြီးလေးတဲ့ဝန်ကို ထမ်းနိုင်မှ ဝန်ထမ်းဆရာဝန်ဖြစ်နိုင်တယ်ဆိုတာပါ။

ဆေးပညာဘွဲ့ကိုလည်း လွယ်လွယ်ကူကူ မရနိုင်ပါဘူး။ ကျွန်တော်တို့ခေတ်က ဆေးကျောင်းမှာ ရှစ်နှစ် အစွမ်းကုန်ကြိုးစားရတယ်။ အချို့သမားပျိုတွေဆိုရင် ဆေးကုတဲ့အလုပ်ကို မလုပ်ဖြစ်ကြဘူး။ အဲဒါဆိုရင် ဆရာဝန်မှတ်ပုံတင် မရဘူး။ ဆရာဝန်မှတ်ပုံတင်ရတဲ့သူတွေကလည်း ဝန်ထမ်းဘဝရဲ့ ဒုက္ခတွေကို မခံနိုင်ဘူး။ ကိုယ်ပိုင်ဆေးခန်းတွေဖွင့်ပြီး အောင်မြင်နေကြသူတွေလည်း အများသားပါ။ ဘယ်သူ့အမိန့်အာဏာမှ နာခံစရာမလိုဘူး၊ (Civil Disobedience Movement-CDM) လုပ်စရာမလိုဘူး။

ဒါပေမဲ့ အစိုးရဝန်ထမ်းတွေဖြစ်လာပြီဆိုရင်တော့ စည်း သုံးစည်းတားပြီး ဖြစ်နေတာကို သတိချပ်ရပါမယ်။

- ❍ ပထမစည်းက - ဆရာဝန်အဓိဋ္ဌာန်ပြု ကတိသစ္စာ။
- ❍ ဒုတိယစည်းက - မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေ။
- ❍ တတိယစည်းက- အစိုးရဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းတွေ။

ဆရာဝန်လိုင်စင် (ဆမ) မရတဲ့သူတွေကတော့ ကြိုက်တာလုပ်နိုင်တယ်ဆိုတာတောင် လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဥပဒေတွေကိုတော့ မလိုက်နာလို့မရဘူး။

ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း ဖွင့်ထားတဲ့သူတွေကျပြန်တော့လည်း မြန်မာနိုင်ငံဆေးကောင်စီက ပြဋ္ဌာန်းထားတဲ့ ဥပဒေကို မလိုက်နာလို့မရဘူး။ အစိုးရဝန်ထမ်း (Government Staff) လို့ပဲခေါ်ခေါ်၊ ပြည်သူ့ဝန်ထမ်း (Civil Servant) လို့ပဲခေါ်ခေါ်၊ ဝန်ထမ်းဆရာဝန်တွေအနေနဲ့ စည်းသုံးစည်းကိုတော့ ကျော်လို့မရပါဘူး။ ဒီစည်းသုံးစည်းထဲမှာ မြန်မာနိုင်ငံဆေးကောင်စီအနေနဲ့ သူ့ရဲ့ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရင် အရေးယူနိုင်တဲ့ ပြစ်ဒဏ်တွေကိုလည်း အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ဒါပေမဲ့ ဆရာဝန်ဆိုတာလည်း "ပုထုဇဉ်" ပဲလေ။ စိတ်ခံစားချက်တွေရှိတယ်။ ကြေကွဲတာတွေ၊ ပေါက်ကွဲတာတွေဆိုတဲ့ ဒေါသနှစ်မျိုးကိုလည်း ထိန်းရတာခက်တယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ရင်တောင်မှ ထိတွေ့ဆက်ဆံနေရတဲ့လူတွေရဲ့ ဒုက္ခတွေ၊ ဝေဒနာတွေကို မျှဝေခံစားပေးရင်း မနိုင်မနင်း ဖြစ်ရတယ်ဆိုတာ ကျွန်တော့်ကိုယ်တွေ့ပါ။

### ခိုင်မြဲအောင် စောင့်ရှောက်ကြစေချင်

အရာရာဟာ ပြောင်းလဲပါတယ်။ ဝေဒနာတွေ၊ ခံစားချက်တွေကို တစ်သက်တာပိုက်ထွေးမထားဘဲ သတိတရားနဲ့ ဆင်ခြင်ပြီး ကိုယ်တာဝန်ရှိတဲ့ လုပ်ငန်းခွင်၊ ကိုယ့်ကို အသက်အပ်ထားရတဲ့ ဂိလာနဝေဒနာရှင်တွေအတွက် တစ်ချက်ကလေး ငဲ့ကွက်ပြီး ကြည့်ပေးပါ။ စဉ်းစားနိုင်ဖို့ အချိန်ရပြီဆိုရင်တော့ ဆိုခဲ့တဲ့ ကတိသစ္စာနံပါတ်(၄) **"ကျွနုပ်သည် သမားကောင်းတစ်ဦး၏ ကိုယ့်ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းပါအံ့"** ကို အဖန်ဖန်စဉ်းစားကြပါ။ မိမိကိုယ်ကို ထိန်းသိမ်းရင်း မြန်မာနိုင်ငံကြီးရဲ့ ကျန်းမာရေးအခြေခံအဆောက်အအုံ (Health Infrastructure) ကြီးကိုလည်း မယိုင်မလဲ ခိုင်မြဲအောင် စောင့်ရှောက်ကြစေချင်ပါတယ်။

**"ဆရာဝန်ဆိုတာ သာမန်ဆရာမဟုတ်ပါဘူး။ လူသားထုကြီးရဲ့အသက်ကို ကယ်တင်နိုင်စွမ်းရှိတဲ့ မြင့်မြတ်တဲ့ပညာရှင်တွေပါ။ ပညာတွေတတ်နေရုံသာမက "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဆိုတဲ့အတိုင်း ပညာရှိသုခမိန်တွေအဖြစ်နဲ့ ရပ်တည်ကြစေချင်ပါတယ်။ ခေတ်အဆက်ဆက်မှာ အစိုးရအမျိုးမျိုးကတော့ ရှိနေမှာပါပဲ။ အစိုးရနဲ့ လူနာကို ခွဲမြင်နိုင်အောင် ကြိုးစားကြပါ။ ပုထုဇဉ်ဘဝကနေ ပါရမီရှင်ဖြစ်လာအောင် အခွင့်အရေး အပြည့်ရှိတဲ့ ဆေးရုံ၊ ဆေးခန်းလုပ်ငန်းခွင်ထဲ ပြန်ဝင်ကြပါစို့"**

ဆရာဝန်ဆိုတာ သာမန်ဆရာမဟုတ်ပါဘူး။ လူသားထုကြီးရဲ့အသက်ကို ကယ်တင်နိုင်စွမ်းရှိတဲ့ မြင့်မြတ်တဲ့ ပညာရှင်တွေပါ။ ပညာတွေတတ်နေရုံသာမက "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဆိုတဲ့အတိုင်း ပညာရှိသုခမိန်တွေအဖြစ်နဲ့ ရပ်တည်ကြစေချင်ပါတယ်။ ခေတ်အဆက်ဆက်မှာ အစိုးရအမျိုးမျိုးကတော့ ရှိနေမှာပါပဲ။ အစိုးရနဲ့ လူနာကို ခွဲမြင်နိုင်အောင် ကြိုးစားကြပါ။ ပုထုဇဉ်ဘဝကနေ ပါရမီရှင်ဖြစ်လာအောင် အခွင့်အရေးအပြည့်ရှိတဲ့ ဆေးရုံ၊ ဆေးခန်း လုပ်ငန်းခွင်ထဲ ပြန်ဝင်ကြပါစို့။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



**နေပြည်တော် မတ် ၂၆**

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညို ကုသိုလ်ယူ လျက်ရှိကြသည်။

ထို့ပြင် သက်ဆိုင်ရာ ဘာသာရေးကျောင်းများ တွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက် ဝတ်ပြုလျက်ရှိကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



# (၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၆**

(၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၃၄ ဦးတို့က သတ်မှတ်နေရာများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့အတူ (၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်း အမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်း တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ပြုလုပ်ရာ နှလုံးလှကြယ်စင် သွေးအလှူရှင်များအသင်း၊ ပြင်ဦးလွင်ခရိုင် မြို့နယ် များရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြင်ဦးလွင်မြို့နယ် အတွင်းရှိ ကျေးရွာများမှ စေတနာရှင်သွေးအလှူရှင် ၁၅၀ တို့က သတ်မှတ်နေရာများ၌ စုပေါင်းသွေးလှူ ဒါန်းကြပြီး ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာ ပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်း မြို့နယ် တကောင်းတိုက်နယ် ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ် မြို့နယ် ယင်းတော်တိုက်နယ် ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့ နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသ ကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံ နှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီ တောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစား နေရသည့်ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုး အကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါ တို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေး ခြင်းများကို ဆက်လက်ဆောင် ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ် သော လူနာများအား ခွဲစိတ်ကုသ ပေးခြင်းများ ဆောင်ရွက်ပေး ခဲ့သည်။

အလားတူ မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ် ညောင်ရမ်း တိုက်နယ်ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများ သည် ၎င်းတို့၏ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်သို့ အကူအညီ တောင်းခံလာခဲ့သဖြင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မှ တပ်မတော်သားဆရာဝန် များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက် ဝမ်းသာစွာဖြင့် လှိုက်လှဲစွာ ကြိုဆို ခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူ များ၏ ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများကို စတင်ဆောင် ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။



**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများနှင့် ပူးပေါင်း၍ ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက် ရှိသည့် လက်နက်များနှင့် ပစ္စည်းများကို စစ်ဆေး ရှာဖွေခြင်း၊ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်း ခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်တွင် နောင်ချိုမြို့၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ ထွက်မှုများ စစ်ဆေး ဆောင်ရွက်စဉ် လားရှိုးမြို့မှ ရန်ကုန်မြို့ဘက်သို့ အောင်နိုင်ဝင်း (ဘ)ဦးကြည်ဝင်း မောင်းနှင်ပြီး ရဲခေါင် တင့်ဆွေ(ဘ)ဦးတင်ရွှေ၊ မင်းခန့်ကျော်(ဘ) ဦးတင်မိုး လိုက်ပါလာသည့် ရတနာခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါယာဉ်ပေါ်မှ ဂျင်ကလိအချောင်း၁၀၀၊ ဖိုက်ဘာလက်ရိုက်တုတ် အချောင်း၂၀ ၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း။

ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၊ မဲဘောင်လမ်းဆုံ အနီးရှိ နေအိမ် ၃ လုံး၌ စောအေးသူ (ဘ)ဦးရင်ရွှေ၊ ဦးချစ်ဝင်း(ခ) ကျားကြီး (ဘ)ဦးထွန်းသာမြ၊ ဇော်မင်းထွန်း(ဘ) ဦးစိန်ကုလား၊ မစန်းစန်းထွေး (ဘ)ဦးရင်ရွှေ၊ မထက်မြတ်နိုးဦး(ဘ) ဦးသန်းရွှေ၊ မနန်းခိုင်ခင်မိုး(ခ)ပိုင်ပိ(ဘ)ဦးချစ်ဝင်းတို့ ၆ ဦးအား ရေသန့်ဘူးဖြင့် ထည့်ထားသည့် ယမ်းမှုန့် ၁၂ ဘူး၊ လောင်စာဆီများ ထည့်လျက် မီးစာတပ်ထား သည့် ပုလင်း ၁၄၇ လုံး၊ လက်လုပ်အသံဖိုး ၂၇ ဘူး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မြောင်းမြမြို့၊ မြစန္ဒာရပ်ကွက်၊ အရှေ့ကုန်းသုသာန် လမ်း၊ စန်းအောင်(ဘ) ဦးကျော်ဝင်းနေအိမ်၌ ၎င်းအား လေသေနတ်၁ လက်၊ အခြားဆက်စပ်ပစ္စည်း များနှင့်လည်းကောင်း၊ ရိုးဆိပ်(၁)လမ်းရှိ လေးဟန် (ဘ)ဦးဝင်းဆင့်အား လက်လုပ်သေနတ် ၁ လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

### ဖမ်းဆီးရမိ

ထို့အတူ မတ် ၂၄ ရက်နှင့် ယနေ့တို့တွင် ဟသ်ာတမြို့ လယ်တီကွင်းရပ်ကွက် မြို့ပတ်လမ်းရှိ အိမ်အမှတ်(၂၅၂)၊ ဖြိုးမင်းဟိန်းနေအိမ်၌ လေသေနတ်အတို ၁ လက်၊ ဒူးလေး ၁ လက်၊ ရဲဒင်း ၂ လက်၊ ဓား ၂ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများ အားလည်းကောင်း၊ ကနောင်စုရပ်ကွက်၊ တိုင်း(၉) မြန်မာ့မီးရထား(ဟသ်ာတ)ဝန်းအတွင်းရှိ ဒီဇယ် စက်ခေါင်းပြင်ရုံအတွင်း၌ သံဒိုင်းကာ ၄ ချပ်၊ အခြား ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ မြန်မာ့မြို့ပြ အင်ဂျင်နီယာဌာနလုပ်သား ရဲလင်းနောင်(ခ)ဖိုးချို (ဘ)ဦးတင်ဦးနေအိမ်၌ ၎င်း၏ ဇနီးဖြစ်သူ မြင့်မြင့်ထူး(ဘ)ဦးကျော်ထူးနှင့် အင်ကြင်မောင်(ဘ) ဦးသိန်းစိုးတို့ ၃ ဦးအား ဓားမျိုးစုံ ၈ ချောင်း၊ အခြား ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ဟသ်ာတ မြို့နယ်၊ တလုတ္တော်မြို့၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဈေးပိုင်းရပ်ကွက်၊ မြတ်မိုး(ဘ) ဦးသိန်းအောင်အိမ်၌ မှိန်း ၄ ချောင်း၊ လက်လုပ်သေနတ် ၁ လက်၊ အခြား ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၁၂) ရပ်ကွက်၊ မာဃလမ်း၊ အိမ်အမှတ်(၂၁)၌ နိုင်ဝေယံ(ဘ) ဦးကံဝင်းအား လေသေနတ် ၁ လက်၊ ဆက်စပ်ပစ္စည်း များနှင့် လည်းကောင်း၊ ဖျာပုံမြို့၊ အမှတ်(၁၈) ရပ်ကွက်၊ သမိန်ထောရာမလမ်း၊ အမှတ်(၁၈၈)ရှိ ရှိုင်းထက်အောင်(ဘ) ဦးခင်မောင်တိုးနေအိမ်၌ ဓားမြှောင် ၁ ချောင်း၊ ဂျင်ကလိ ၁၇ ချောင်း၊ ဆက်စပ် ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးထိန်းသိမ်း ရမိခဲ့သည်။



ရဲခေါင်တင့်ဆွေ၊ မင်းခန့်ကျော်နှင့် အောင်နိုင်ဝင်းတို့ကို ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယနေ့တွင်လည်း လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၉၉၃/၉၉၅)၊ သုဓမ္မာ လမ်းရှိ ဦးသံချောင်းနေအိမ်၌ ဇနီးဖြစ်သူ ဒေါ်လှလှ မြင့်(ဘ) ဦးလှမြင့်နှင့် သမီးဖြစ်သူ မနှင်းနှင်းဦးတို့အား ဒူးလေး ၁ လက်၊ ဂျင်ကလိ ၉ ချောင်း၊ ဆက်စပ်ပစ္စည်း များနှင့်လည်းကောင်း၊ ကော့မှူးမြို့နယ်၊ ဆပုဂံ ကျေးရွာအုပ်စု၊ မြို့ကုန်းကျေးရွာရှိ အားမာန်ပရဟိတ အသင်းရုံး၌ ဖိုက်ဘာဦးထုပ်၄၂ လုံး၊ ဒိုင်းမျိုးစုံ ၂၆ ခု၊ ဖြတ်စက် ၁ ခု၊ ဆက်စပ်ပစ္စည်းအားလည်းကောင်း၊ မိုးကုတ်မြို့၊ လယ်ဦးရပ် ရွှံ့ပန်းရပ်ကွက်၊ အိမ်အမှတ်(ဘလ/၃၆)၌ ဇော်လင်း(ဘ)ဦးဝင်းရွှေ၊ ကြာရွှေသန်း(ခ)ရန်နိုင်ဦး(ဘ)ဦးလာဆာ၊ ဝင်းထွန်းစိုး (ဘ)ဦးဘမြင့်၊ ရဲထွဋ်စိုး(ဘ)ဦးစံနှင့် ဟန်ဝင်းထွန်း (ဘ)ဦးသောင်းချိုတို့ ၅ ဦးအား လက်လုပ်မိုင်း၂၃လုံး၊ ဂျင်ကလိ ၂၃ ချောင်း၊ ဓားမြှောင် ၃ ချောင်း၊ ဆက်စပ် ပစ္စည်းများနှင့်လည်းကောင်း၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်အတွင်း၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဒိုင်း ၄၂ ခု၊ မီးစာတပ်ပုလင်း ၈၅ လုံး၊ လက်လုပ်မိုင်းအလုံး ၅၀၊ အခြားဆက်စပ်ပစ္စည်းများ အားလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

### ဥပဒေအရ အရေးယူရန်

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီး ထိန်းသိမ်းရမိသူများကို လိုအပ်သည်များစစ်ဆေးနိုင် ရန်နှင့် ဥပဒေအရ အရေးယူနိုင်ရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင် လျက်ရှိသော ပါဝင်ပတ်သက်သူများကိုလည်း အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့တို့၌ တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့လာရောက်အပ်နှံ

**နေပြည်တော် မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူ မြို့နယ်များရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြု သည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်း အရ ယနေ့နံနက်ပိုင်းတွင်



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာန ချုပ်၊ တပ်နယ်အသီးသီးမှ လုံခြုံ ရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ သွားရောက်၍ ဒေသခံ ပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူ ခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

### သဘောဆန္ဒအလျောက်အပ်နှံ

ယင်းသို့ ရှင်းလင်းပြောကြားမှု ကြောင့် ကျေးရွာနေပြည်သူများ က နားလည်သဘောပေါက်ကာ တူမီးသေနတ် ၁၂၄ လက်၊ လက်လုပ်သေနတ် ၇၄ လက်၊ လေးခွ ၁၇ လက်၊ ခဲသီး ၉၈ လုံး၊ မှိန်း ၂ ချောင်း၊ တူမီးအစပျိုးယမ်း ၁၉ ခုတို့ကို ၎င်းတို့သဘောဆန္ဒ အလျောက် လုံခြုံရေးတပ်ဖွဲ့ဝင် များထံသို့ လာရောက်အပ်နှံခဲ့ကြ ကြောင်း သိရှိရသည်။

### လုံခြုံရေးတပ်ဖွဲ့ဝင်များထံအပ်နှံ

အလားတူ ယနေ့နံနက်ပိုင်း တွင် ရောဝတီ တိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ ခွေးကုတ်ကျေးရွာ အုပ်စုနှင့် ရွှေညောင်ပင်ကျေးရွာ အုပ်စုတို့မှ ဒေသခံပြည်သူများက လက်လုပ်သေနတ် ၁၄ လက်၊ လေသေနတ် ၂ လက်၊ အခြား ဆက်စပ်ပစ္စည်းများကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံခဲ့ကြောင်း သိရှိရသည်။

### တူမီးသေနတ်အပ်နှံ

ထို့အပြင် ယနေ့မွန်းလွဲပိုင်း တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာ အုပ်စု၊ နန်းဟတ်ကျေးရွာနေဒေသခံ ပြည်သူများက တူမီးသေနတ် ၂ လက်နှင့် ပြောင်းအပို ၁ ခုတို့ ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **ဥပဒေကို ဆန့်ကျင်ကာ ဆူပူဖျက်ဆီးပါက မှားကြလိမ့်မယ်။**

**ရှယ်တူ သူငယ်ချင်းများက အမှားမလုပ်မိခင် ကယ်တင်ဆွေးနွေး ဖျောင်းဖျ တားဆီးကြပါ။**

**လူငယ်ဘဝဟာ နိုင်ငံ့လူမျိုးကောင်းကျိုးအတွက်သာ ဖြစ်ရမှာ....။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သူများအား ထိန်းသိမ်းထားခဲ့ရာမှ ယနေ့ ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည် ပို့ဆောင်ပေးခဲ့

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (က)အရ ထိန်းသိမ်းထားခဲ့ရာမှ ယနေ့ညနေပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်လွှတ်ပေးမည့်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းရှိ အားကစားခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင့်က ဆုံးမသြဝါဒစကားပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးစိုးစိုးဇော်က အမှာစကားပြောကြားသည်။

ထို့နောက် ပြန်လည်လွှတ်မြောက်လာသူများအား YBS ယာဉ်များဖြင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ယနေ့ ပြန်လည်လွှတ်ပေးခဲ့သူများတွင် အမျိုးသား ၂၄၉ ဦး၊ အမျိုးသမီး ၇၃ ဦး၊ စုစုပေါင်း ၃၂၂ ဦး ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သည့်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (က)အရ ထိန်းသိမ်းထားခဲ့ရာမှ မတ် ၂၄ ရက်က အမျိုးသား ၃၆၀ ၊ အမျိုးသမီး ၂၆၈ ဦး၊ စုစုပေါင်း ၆၂၈ ဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**လင်းလတ်**



# မြို့နယ်အချို့၌ ရဲစခန်းများအား ဆူပူအကြမ်းဖက်သူ လူအုပ်စုများက လက်လုပ်မိုင်း၊ ဓာတ်ဆီပုလင်းများဖြင့် အကြောင်းမဲ့ ရန်ပြုပစ်ခတ်

**နေပြည်တော် မတ် ၂၆**

၂၀၂၁ ခုနှစ် မတ် ၂၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက် အင်းစိန်လမ်းရှိရဲစခန်းအား ယာဉ်အမှတ်/အမျိုးအစား (စိစစ်ဆဲ) အနက်ရောင်ယာဉ်တစ်စီးမှ လက်ပစ်ဗုံးဟုယူဆသည့် အရာဖြင့် အကြောင်းမဲ့ပစ်ပေါက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ပါသည်။




ထိုသို့ ပစ်ခတ်မှုကြောင့် ရဲစခန်းရှေ့ အင်းစိန်လမ်းမကြီးပေါ်တွင် ရပ်တန့်ထားသော လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ်တစ်စီးတွင် အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်းသိရှိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မြိတ်မြို့ရဲစခန်းဝင်းအတွင်းရှိ မိသားစုနေအိမ်လိုင်းခန်းအား အမျိုးသား ၂ ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဓာတ်ဆီပုလင်းအား မီးရှို့ကာ အကြောင်းမဲ့ ရန်ပြုပစ်ခတ်ခဲ့သဖြင့် ရဲစခန်းဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ကာ မြက်ခြောက်များ မီးလောင်ကျွမ်းခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသွားခဲ့ကာ လူနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း။

အလားတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ (၇၆)လမ်း၊ ၄ လမ်းနှင့် ၅ လမ်းကြားရှိ ရဲစခန်းအား အမျိုးသား ၂ ဦး(စိစစ်ဆဲ)မှ Clik ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း ၂ လုံးဖြင့် ပစ်ခတ်၍ ၁၂ လမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ပါသည်။

ထိုသို့ ပစ်ခတ်မှုကြောင့် လက်လုပ်မိုင်း ၁ လုံးမှာ ရဲစခန်းရှေ့လမ်းပေါ်တွင် ကျရောက်ပေါက်ကွဲသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ကျန် ၁ လုံးမှာ ပေါက်ကွဲမှုမရှိဘဲ သိမ်းဆည်းရမိသဖြင့် ဖျက်ဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် ကမ်းနားလမ်းတွင် မော်တော်ဆိုင်ကယ်ဖြင့် အမျိုးသား ၂ ဦးမှ လက်လုပ်မိုင်း ၁ လုံးဖြင့် လည်းကောင်း၊ ဂန့်ဂေါမြို့ မြို့မရပ်ကွက် မြစ်သာမြစ်ကမ်းဘေး ကားလမ်းနေရာတွင် မော်တော်ဆိုင်ကယ်ဖြင့် အမျိုးသား ၂ ဦးမှ လက်လုပ်မိုင်း ၁ လုံးဖြင့်လည်းကောင်း ပစ်ခတ်ထွက်ပြေးမှုကြောင့် လမ်းပေါ်များသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ တိရစ္ဆာန်နှင့် ပစ္စည်းများ ပျက်စီးထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အထက်ပါကဲ့သို့ ရဲစခန်းများ၊ နိုင်ငံတော်ပိုင် အဆောက်အဦများအား အကြမ်းဖက်သူလူအုပ်စုများမှ ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် မီးပုလင်း၊ လက်လုပ်မိုင်းတို့ဖြင့် ပစ်ခတ်နေသူများအား ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာအလိုက် ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁) ရက်မှစပြီး ၂၀၂၁ ခုနှစ်၊ မတ်(၃၁)ရက်အထိ နေ့စဉ် နံနက်(၆) နာရီမှစ၍ ‘ဝ’ ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များကို ည (၁၁) နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ်၊ ဧပြီ (၁) ရက် မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင် (၃၁) ရက်အထိ နေ့စဉ် နံနက် (၆) နာရီမှ (၈) နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ နံနက် (၈) နာရီ မှ (၁၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် (၁၀) နာရီမှ နံနက် (၁၁) နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် (၁၁) နာရီမှ မွန်းတည့် (၁၂) နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂) မှ မွန်းလွဲ (၁) နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းလွဲ (၁) နာရီမှ (၂) နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၂) နာရီမှ (၃) နာရီအထိ ချင်း (ချိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၃) နာရီမှ ညနေ (၅) နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ညနေ (၅) နာရီမှ ည (၇) နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ည (၇) နာရီမှ (၉) နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည (၉) နာရီ မှ (၁၁) နာရီအထိ 'ဝ' ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**(၁.၄.၂၀၂၁) မှ (၃၁.၇.၂၀၂၁)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း**

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | ကချင် | ၀၆:၀၀ – ၀၈:၀၀ နာရီ |
| ၂။ | ကယား | ၀၈:၀၀ – ၁၀:၀၀ နာရီ |
| ၃။ | စကောကရင် | ၁၀:၀၀ – ၁၁:၀၀ နာရီ |
| ၄။ | အနောက်ပိုးကရင် | ၁၁:၀၀ – ၁၂:၀၀ နာရီ |
| ၅။ | အရှေ့ပိုးကရင် | ၁၂:၀၀ – ၁၃:၀၀ နာရီ |
| ၆။ | ချင်း (လိုင်ဇိုး) | ၁၃:၀၀ – ၁၄:၀၀ နာရီ |
| ၇။ | ချင်း (ချိုး) | ၁၄:၀၀ – ၁၅:၀၀ နာရီ |
| ၈။ | မွန် | ၁၅:၀၀ –၁၇:၀၀ နာရီ |
| ၉။ | ရခိုင် | ၁၇:၀၀ – ၁၉:၀၀ နာရီ |
| ၁၀။ | ရှမ်း | ၁၉:၀၀ – ၂၁:၀၀ နာရီ |
| ၁၁။ | “ ဝ ” | ၂၁:၀၀ – ၂၃:၀၀ နာရီ |

- တိုင်းရင်းသားအစီအစဉ် (၁၁)ဘာသာအား နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၂၃:၀၀) နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့်လျက်ရှိပါသည်။
- (၄) လတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၂၂) ကြိမ်မြောက်ဖြစ်ပါသည်။

# အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ် ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် အချို့သောပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟုစွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းစသည်ဖြင့်ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင်ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၄။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများ စသည့်ကျူးလွန်ခံရမှုများရှိလာပါက မှတ်တမ်းဓာတ်ပုံအထောက်အထားများနှင့်တကွ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းဖိုင်များပေးပို့နိုင်ရေး သက်ဆိုင်ရာခရိုင်အလိုက် ဖော်ပြထားသော Viber ဖုန်းနံပါတ်များသို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်-

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
Viber Phone – ၀၉ ၄၂၅၂၈၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂
Viber Phone – ၀၉ ၄၅၀၈၄၀၈၈၈

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆
Viber Phone – ၀၉ ၇၉၄၆၁၁၃၅၁

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
Viber Phone – ၀၉ ၄၂၀၁၆၇၁၂၆

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
Viber Phone – ၀၉ ၄၀၃၇၃၉၁၆၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇
Viber Phone – ၀၉ ၂၅၀၃၄၄၂၁၉

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
Viber Phone – ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈
Viber Phone – ၀၉ ၂၅၈၂၈၆၉၉၂

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၇၂၇၉၁၅၇

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
Viber Phone – ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀
Viber Phone – ၀၉ ၅၁၃၂၅၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၈၂၉၁၇၅၉၆
Viber Phone – ၀၉ ၄၀၀၄၅၅၁၅၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၄၆၅၇၁၅၄၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၉၈၃၉၂၆၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇
Viber Phone – ၀၉ ၄၀၀၄၅၅၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
Viber Phone – ၀၉ ၂၃၀၀၈၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈
Viber Phone – ၀၉ ၄၄၄၇၇၆၆၅၉

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄
Viber Phone – ၀၉ ၄၂၀၇၃၆၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၈၄၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
Viber Phone – ၀၉ ၂၅၈၄၆၆၆၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃
Viber Phone – ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
Viber Phone – ၀၉ ၄၅၈၀၂၅၄၁၉

(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
Viber Phone – ၀၉ ၉၅၁၄၉၅၄၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
Viber Phone – ၀၉ ၄၂၁၀၇၁၃၆၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
Viber Phone – ၀၉ ၄၀၂၅၀၈၄၆၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
Viber Phone – ၀၉ ၈၈၀၀၈၇၃၄၀

(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
Viber Phone – ၀၉ ၈၈၉၂၉၁၉၄၀

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉
Viber Phone – ၀၉ ၇၆၄၄၂၂၆၇၄

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
Viber Phone – ၀၉ ၆၆၉၉၀၅၂၈၁

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁
Viber Phone – ၀၉ ၇၅၅၁၀၀၇၅၇

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉
Viber Phone – ၀၉ ၈၉၅၉၁၂၁၆၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
Viber Phone – ၀၉ ၄၀၀၅၄၀၁၄၀

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
Viber Phone – ၀၉ ၂၅၀၉၉၉၇၄၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
Viber Phone – ၀၉ ၄၄၃၁၃၅၅၂၀

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅
Viber Phone – ၀၉ ၇၉၆၅၈၄၆၃၇

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၂၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
Viber Phone – ၀၉ ၉၅၄၂၀၆၀၆၁

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
Viber Phone – ၀၉ ၄၀၀၃၁၁၁၁၀

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
Viber Phone – ၀၉ ၇၉၄၄၄၇၂၈၀

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇
Viber Phone – ၀၉ ၂၅၇၀၈၀၀၀၉၈

(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄
Viber Phone – ၀၉ ၉၇၃၃၇၃၆၈၈

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈
Viber Phone – ၀၉ ၉၆၉၉၉၅၆၄၇၂

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
Viber Phone – ၀၉ ၄၂၀၇၆၀၂၄၆

စာမျက်နှာ ၂၉ သို့

*စာမျက်နှာ ၂၈ မှ*

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
Viber Phone - ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
Viber Phone - ၀၉ ၄၄၀၁၄၂၆၆၇

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone - ၀၉ ၄၀၃၇၄၂၂၆၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
Viber Phone - ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆
Viber Phone - ၀၉ ၄၂၀၂၅၁၄၈၄

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
Viber Phone - ၀၉ ၂၅၅၈၅၄၄၃၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆
Viber Phone - ၀၉ ၂၅၅၇၁၁၁၇၄

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone - ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone - ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
Viber Phone - ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone - ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone - ၀၉ ၂၅၄၃၁၅၂၉၉

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone - ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone - ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone - ၀၉ ၅၁၉၄၂၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone - ၀၉ ၇၈၆၂၈၁၄၅၆

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone - ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone - ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone - ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
Viber Phone - ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone - ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone - ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone - ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone - ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone - ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone - ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone - ၀၉ ၆၈၉၉၁၀၉၇၀

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone - ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
Viber Phone - ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone - ၀၉ ၄၅၄၄၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၀၁
Viber Phone - ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
Viber Phone - ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၉၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂
Viber Phone - ၀၉ ၂၆၉၄၈၂၈၂၀

## ဖာပွန်မြို့၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ဖာပွန် မတ် ၂၆**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၂၁)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ယွန်းစလင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံ ခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများတက်ရောက်ကြပြီး သင်တန်းသား ၃၂ ဦးကို နည်းပြခြောက်ဦးက မတ် ၂၄ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **စိုင်းကျော်ဝဏ္ဏ(ပြန်/ဆက်)**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အသုံးပြုရန်လိုအပ်သော Backhoe Loader (92 HP) (၂) စီးအား(မြန်မာငွေကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၈-၃-၂၀၂၁ရက် (၀၉:၃၀)နာရီမှ ၂၆-၄-၂၀၂၁ရက် (၁၆:၃၀)နာရီအထိ

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၂၇-၄-၂၀၂၁ရက် (၁၆:၃၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၈-၄-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)(၀၉:၀၀)နာရီ

(ဃ) တင်ဒါဖွင့်မည့်နေရာ - မကွေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ အောင်မေတ္တာရပ်ကွက်၊ ဘိုးရတနာဇက်ဆိပ်လမ်း၊ မကွေးမြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၆၃-၂၈၇၂၇၊ ၀၆၃-၂၈၃၆၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၃၊ မြေကွက်အမှတ် -၁၃၈၄၊ ဧရိယာ ၀ဒသမ၀၅၅၈ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၃၈၄)၊ ဘုရင့်နောင်လမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဦးအေးကြူ (စီအီး-၀၄၉၆၁၀) အမည်ပေါက်တည်ရှိပြီး (၁၈-၈-၁၉၉၉)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်မြေအရောင်းအဝယ်ကတိစာချုပ်အရ ဦးဝင်းညွန့်ဦး ၁၂/မရက(နိုင်)၀၀၅၂၁၄မှ ဝယ်ယူခဲ့ပြီး ၎င်းထံမှ ၂၈-၆-၂၀၀၆ ရက်စွဲပါ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူထားသူ ဒေါ်စမ်းစမ်းရည် ၈/သရန(နိုင်)၀၂၆၀၈၄က တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိ သူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆို နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၄)၊ ဦးပိုင်အမှတ် (၁၃၁၉)၊ မြေ ဧရိယာ ၀ဒသမ၂၃၀ဧကရှိ မြေကွက်သည် မူလက ဒေါ်အေးအေးဝင်းအမည်ဖြင့် (၁၀-၅-၂၀၃၉)ထိ နှစ် (၃၀)ဂရန်ရရှိခဲ့ပြီး ၎င်းထံမှ ၂၀-၄-၂၀၂၀ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် ၈၃/၂၀၂၀ ဖြင့် ဒေါ်မြင့်မြင့်ဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်မြင့်မြင့်ဝင်း ၁၃/ တကန(နိုင်)၁၄၈၉၉၁ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့် ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့် ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### အများသိစေရန် အသိပေးကြေညာခြင်း

ကျောက်မဲမြို့၊ အမှတ် ၉ ရပ်ကွက်၊ နယ်မြေ ၈ နေ ဦးဟိန်းဟိန်းဇံ ၁၃/ကမန(နိုင်)၁၃၃၂၁၃၊ ဒေါ်ရှူးရှူးဇံ ၁၃/ကမန(နိုင်)၁၃၇၅၄၅ တို့မှ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးဟိန်းဟိန်းဇံနှင့် ဒေါ်ရှူးရှူးဇံတို့၏ ညီမဖြစ်သူ ဒေါ်ဝင့်ဝါဝါဇံ ၁၃/ကမန (နိုင်)၁၃၆၈၈၃သည် မိဘများဖြစ်ကြသော ဦးသာဇံ-ဒေါ်အေးအေးမွှေးတို့ ကွယ်လွန်ပြီး နောက်ပိုင်း အစ်ကို၊ အစ်မဖြစ်သူတို့မှ ပြုစုစောင့်ရှောက်အုပ်ထိန်းခဲ့ပါသည်။ ယခုအခါတွင် ဒေါ်ဝင့်ဝါဝါဇံသည် အစ်ကို၊ အစ်မဖြစ်သူတို့၏ အုပ်ထိန်းစောင့်ရှောက်မှုကို ခံယူခြင်း မရှိဘဲ မိသားစုအား စိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စရပ်များဆောင်ရွက်ခဲ့ပြီး ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးဟိန်းဟိန်းဇံနှင့် ဒေါ်ရှူးရှူးဇံတို့သည် ယခုကြေညာသည့်ရက်မှစ၍ ဒေါ်ဝင့်ဝါဝါဇံအား ညီမအဖြစ်မှ စွန့်လွှတ်လိုက်ပြီ ဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဒေါ်ဝင့်ဝါဝါဇံနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ မည်သည့်အသင်းအဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ဦးဟိန်းဟိန်းဇံနှင့် ဒေါ်ရှူးရှူးဇံတို့ထံ လာရောက် ဆက်သွယ်ပြောဆိုခြင်းများကို လုံးဝ(လုံးဝ) လက်ခံခြင်းပြုမည်မဟုတ်ပါ။ ၎င်းအပြင် ဦးဟိန်းဟိန်းဇံနှင့် ဒေါ်ရှူးရှူးဇံတို့ လက်ရှိနေထိုင်လျက်ရှိသော ကျောက်မဲမြို့၊ အမှတ် ၉ ရပ်ကွက်၊ နယ်မြေ ၈ ရှိ နေအိမ် မြေသည်လည်း ဒေါ်ဝင့်ဝါဝါဇံနှင့် အကျိုးသက်ဆိုင်ခြင်းတစ်စုံတစ်ရာ လုံးဝ(လုံးဝ)မရှိသဖြင့် နေအိမ်မြေနှင့်ပတ်သက်ပြီး ဒေါ်ဝင့်ဝါဝါဇံ၏ ဆောင်ရွက်ချက် တစ်စုံတစ်ရာသည် ကျွန်တော် ဦးဟိန်းဟိန်းဇံနှင့် ဒေါ်ရှူးရှူးဇံတို့အပေါ်တွင် တာဝန်ရှိမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းဟိန်းဇံ၊ ဒေါ်ရှူးရှူးဇံ**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၂၆၈၇ လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၀/သထန(နိုင်)၂၅၈၁၇၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ဒေါင့်ကြီးရိုးမဒွေါ်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၄၇၃-က/မတောဲ့ကုန်းကွင်း)၊ဦးပိုင်အမှတ်(၁၃၇၊ ၁၀၅/၄)၊ ဧရိယာဧက ၁.၂၂မြေကွက်အား ဦးဝင်းထွန်းလှိုင်က စက်မှု/စီးပွားလုပ်ငန်းမြေငှားဂရန်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်ရက်မှ(၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်သို့ ကာယကံရှင်ကိုယ်တိုင် အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

သင့် စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့

### ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တမူးခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးအမှုအမှတ်-၃

ဒေါ်လားရိုပျဉ်းငီး **နှင့်**
၁။ ဦလားရင်းထန်းငါ
၂။ ဒေါ်လားနီလော်နီး
၃။ ဒေါ်မားပွီးအီး
၄။ ဒေါ်ဗျက်ကီး
၅။ ဒေါ်မားငိုက်ထန်းငီး
၆။ ဒေါ်လားရီမောရီ
၇။ ဒေါ်လားလျံမောရီ

**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ဈေးတန်း(၁၀)ရပ်ကွက် ဒေါ်လားလျံမောရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုက အမွေထိန်းလက်မှတ်နှင့် အမွေပစ္စည်းလက်ဝယ်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဧပြီ ၂၇ရက် (၁၃၈၃ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းအောင်)**
**ခရိုင်တရားသူကြီး**
**တမူးခရိုင်တရားရုံး**

# နေ့စဉ် သတင်းမှန်၊ အဖြစ်မှန်၊ တကယ်အချက်အလက်မှန်များကို

# မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကြေးမုံ
The Mirror Daily
Established in 1957

The Global New Light of Myanmar

# ဖတ်ရှုနိုင်ပါပြီ။




## ဆက်သွယ် မှာယူနိုင်ပါသည် -

မြန်မာ့အလင်း 01 - 9544 317, 09 - 4480 422 14

ကြေးမုံ 01 - 8292 830, 09 - 4500 255 70

The Global New Light of Myanmar
01 - 8604 532, 09 - 9839 249 91

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စောကြင်အုံး(BA.Ed,B.Ed)

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၁၆) မန္တလေးမြို့**

**အသက်(၈၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ ဦးမောင်မောင်အောင်၏ဇနီး၊ နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်+ဒေါ်ပန်းအိဖြူသာတို့၏ ချစ်လှစွာသောမိခင် ဒေါ်စောကြင်အုံးသည် ၂၆-၃-၂၀၂၂ရက် (သောကြာနေ့) နံနက် ၃နာရီ ၄၀မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စောကြင်အုံး(BA.Ed,B.Ed)

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၁၆) မန္တလေးမြို့**

**အသက်(၈၃)နှစ်**

စစ်တက္ကသိုလ် အပတ်စဉ်(၃၂)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်+ဒေါ်ပန်းအိဖြူသာတို့၏ ချစ်လှစွာသောမိခင် ဒေါ်စောကြင်အုံးသည် ၂၆-၃-၂၀၂၂ ရက် (သောကြာနေ့)တွင် ၈၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အပတ်စဉ်(၃၂)မှ မိသားစုများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောကြင်အုံး

**BA,Ed,B.Ed**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၁၆)မန္တလေးမြို့**

**အသက်(၈၃)နှစ်**

(ဦးမြစ်-ဒေါ်စိန်)တို့၏သမီး၊ (ဦးသိန်း-ဒေါ်ခင်ပု)တို့၏သမီးချွေးမ၊ ဦးမောင်မောင်အောင်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၏ ချစ်လှစွာသောဇနီး၊ (ဦးခင်ထွေး-ဒေါ်ကြည်ကြည်အုံး)တို့၏ ညီမ၊ ဒေါ်ခိုင်ခိုင်အောင်၊ (ဦးကျော်ငြိမ်းအောင်)၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်-ဒေါ်ပန်းအိဖြူသာတို့၏မိခင်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၃-၂၀၂၂ရက် (သောကြာနေ့)နံနက်၀၃:၄၀ နာရီတွင် နေပြည်တော်၌ (၈၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ငြိမ်းအေးဇရပ်မှ ပုဗ္ဗသီရိမြို့နယ်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးကြည်(ခရမ်းမြို့၊ သဲတောမြို့)

**အသက်(၁၀၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကမ်းနားလမ်း၊ မြေပိုင်ရှင်-သမာဓိမြို့ဝန် (ဦးစံညိမ်း-ဒေါ်အေးသွယ်)တို့၏သမီး၊ သဲတောမြို့နေ (ဦးသုနန်-ဒေါ်ဉာဏ်)တို့၏သမီးချွေးမ၊ (ဦးခင်စိန်) ၏ဇနီး၊ (ဦးရဲဝေ)၊ ဦးစင်ကြယ်-ဒေါ်ကျင်မွှေး၊ ဦးဝင်းအေး(ကိုတူ)-ဒေါ်အေးအေးစမ်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ ဦးသက်မျိုးဇော်-ဒေါ်ဖြူဖြူသွယ်၊ Dr.မြတ်မင်းဟန်-Dr.ထိုက်ထိုက်အိ၊ ကိုနိုင်လင်း (M3 – Technology) နှင့် ကိုပြည့်စုံ (M3 – Technology)တို့၏အဘွား၊ ခရမ်းမြို့နေ(ဦးမြို့-ဒေါ်သန်းရှင်)၊ သဲတော၊ ဝမ်းတွင်းမြို့နေ (ဦးပန်းညို-ဒေါ်သန်းတင်)၊ ရန်ကုန်မြို့နေ(ဦးသိန်းဟန်-ဒေါ်ခင်သန်း)၊ (ဦးဘစိန်-ဒေါ်အုံးကြည်)တို့၏ညီမ၊ (ဦးနု-ဒေါ်အုံးရီ)တို့၏အစ်မ၊ တူ၊ တူမ (၅၀) ယောက်တို့၏ချစ်လှစွာသောအဒေါ်သည် ၂၄-၃-၂၀၂၂ရက် မွန်းလွဲ ၂နာရီ ၄၈မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၃-၂၀၂၂ ရက်နေ့၌ သဲတောမြို့တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။

သင်္ဂြိုဟ်သည့်ရက်တွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေ သင်္ဂဟများအား ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်ကြီးကျော်သူရ(ငြိမ်း)

**B.Sc(D.S.A)(လေ – ၂၀၄၇)**

**ဒုတိယ အင်ဂျင်နီယာမှူးကြီး(စက်ပြုပြင်)**

**ရေနံ သယ်/ပို့ ဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၂၉/၉၀)နေ (ဒုတိယဗိုလ်မှူးကြီး အေးကျော်)-ဒေါ်ခင်ချိုဝင်းတို့၏သား၊ ဗိုလ် မှူးကြီးကျော်ဇညား-ဒေါ်ဝင်းပပထွန်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ(ငြိမ်း)(တပ်မတော်-ရေ)-ဒေါ်စံသာမွန်၊ ဦးပြည်စိုး-ဒေါ်အေးမြ ကျော်(ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဒုတိယဗိုလ်မှူးကြီး စိုးသူရ-ဒေါ်သော်သော်ဟံသာ(မြဝတီဘဏ်လီမိတက်)တို့၏အစ်ကိုကြီး၊ မောင်ကျော်သုတ၊ မောင်ကျော်ဝဏ္ဏ၊ မောင်ကျော်ဉာဏ၊မရွှန်းမြတ်မွန်ကျော်၊ မောင် နေထက်နိုင်၊ မောင်ကျော်လင်းဖြိုး၊ မရှုမဝသူတို့၏ ဘကြီးသည် ၂၆-၃-၂၀၂၂ရက် နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်၌ သရဏဂုံတင်ပြီး မွန်းလွဲ ၁ နာရီအချိန်ခန့်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၂၂ ရက် နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးမော် (UK)

**အသက် (၅၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမျိုးခင်)-ဒေါ်သန်းသန်းတို့၏ သမီးကြီး၊ (ဦးလေးလှုင်)-ဒေါ်စန်းစန်းမြင့်တို့၏ သမီးချွေးမ၊ ဦးညိုထွန်းအောင်-ဒေါ်နုနုယဉ်၊ ဦးကျော်ဝင်း-ဒေါ်လင်းလင်းမြတ်သာ၊ ဒေါ်မြသန္တာဝင်းတို့၏ အစ်မကြီး၊ တူ တူမ (၅) ယောက်တို့၏ အဒေါ်၊ သမီးမကျော်ဇဝတီထွန်း (UK)၏မိခင်၊ ဦးသန်းထွန်း (UK)၏ ချစ်လှစွာသော ဇနီးသည် ၂၁-၃-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ Charing Cross Hospital တွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးစောဦး

**အသက်(၆၃)နှစ်**

ကြို့ပင်ကောက်မြို့နေ(ဦးပု-ဒေါ်ညွန့်ရီ)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ ၄လမ်း၊ အမှတ် ၄၄/၁နေ ဒေါ်ရင်တင့် (ပြည်သူ့ကုန်တိုက်-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ထက်ဦးလင်း(UN-World Food Programme)၊ မောင်ညီလင်းထက်(Global Innovation Media)တို့၏ချစ်လှစွာသောဖခင်သည် ၂၆-၃-၂၀၂၂ရက် မွန်းလွဲ ၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးကျော်သူရ(ငြိမ်း) B.Sc (D.S.A)

**လေ-၂၀၄၇**

**ဒုတိယအင်ဂျင်နီယာမှူးကြီး(စက်ပြုပြင်)**

**ရေနံသယ်/ပို့ဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အသက် (၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၂၉/၉၀)နေ (ဒုမှူးကြီးအေးကျော်)-ဒေါ်ခင်ချိုဝင်းတို့၏သားကြီး ဗိုလ်ကြီးကျော်သူရ(ငြိမ်း)သည် ၂၆-၃-၂၀၂၂ရက် နံနက် ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ် (၃၁)သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစောဦး

**အသက်(၆၃)နှစ်**

ကိုထက်ဦးလင်း(UN- World Food Programme)၏ ချစ်လှစွာသောဖခင် ဦးစောဦးသည် ၂၆-၃-၂၀၂၂ရက် မွန်းလွဲ ၁:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**UN- World Food Programme**

**Staff Welfare Committe**

**ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာဝန်ထမ်းမိသားစု**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁-ခ)၊ ဦးပိုင်အမှတ်(၁၅၇/က)၊ မြေဧရိယာ ဝဒသမ ၁၂၆ ဧကရှိ မြေကွက်အား မူလက ဒေါ်ထုလွမ် အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ဒေါ်ထုလွမ် ကွယ်လွန်သွားခဲ့ပြီးနောက် ၎င်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဦးလရိန်နှင့် သားသမီး(၄)ဦးထံမှ ဦးအင်ခွမ်ရှန် လွမ်က နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးအင်ခွမ်ရှန်လွမ် ၁/မကန(နိုင်)၀၉၈၀၃၇ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁-၉-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၁၀၆၆/၂၀၂၀ကို ၂၂-၉-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် ၆၁၆/၂၀၂၀အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

---

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

---

### ကန့်ကွက်နိုင်ပါကြောင်း

ကွမ်းလုံမြို့၊ ဝန်ထမ်းရပ်ကွက် ကွင်း/ အကွက်အမှတ်(၁၅/ဝန်ထမ်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၇၃/၇၉)၊ မြေဧရိယာ ၀ဒသမ၅၃၇ဧကရှိ နှစ်(၃၀) မြေငှားဂရန်စာချုပ် အမှတ်(၁၇/၂၀၀၁)အနက်ဝန်ထမ်းရပ်ကွက် ကွင်း/အကွက်အမှတ်(၁၅/ဝန်ထမ်းရပ်ကွက်)၊ ဦးပိုင်အမှတ် (၇၃/၇၉)(ခ)၊ မြေဧရိယာ၀ဒသမ၁၀၃ ဧကအား ဦးလွင်မိုးဦး ၉/ပသက(နိုင်)၁၁၉၃၂၃မှ ဦးပိုင်ခွဲစိတ် မြေငှားဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ရက်(၂၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကွမ်းလုံမြို့**

---

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

# ဒေါ်စောအုန်းခင်

## (အထက်တန်းပြဆရာမ-ငြိမ်း)

## (ကနီမြို့)

## အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ရွှေဂုန်သူအိမ်ရာ၊ အမှတ် (၈၀၂)နေ (ဦးဘမျိုး-ဒေါ်ညွန့်တင်)တို့၏သမီး၊ ဦးမောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာထင်လင်း-ဒေါ်ဂျိုအန်ဆူ၊ ဒေါက်တာ ဝင်းကျော်-ဒေါ်ခင်ကေခိုင်၊ ဒေါ်ခင်မြတ်၊ ဦးဉာဏ်မျိုးထိုက်-ဒေါ်နီလာတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၄-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၉နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၂ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်သော အရိုးပြာများကို ဂူသွင်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစုသည် မိခင်ကြီး၏ ကျေးဇူးများကို အောက်မေ့သတိရလျက်ရှိပါသဖြင့် နာရေးသတင်းမေးခြင်းအား သည်းခံပေးပါရန်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁-ခ)၊ ဦးပိုင်အမှတ်(၂၂၁)၊ မြေဧရိယာ ဝဒသမ ၀၉၅ ဧကရှိ မြေကွက်ကို ဒေါ်ရွယ်ဆိုင် အမည်ဖြင့် ပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပြီး ၁၅-၆-၂၀၁၆ ရက်တွင် ဒေါ်ရွယ်ဆိုင်ထံမှ ဒေါ်ဂျာတောင်က နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကာ ဒေါ်ဂျာတောင် ၁/ ကမန(နိုင်) ၀၃၄၅၆၆ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁၀-၁၁-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် ၁၆၇/၂၀၂၀ ကို ၁၉-၁၁-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင် အမှတ် ၇၃၉/၂၀၂၀ အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မြစ်ကြီးနားမြို့**

---

**အနိစ္စ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၅-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၀၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၃၁,၄၇၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၅၉) ဦး ရှိပြီ ဖြစ်ပါသည်။


ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၈၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၆) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကျောက်ဖြူခရိုင်အတွင်းမှ စွန့်ဦးတီထွင် ကယုကမာမွေးမြူရေးလုပ်ငန်း အောင်မြင် ပင်လယ်စာဈေးကွက်အတွင်း ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



ကယုကမာ စီးပွားဖြစ်မွေးမြူရေးအတွက် ချောင်းအတွင်းချထားသော ဝါးဖောင်များ။

ကျောက်ဖြူ မတ် ၂၆

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ထဲရှိ သဇင်တန်ပေါက် တံတားအနီး ချောင်းအတွင်း ဝါးဖောင်များဖြင့် စီးပွားဖြစ်မွေးမြူလျက်ရှိသော ကယုကမာ မွေးမြူရေးလုပ်ငန်းများမှာ လက်ရှိအချိန်တွင် အောင်မြင်ဖြစ်ထွန်းနေပြီး ပင်လယ်စာ ရေထွက်ကုန်ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးတင်ပို့ရောင်းချသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ကယုကမာမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူ ဦးခင်အေးမောင်က "ကမာမွေးမြူရေးလုပ်ငန်းကို ၂၀၂၀ အစောပိုင်းက စပြီး လုပ်ဖြစ်တာပေါ့။ စမွေးမွေးချင်းမှာ အကောင်ရေက သိပ်မပါဘူး။ ရေထဲမှာ သွားလာနေတဲ့ ကမာသားပေါက်လေးတွေ ရှိနေမယ်လို့ ထင်ရတဲ့ နေရာတွေကို ခန့်မှန်းပြီး ကပ်ခိုနိုင်ဖို့ နေရာတွေ လုပ်ပေးတယ်။ ပလတ်စတစ်ခြင်း၊ ကော်ဘူး၊ သံထည်စတဲ့ စွန့်ပစ်ပစ္စည်းတွေကို ကြိုးတွေနဲ့ချည်ပြီး ဝါးဖောင်တွေနဲ့တွဲပြီး ချထားပေးတယ်။ နှစ်လလောက်ကြာရင် သူတို့တွေက အဲဒီစွန့်ပစ်ပစ္စည်းတွေမှာ လာကပ်တယ်။ ဒီလိုလာကပ်တဲ့ သားပေါက်တွေကို လေးလသားလောက်ဆိုရင် ပြန်ခွာပြီးတော့ ဘိလပ်မြေ အတုံးလေးတွေနဲ့တွဲပြီး ရေထဲမှာ ပြန်ချထားပေးတယ်။ တစ်တွဲမှာ အနည်းဆုံး ငါးလုံး၊ ခုနစ်လုံး၊ ဆယ်လုံးစီ တွဲထားတယ်။ အတွဲပေါင်း တစ်သောင်းလောက် တွဲထားပါတယ်၊ အခုဆို ဒီမှာ ရောင်းတန်းဝင်တဲ့ ကမာတွေ အလုံးရေ ခုနစ်ထောင်လောက်တော့ ရှိမယ်ထင်တယ်။ တစ်လုံးကို တစ်ထောင်ဈေးလောက်တော့ ရပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

## မာ တိ ကာ

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အမေရိကန်ပြည်သူများကို ရက် ၁၀၀ အတွင်း ကာကွယ်ဆေး သန်း ၂၀၀ ထိုးပေးသွားမည်ဟု ပြောကြား စာ-၁၃

အာဖဂန်ပြည်သူများ ခံစားရသည့် သတ်ဖြတ်ခံရခြင်း၊ နေရပ်စွန့်ခွာရခြင်းတို့ အဆုံးသတ်ရမည်ဟု ကုလသမဂ္ဂအရာရှိပြော စာ-၁၄

# ဆားဘီးယားမြေမှာ ပေါ်တူဂီ ရလဒ်ကောင်း ပိုင်ဆိုင်နိုင်မလား

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်များကို ကျင်းပလျက်ရှိရာ ယနေ့တွင် ပွဲစဉ် (၂) အဖြစ် နယ်သာလန်နှင့် လတ်ဗီးယား၊ ဆားဘီးယားနှင့် ပေါ်တူဂီ၊ ချက်နှင့် ဘယ်လ်ဂျီယံစသည့်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ နယ်သာလန်နှင့် လတ်ဗီးယားအသင်းတို့ပွဲစဉ်ကို မတ် ၂၇ ရက် ည ၁၁ နာရီခွဲတွင် နယ်သာလန် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ နယ်သာလန်အသင်းအနေဖြင့် ပွဲစဉ် (၁) တွင် တူရကီအသင်းကို မမျှော်လင့်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် အားစိုက်ကစားလာဖွယ်ရှိနေသည်။ လတ်ဗီးယားအသင်းအနေဖြင့်လည်း ပွဲစဉ် (၁) တွင် မွန်တီနီဂရိုးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားခြင်းကြောင့်

စာမျက်နှာ ၁၅ ကော်လံ ၁ ❂

